# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၂) ရက် ၊ သောကြာနေ့ ၊ (10-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၉၄)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၁၈ ကော်လံ ၁သို့**



ရတနာပုံ
၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချ

နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုကိုပျက်စီးအောင် နှောင့်ယှက်ဖျက်ဆီးမှုများတွင် အကြမ်းဖက်လုပ်ရပ်များလည်း ပါဝင်ပေသည်။ ထိုကဲ့သို့သော အဖျက်လုပ်ရပ်များကို မည်သည့်လူ့ဘောင်အဖွဲ့အစည်းကမျှ လက်ခံကြမည်မဟုတ်ပေ။ ထို့ကြောင့်လည်း အကြမ်းဖက်မှုလုပ်ရပ်ဟူသမျှကို ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပေသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ မျှော်လင့်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပါဝင်လာနိုင်ရေးအတွက် ဖိတ်ခေါ်ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ ငြိမ်းချမ်းရေးလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် ပါဝင်ဆွေးနွေးပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ပါဝင်လက်တွဲနေကြသည်။ သို့သော် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပါဝင်လက်တွဲခြင်းမရှိကြသည့်အပြင် နယ်စပ်ကုန်သွယ်ရေးပျက်စီးစေရန်နှင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်စေရန် ရည်ရွယ်ချက်ဖြင့် စစ်ရေးနှင့်မသက်ဆိုင်သော တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်ကြသည်ကို တွေ့ရသည်။

ထိုသို့ ပြုလုပ်ရာတွင် **KIA** အဖွဲ့၏ ရထားလမ်းများအား မိုင်းထောင်ဖောက်ခွဲမှုအနေဖြင့် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ မြစ်ကြီးနား-မန္တလေး မီးရထားလမ်းပေါ်မှ အရှည်ပေ ၁၂၀ ရှိ တံတားအမှတ် (၅၅၅)အား ၂၀၂၁ ခုနှစ် မေ ၁၇ ရက်တွင်လည်းကောင်း၊ ဟိုပင်မြို့ ကြာကြီးကွင်းကျေးရွာအုပ်စု ငါးမိုင်ကျေးရွာ၏မြောက်ဘက် မိုင် ၈၀၀ ခန့်အကွာ တံတားအရှည် ပေ ၃၂၀ ရှိ နန်းခွင်ချောင်းသံဘေလီရထားလမ်းကူးတံတားအား ၂၀၂၃ ခုနှစ် အောက်တိုဘာ ၆ ရက်တွင်လည်းကောင်း၊ ဟိုပင်မြို့ မြို့သစ်ကလေးကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၅၀၀ ခန့်အကွာ တံတားအရှည်ပေ ၈၀ ရှိ ရေပေါက်ကြီးရထားလမ်းကူးတံတားနှင့် တံတားအရှည်ပေ ၄၀ ရှိ နန်းသာယာရထားလမ်းကူးတံတားတို့ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင်လည်းကောင်း ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ လားရှိုး၊ မူဆယ်၊ နမ့်ဖက်ကာ စသည့် မြို့နယ်အချို့ကို အောက်တိုဘာ ၂၇ ရက်တွင် **MNDAA** နှင့် **TNLA** ပူးပေါင်းအဖွဲ့များက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူတချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည်။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံတော်တည်ငြိမ်ရေးကို ပျက်စီးအောင်ပြုလုပ်နေသော အကြမ်းဖက်လုပ်ရပ်များအပေါ် ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင်၊ လမ်း၊ တံတားနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်စီးအောင်၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝကို ပျက်စီးအောင်ပြုလုပ်သော အကြမ်းဖက်သမားများကို အမြစ်ပြတ်အောင် ချေမှုန်းတိုက်ထုတ်ကြရမည်ဖြစ်သည်။ မတရားသဖြင့် အကြမ်းဖက်ကြသူများကို တရားသဖြင့် တိုက်ထုတ်ချေမှုန်းသူများက အနိုင်ရရှိမည်သာ ဖြစ်ပေသည်။ ထို့ပြင် ပြည်သူတစ်ရပ်လုံးကလည်း အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ နိုဝင်ဘာ ၁ ရက်မှ ၈ ရက်ထိ ကုန်စည်တင်ပို့သည့်ရေယာဉ် ၂၃ စီးထိရှိခဲ့



**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ နိုဝင်ဘာ ၁ ရက်မှ ၈ ရက်ထိ ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၂၃ စီးထိရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ပြောင်းဆန်၊ဘိလပ်မြေ၊ ကျောက်မီးသွေး၊ ကျောက်စရစ် စသည့် ကုန်စည်များတင်ပို့သည့် ကုန်တင်ရေယာဉ် ၂၃ စီးထိ ရှိခဲ့ကြောင်း သိရသည်။

“အခုလတ်တလော မန္တလေးဆိပ်ကမ်းမှာ ကုန်စည်ရရှိမှုက ပြန်ဖြိုးများပြားလာတယ်။ အခုလတ်တလောကတော့ ဘိလပ်မြေ၊ ကျောက်စရစ် စတဲ့ကုန်စည်တွေက အများဆုံး ဖြစ်နေပါတယ်”ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ နိုဝင်ဘာ ၁ ရက်မှ ၈ ရက်ထိတင်ပို့နိုင်ခဲ့သည့်ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၁၅၇၇၅ ဒသမ ၅၈ တန်၊ ကျောက်မီးသွေးတန်ချိန် ၃၇၀၀၊ ပြောင်းဆန် ၂၂၂၂ ဒသမ ၂ တန်၊ ကျောက်စရစ်ကျင်းအရေအတွက်မှာ ကျင်း ၉၀၀ ထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းတွင် ယခုလက်ရှိ တင်ပို့ရမည့်ကုန်စည် များပြားလာခြင်းကြောင့် ရေယာဉ်များပေါ်တွင်ကုန်စည်များကိုသတ်မှတ်တန်ချိန်ထက်ပိုမိုတင်ဆောင်မှုများ မပြုလုပ်ကြရန်လိုအပ်ကြောင်း၊ ရေယာဉ်၏ အရွယ်အစားနှင့်မချိန်ဘဲ ကုန်များကိုတင်ဆောင်ကာ မြစ်အတွင်းသွားလာပါက ရေယာဉ်များ အန္တရာယ်ရှိနိုင်သောကြောင့်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း မန္တလေးဆိပ်ကမ်းမှသွားလာကြမည့် ရေယာဉ်များအနေဖြင့်လည်း အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့်ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးကားဈေးကွက်အတွင်း အရောင်းအဝယ် အနည်းငယ်သာ ဖြစ်နေပြီး လျှပ်စစ်သုံးကား (EV) များ စိတ်ဝင်စားမှုမြင့်တက်နေသော်လည်း အရောင်းအဝယ်အေးကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် နံပါတ်ထွက်ပြီးတစ်ပတ်ရစ်ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများနှင့် ပွိုင့်သရီးကားလေးများ၊ ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ငွေကျပ်သိန်း ၃၅၀ မှ သိန်း ၅၀၀ ကြား ဈေးတန်းများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ငွေကျပ် သိန်း ၁၀၀၀ အထက် အမြင့်ကားများနှင့် ငွေကျပ် သိန်း ၅၀၀ အောက်ကားများ ဈေးနှုန်း အနည်းငယ် မြင့်တက်လာသော်လည်း ဘယ်မောင်းကားများ ပို၍ အရောင်းအဝယ် ဖြစ်ကြောင်း၊ လက်ရှိတွင် ရောင်းချင်သူများပြီး ဝယ်သူနည်းနေကြောင်း သိရသည်။

ထို့ပြင် လျှပ်စစ်သုံးကား(EV) များ ယခုအခါ ငွေကျပ်သိန်း ၁၅၀၀ ခန့်ရှိနေကြောင်း၊ ပြည်တွင်း တပ်ဆင်ထုတ်လုပ်သော SKD ကားများတွင်လည်း ငွေကျပ် သိန်း ၁၀၀၀ ခန့်ထိ ရှိခဲ့ရာမှ ယခုအခါ ၂၀ ရာခိုင်နှုန်းခန့်ထိ ဈေးနှုန်းကျဆင်းလာကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ် အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ကောင်းလျက်ရှိပြီး အသစ်ဘီးများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးဆိုင်ကယ် (EV) ဘီးများလည်း နေရာတစ်ခုရလာပြီး ကုမ္ပဏီအမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းကွာခြားချက်ရှိကာ ငွေကျပ် ၁၅ သိန်းမှ သိန်း ၅၀ ခန့်ထိရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်းမှ ၁၃ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၉ သောင်းမှ ၁၅ သိန်းခန့်ထိ ရှိကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံထုတ်နောက်ဆုံးမော်ဒယ် Click (ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၄ သိန်း၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄သိန်းမှ ၁၇ သိန်းခန့်ဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်တွင် နိုဝင်ဘာလဒုတိယပတ်မှစ၍ ပဲပုပ်(ရှမ်း) အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးဈေးကွက်တွင် နိုဝင်ဘာလဒုတိယပတ်မှစ၍ ပဲပုပ်(ရှမ်း) အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်တွင် နိုဝင်ဘာလ ပထမပတ်အတွင်းက ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် ပြည်တွင်းမှထွက်ရှိသည့် ပဲပုပ်(ရှမ်း)များကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများ ရှိလာသည့်အပြင် ပြည်တွင်း၌လည်း ပဲပုပ်(ရှမ်း)များ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

“အခုလက်ရှိမှာ ပဲပုပ် (ရှမ်း) တွေကို ပြည်ပကကော၊ ပြည်တွင်းကပါ ဝယ်ယူမှုအားကောင်းလာတာကြောင့် မန္တလေးဈေးကွက်မှာ အရောင်းအဝယ် ကောင်းလာပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပဲပုပ်(ရှမ်း) ဈေးနှုန်းမှာ ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

“ပဲပုပ်(ရှမ်း) ကုန်စည်ကတော့ မန္တလေးဈေးကွက်အတွင်းကော၊ ပြည်တွင်းအခြားမြို့တွေကကော ပြည်ပကပါ အဝယ်တော်တော်လေး လိုက်လာတာကြောင့် အရောင်းအဝယ်ကောင်းနေပါတယ်။ နောက်ပိုင်းမှာလဲ ပဲပုပ် (ရှမ်း)တွေ ဒီထက်ပိုပြီး အရောင်းအဝယ်ကောင်းနိုင်ပါတယ်” ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြောက်ဦးမြို့နယ် တိန်ညို–သျှင်ကျော် ကျေးရွာချင်းဆက်လမ်း၌ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြောက်ဦး နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိန်ညို-သျှင်ကျော် ကျေးရွာချင်းဆက်လမ်း၌ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမောင်ဆွေ၊ ရခိုင်ပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းမင်းထွန်းနှင့် မြောက်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးစောထွန်းနိုင်နှင့် တာဝန်ရှိသူက သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့်အစီအစဉ်များ ရှင်းလင်းတင်ပြရာ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးက သတ်မှတ်စံချိန်စံညွှန်းနှင့် အညီအချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

တိန်ညို-သျှင်ကျော် ကျေးရွာချင်းဆက်လမ်း၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၂ ပေရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၀၀ ဖြင့် မြောက်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ယခုနှစ် ဇွန် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးစောထွန်းနိုင်ထံမှ သိရသည်။

**ကိုသန်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၄/၁ အေလမ်း၊ ၈၄ လမ်း–၈၅ လမ်းကြားနေ ဒေါ်မွေးမွေးဝင်းမိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်နှင့် ဆွမ်းကွမ်းအဖွဲ့ဝင်တို့က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၃၅၆၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၃၅၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၃၈၄၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြေပဲ ၉၇၇၆ ဧက၊ နှမ်း ၃၅၄၅ ဧက၊ နေကြာ ၂၄၈ ဧက စုစုပေါင်း ၁၃၅၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဆီထွက်သီးနှံ ၁၃၈၄၇ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၃၅၆၉ ဧက စိုက်ပျိုးပြီးစီးပါပြီ။ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံ တိုးတက်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်” ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးရန်လျာထားမှုအနေဖြင့် မြေပဲ ၈၅၁၅ ဧက၊ နှမ်းဧက ၅၂၀၀၊ နေကြာ ၁၃၂ ဧက စုစုပေါင်း ၁၃၈၄၇ ဧကဖြစ်ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၅၈၉၁ ဧက၊ နှမ်း ၁၈၄၁၉ ဧက၊ နေကြာ ၂၆၃၁ ဧက စုစုပေါင်း ၂၆၉၄၁ ဧကဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ဘားအံမြို့နယ် ဘုရားကြိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ကော့ကဒါကျေးရွာအုပ်စု ဘုရားကြိုင်ကျေးရွာ၌ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဘုရားကြိုင်ကျေးရွာ၌ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဇာဝင့်က ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘုရားကြိုင်ကျေးရွာ၌ အရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၇၄ ဒသမ ၂၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရတနာပြည့်လျှံကုမ္ပဏီက ယခုနှစ် မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ပြောပြ၍ သိရသည်။

**ဆက်လှ**

# လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလက ပုစွန်အစုံပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**လပွတ္တာ နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့အောက်တိုဘာလက ပုစွန်အစုံပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်စိုးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံများက ဒေသရေလုပ်ငန်း လုပ်ကိုင်သူများထံမှရရှိသည့် ပုစွန်များ ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ပုစွန်အစုံပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ပုစွန်အစုံပိဿာချိန် ၈၉၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

“လပွတ္တာမြို့နယ်ကနေ ရေထွက်ကုန်တွေကိုရန်ကုန်မြို့ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ အောက်တိုဘာလအတွင်းက ပုစွန်အစုံပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်မြို့ဘက်က ပုစွန်တွေ ဝယ်ယူမှုအားကောင်းနေပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်လုပ်ငန်းလုပ်ကိုင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်။ ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ ရောင်းချခဲ့ရပါတယ်”ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်စိုးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဈေးနှုန်းများမှာ ပုစွန်ဘော့ချိတ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၊ ပုစွန်တုပ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀၀ ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာပေသမိုင်းဝင် ဒုတိယအကြိမ်စာမူပြိုင်ပွဲ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် အသင်းဝင်များ၏ စာပေအရည်အသွေးကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်ရေးနှင့် အသင်းကြီး၏ စာပေအကျိုးပြုလုပ်ငန်းစဉ်တစ်ရပ်ကို မြန်မာနိုင်ငံစာပေသမိုင်းတွင် မှတ်တမ်းတင်၍ ကျန်ခဲ့စေရေးအတွက် **"စာမူပြိုင်ပွဲကျင်းပရန်"** နှင့် **"အထိမ်းအမှတ်မဂ္ဂဇင်း ထုတ်ဝေရန်"** ဟူသောလုပ်ငန်းစဉ်နှစ်ရပ်ကို မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံသက်တမ်း (၂၀၁၂-၂၀၁၆)ကတည်းက ချမှတ်ခဲ့သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံသက်တမ်းတွင် အဆိုပါလုပ်ငန်းစဉ်နှစ်ရပ်ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ ဒုတိယအကြိမ်ညီလာခံသက်တမ်းအတွင်းတွင် ဆက်လက်အကောင်အထည်ဖော်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်ရောဂါကြောင့် မလွဲရှောင်သာဘဲ လုပ်ငန်းစဉ်များကို ရပ်နားထားခဲ့ရသည်။

ထို့ကြောင့် ယခုတတိယအကြိမ်ညီလာခံသက်တမ်းတွင် အထက်ဖော်ပြပါလုပ်ငန်းစဉ်နှစ်ရပ်အနက် စာမူပြိုင်ပွဲကို ရှေးဦးစွာစတင်ဆောင်ရွက်မည်ဖြစ်ရာ စာရေးဆရာအသင်းဝင်တိုင်း ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုတို စာမူများကို မိမိတို့ကြိုက်နှစ်သက်သည့်အမျိုးအစားတစ်မျိုးမျိုးကိုဖြစ်စေ၊ ဘာသာရပ်သုံးမျိုးစလုံးဖြစ်စေ အောက်ဖော်ပြပါသတ်မှတ်ချက်အတိုင်းယှဉ်ပြိုင်နိုင်ကြစေရေးအတွက် ဖိတ်ခေါ်ထားသည်။

(၁) ကဗျာ - မြန်မာကဗျာ စပ်ထုံးစပ်နည်းနှင့် ညီညွတ်သောကဗျာဖြစ်ရမည်။ ကဗျာတစ်ပုဒ်လျှင် ပါဒ(၂၀၀) (သို့မဟုတ်) စာကြောင်းရေ (၁၀၀) အနည်းဆုံး ရေးဖွဲ့ရပါမည်။
- လေးလုံးစပ်ကဗျာတွင် စာလုံး လေးလုံးသည် တစ်ပါဒဖြစ်၍ အချိုးကဗျာများတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။

(၂) ဆောင်းပါး - $A_4$ (၁၀) မျက်နှာအများဆုံး ရေးသားနိုင်သည်။

(၃) ဝတ္ထုတို - ဆောင်းပါးနည်းတူ ဖြစ်ပါသည်။

ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုစာမူများ ရေးသားကြရာတွင် အဓိကဦးတည်ကြရမည့်အချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) မြန်မာ့ယဉ်ကျေးမှုထွန်းကားရေး၊ မြန်မာ့ရိုးရာဓလေ့ထုံးတမ်းများ မပျောက်ကွယ်စေရေးတို့အပြင် မြန်မာ့စိတ်ရင်းနှင့် မြန်မာ့လူမှုပတ်ဝန်းကျင်ကို ချစ်ခင်နှစ်သက်ဖွယ်၊ လေးစားဂုဏ်ယူဖွယ်ဖြစ်အောင် ရသ၊ သုတ ပြည့်စုံစွာ ရေးသားဖော်ပြကြရန်။

(၂) ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်သိက္ခာတင့်တယ်စေရေးအတွက် အပြုသဘောဆောင်ရွက်သင့်သည့် အကြောင်းခြင်းရာများကို ရေးသားဖော်ပြကြရန်။

(၃) "အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်"ဟူသော မြန်မာနိုင်ငံစာရေးဆရာအသင်း၏ဆောင်ပုဒ်ကို ထင်သာမြင်သာရှိသော အကြောင်းခြင်းရာများဖြင့် ရေးသားဖော်ပြကြရန်။

ဆုရရှိသောစာမူများအတွက် ဆုချီးမြှင့်မည့် ငွေပမာဏမှာ အခြားသောစာပေဆုများနည်းတူထိုက်တန်စွာပေးအပ်ချီးမြှင့်သွားမည့်အပြင် စာမူဆု၏ စာပေအရည်အသွေးမှာလည်း အခြားသောစာပေဆုများနည်းတူ ဂုဏ်ရည်မြင့်မားနေစေရန် ရည်မှန်းထားပါသည်။

ပါဝင်ယှဉ်ပြိုင်ကြမည့်သူများ လိုက်နာကြရမည့်အချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(၁) ယှဉ်ပြိုင်ကြမည့်စာမူများနှင့်ပတ်သက်၍ မိမိကိုယ်တိုင်ရေးသားကြောင်း၊ အခြားစာနယ်ဇင်းများတွင် လုံးဝ(လုံးဝ)ဖော်ပြခြင်းမခံရသေးကြောင်း ဝန်ခံချက်ပူးတွဲပါရှိရမည်။

(၂) မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များသာ ယှဉ်ပြိုင်ကြရမည်ဖြစ်ရာ ယှဉ်ပြိုင်ကြမည့် အသင်းဝင်များအနေဖြင့် အသင်းဝင်အမှတ်၊ နေရပ်လိပ်စာအပြည့်အစုံ ပါရှိရပါမည်။

(၃) ယှဉ်ပြိုင်ကြမည့်စာမူများကို ပြန်လည်ပေးအပ်မည်မဟုတ်၍ လက်ခံစာမူများ ထားကြရပါမည်။

(၄) ဘာသာရပ်တစ်ရပ်တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ဆုသုံးမျိုးစီပေးအပ် ချီးမြှင့်သွားမည်ဖြစ်ရာ ဆုရစာမူများထဲမှ သင့်လျော်သောစာမူများကို ဤအသင်းကြီးက ထုတ်ဝေမည့်မဂ္ဂဇင်း၌ ဖော်ပြသည်ကို သဘောတူခွင့်ပြုရမည်ဖြစ်ပြီး ယှဉ်ပြိုင်သူတိုင်း လိုင်စင်ဓာတ်ပုံ (၃)ပုံစီ ပူးတွဲပေးကြရပါမည်။

(၅) ယှဉ်ပြိုင်ကြမည့်စာမူများကို (၃၁-၁-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ ဤအသင်းကြီးသို့ အရောက်ပေးပို့ကြရပါမည်။ သတ်မှတ်ရက်ထက် နောက်ကျသောစာမူများကို လုံးဝ (လုံးဝ) စဉ်းစားမည်မဟုတ်ပါ။

> ❖ မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ပထမအကြိမ်စာမူပြိုင်ပွဲကျင်းပခဲ့ပြီး ၁၀ နှစ်ကျော်အကြာတွင် ဒုတိယအကြိမ်စာမူပြိုင်ပွဲကျင်းပရန် စီစဉ်လှုံ့ဆော်နေရခြင်းမှာ စာပေလောကသားများအကျိုးအတွက် သယ်ပိုးထမ်းရွက်လိုသော စာပေစေတနာ၊ စာပေမေတ္တာတို့ကြောင့်ဖြစ်ပါသည်။ ၁၉၄၀ ပြည့်နှစ်တွင် ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော "မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး"သည် ၁၉၆၂-၁၉၆၃ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော ဆရာဦးသိန်းဖေမြင့်လက်ထက်ထိ အသင်းကြီးပထမပိုင်းသက်တမ်း ၂၂ နှစ်အတွင်း ဥက္ကဋ္ဌ ၁၄ ဦး တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ❖

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ပထမအကြိမ်စာမူပြိုင်ပွဲကိုအောင်မြင်စွာကျင်းပခဲ့ပြီး အသင်းကြီးအတွက် အမှတ်တရအထိမ်းအမှတ်ဖြစ်စေသည့် မဂ္ဂဇင်းကိုလည်း အရည်အသွေးကောင်းမွန်စွာထုတ်ဝေခဲ့ရာ ယခုဒုတိယအကြိမ်စာမူပြိုင်ပွဲကိုလည်း အောင်မြင်စွာကျင်းပပြီး မဂ္ဂဇင်းကိုလည်း ထုတ်ဝေသွားမည်ဖြစ်သောကြောင့် အသင်းဝင်တိုင်း စိတ်ပါဝင်စားစွာယှဉ်ပြိုင်ကြစေရေးအတွက် မြို့နယ်အသီးသီးရှိ အသင်းဝင်တိုင်းကို အသိပေးလှုံ့ဆော် မေတ္တာရပ်ခံထားသည်။

**ပထမအကြိမ် စာမူပြိုင်ပွဲကျင်းပခဲ့ပုံ**

မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ခေတ်ကာလက **"စာပေလုပ်သားမဂ္ဂဇင်း"**ကို ထုတ်ဝေခဲ့သည့်အပြင် ဂျာနယ်တစ်စောင်ကိုလည်း ထုတ်ဝေခဲ့သည်။ စာပေနှင့် စာနယ်ဇင်းအဖွဲ့ခေတ်ကာလတွင် မဂ္ဂဇင်းနှင့် ဂျာနယ် လုံးဝမထုတ်ဝေနိုင်သော်လည်း စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းများနှင့် စာနယ်ဇင်းအတတ်ပညာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့သည်။ ထို့ပြင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကိုလည်း စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့်ပူးတွဲ၍စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့သည်။ သုတဘဏ်စာတမ်းဖတ်ပွဲများကိုလည်း ကျင်းပပေးခဲ့သည်။

ယခု **"မြန်မာနိုင်ငံစာရေးဆရာအသင်း"**လက်ထက်တွင် **"ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း"၊ "လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်း"**များကို ခေတ်စနစ်နှင့်အညီ အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းထားပြီး စာပေလောကသားများ၏အကျိုးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေဆဲဖြစ်သည်။ စာပေနှင့်စာနယ်ဇင်းအဖွဲ့လက်ထက်က လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်နေဆဲပင်ဖြစ်သည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကိုလည်း မြန်မာနိုင်ငံစာရေးဆရာအသင်းကပင် ဆက်လက်တာဝန်ယူဆောင်ရွက်ပေးနေရလေပြီ။ သို့သော် မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ထိုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နေရရုံမျှဖြင့် အားရတင်းတိမ်မှုမရှိကြသေးဘဲ စာပေသမိုင်းဝင်လုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်က အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုများကို ချီးမြှင့်နေသကဲ့သို့ ပခုက္ကူစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေစာပေဆုဟူသော ပုဂ္ဂလိကစာပေဆုများကို နှစ်စဉ်ချီးမြှင့်နေကြသည်။ ဌာနဆိုင်ရာများနှင့်အဖွဲ့အစည်းများကလည်း အထိမ်းအမှတ်ဂုဏ်ပြုစာပေပြိုင်ပွဲများကို အခါအားလျော်စွာ ကျင်းပနေခဲ့သည်။ ထိုစာပေဆုများသည် နိုင်ငံတော်အဆင့် စာပေဆုများဖြစ်ကြသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့်လည်း ပထမအကြိမ်စာပေညီလာခံသက်တမ်းအတွင်း စာပေသမိုင်းဝင်စာမူပြိုင်ပွဲကျင်းပပြီး စာပေဆုချီးမြှင့်ရန်နှင့် နှစ်ပတ်လည်အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးခဲ့သည်။

နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေရေးနှင့် စာမူပြိုင်ပွဲကျင်းပရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ထိုစဉ်က ဒုတိယဥက္ကဋ္ဌ(၂) ယခုလက်ရှိဥက္ကဋ္ဌ ဦးအုန်းမောင်(ဆရာမြင်းမူမောင်နိုင်မိုး)က လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် အသင်းအတွင်းရေးမှူး ကျွန်တော် ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က လည်းကောင်း၊ အမှုဆောင်အဖွဲ့ဝင် ၁၆ ဦးအပါအဝင် စုစုပေါင်း ၁၈ ဦးဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။

၂၀၁၃ ခုနှစ် ဇွန် ၁၄ ရက်တွင် မြို့နယ်အသင်းများသို့ အသင်းဝင်တိုင်းပါဝင်ယှဉ်ပြိုင်ကြစေရန် လှုံ့ဆော်အကြောင်းကြားခဲ့ပြီး သတင်းစာများကလည်း ကြေညာအသိပေးခဲ့သည်။ ထိုသို့ လှုံ့ဆော်ကြေညာခဲ့သည်များမှာ အထက်ဖော်ပြပါ စည်းကမ်းသတ်မှတ်ချက်များပင်ဖြစ်ကြသည်။

လှုံ့ဆော်ကြေညာပြီးနှစ်လခွဲအကြာ ပြိုင်ပွဲဝင်စာမူပိတ်ရက် ၂၀၁၃ ခုနှစ် ဩဂုတ် ၃၁ ရက်ထိ ကဗျာစာမူ ၁၂၃ ပုဒ်၊ ဆောင်းပါးစာမူ ၁၀၆ ပုဒ်၊ ဝတ္ထုတိုစာမူ ၁၁၅ ပုဒ် စာမူစုစုပေါင်း ၃၄၄ ပုဒ် ယှဉ်ပြိုင်ခဲ့ကြရာ အံ့ဩဝမ်းသာပီတိဖြာခဲ့ကြရသည်။ လက်လှမ်းမီသမျှသော စာပေပြိုင်ပွဲများထဲတွင် ယှဉ်ပြိုင်မှုစာမူအများဆုံးဖြစ်နေသောကြောင့်ပင်တည်း။

စာမူရွေးချယ်စိစစ်ရေးကော်မတီဝင်များအနေဖြင့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု အကဲဖြတ်စိစစ်ရွေးချယ်ရေးအဖွဲ့ငယ်သုံးဖွဲ့ခွဲကာ စာမူများကို (A)အဆင့်၊ (B)အဆင့်၊ (C)အဆင့် အဆင့်သုံးဆင့်ကို စတင်ရွေးချယ်ခဲ့ကြသည်။ ထိုအဆင့်သုံးဆင့်ကို အဖွဲ့ဝင်အချင်းချင်း အပြန်အလှန်၊ တစ်လှည့်စီထပ်မံဖတ်ရှုစေခဲ့ပြီး ပဏာမဆန်ခါတင်အဆင့်ကို ရွေးချယ်ခဲ့ကြသည်။ ပဏာမဆန်ခါတင်စာရင်းကိုပင် အကြိမ်ကြိမ်အလီလီအခါခါ အတန်တန်အပြန်အလှန် ထပ်မံဖတ်ရှုစိစစ်ပြီးပါမှ ပထမဆု၊ ဒုတိယဆု၊ တတိယဆုများကို မူလက သတ်မှတ်ထားသည့်အတိုင်း ရွေးချယ်ခဲ့ကြသည်။

သို့သော် အသင်းသား၊ အသင်းသူများက အားတက်သရော စိတ်ပါဝင်စားစွာယှဉ်ပြိုင်ခဲ့ကြသည်ကို ထောက်ထားစာနာသောအားဖြင့် ဆုအမျိုးအစားတစ်မျိုးစီတွင် အထူးဆုနှစ်ဆုစီကိုပါ တိုးချဲ့ရွေးချယ်ခဲ့ကြသည်။

ထို့ကြောင့် ကဗျာစာမူဆု ငါးဆု၊ ဆောင်းပါးစာမူဆု ငါးဆု၊ ဝတ္ထုတိုစာမူဆု ငါးဆု စုစုပေါင်းစာမူဆု ၁၅ ဆု ဖြစ်သွားသည်။

ကဗျာစာမူပြိုင်ပွဲတွင် **"ခေ်မျိုးဟန်(သေိုင်းရှောင်း)"** မူဆယ်မြို့က "အလင်္ကာနဒီ"စာမူဖြင့် ပထမဆု၊ **"ဒေါက်တာမင်းလှဲ့ရည်"** ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်က "သင်းပျံ့ထုံလွင်မြိုင်တောယဉ်"စာမူဖြင့် ဒုတိယဆု၊ **"အဖျောက်မြေ မောင်ဆွေမွန်"** ဇလွန်မြို့က "ပန်းတော်ဝင် ဂုဏ်တင့်စေဖို့"စာမူဖြင့် တတိယဆု၊ **"မောင်လွန်းမြိုင်(ပင်လည်ဘူး)"** ပင်လည်ဘူးမြို့က "ရွှေလက်ဖြင့်ကြိုဆိုပါမည်"စာမူဖြင့် အထူးဆု(၁)၊ **"မြေလတ်မင်းလွင်"**ဒေါပုံက "တို့အမွေ၊ တို့တည်ဆောက်၊ တို့လျှောက်မည့်လမ်း"စာမူဖြင့် အထူးဆု(၂) ရရှိခဲ့ကြသည်။

ဆောင်းပါးစာမူပြိုင်ပွဲတွင် **"ရွှေယင်ဝိုင်း(ကြို့ပင်ကောက်)"** ကြို့ပင်ကောက်မြို့က "တံတားအိုနှင့် ကွမ်းတစ်ရာ"စာမူဖြင့် ပထမဆု၊ **"နေမင်းသူရိန်"** တောင်ဥက္ကလာပက "မြန်မာဆိုတာ"စာမူဖြင့် ဒုတိယဆု၊ **"မောင်ချိုဝေ"**မှော်ဘီမြို့က "ရသဖြင့် ထိန်းချုပ်ခြင်း" စာမူဖြင့် တတိယဆု၊ **"ခိုင်(မိတ္ထီလာ)"** ပုဇွန်တောင်က "ပန်းတစ်ပွင့်၏အမှုအရာ"စာမူဖြင့် အထူးဆု (၁)၊ **"ပန်းမြိုင်လယ်စိန်ဝင်း"** ဟင်္သာတက "အလင်းစကားကြားသိဖို့၊ ပြတင်းတံခါးများ ဖွင့်ကြစို့"စာမူဖြင့် အထူးဆု(၂) ရရှိခဲ့ကြသည်။

ဝတ္ထုတိုစာမူပြိုင်ပွဲတွင် **"မောင်အင်း(ဥက္ကံ)"** တိုက်ကြီးက "ပွင့်မှန်သီဝင်း၊ ပေါင်းမြက်ရှင်း၊ ပင်ခြေနင်းသင့် နင်းရာ၏"စာမူဖြင့် ပထမဆု၊ **"ပန်းမြိုင်လယ်စိန်ဝင်း"** ဟင်္သာတက "အလှသစ္စာ ဘဝသစ္စာ" စာမူဖြင့် ဒုတိယဆု၊ **"ကောင်းကင်မေ(စီးပွားရေးတက္ကသိုလ်)"** သာကေတက "မွန်မြတ်သည့်နှလုံးသားများ"စာမူဖြင့် တတိယဆု၊ **"မောင်နိုမြင်း(ကျောက်တန်း)"** ကျောက်တန်းက "ကြေကွဲပြယ်လွင့်"စာမူဖြင့် အထူးဆု(၁)၊ **"သွယ်ထားညို(သက္ကလ)"**ပဲခူးမြို့က "ရိုးပြာမြေဝယ်မြေ့စေတော့"စာမူဖြင့် အထူးဆု(၂)ကို ရရှိခဲ့ကြသည်။

စာမူဆုရရှိကြသူအများစုမှာ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ စိမ်းလန်းရွှေပြည်စာပေဆု စသည်ဖြင့် နိုင်ငံတော်အဆင့် စာပေဆုရရှိဖူးကြသူများ ပါဝင်ကြသည်။ အတွေ့အကြုံရှိနေကြသူများ ဖြစ်ကြသောကြောင့် ရသသုတစွယ်စုံရနေကြကာ ပြိုင်ပွဲဝင်ကြရာတွင် သတ်မှတ်ထားသည့် ဦးတည်ချက်ဘောင်အတွင်း

**စာမျက်နှာ ၅ သို့ ➤**

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ခရီးသွားဧည့်သည် ၁၉၅၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့

**ပုသိမ် နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေကို ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ခရီးသွားဧည့်သည် ၁၉၅၅၅ ဦးထိ လာရောက် လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်းက ခရီးသွားဧည့်သည် ဦးရေ ၁၆၅၅၀ သာ လာရောက်လည်ပတ်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ တစ်လအတွင်း ခရီးသွားဧည့်သည် ၁၉၅၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက ရွှေသောင်ယံကမ်းခြေကို ခရီးသွားဧည့်သည်တွေ လာရောက်မှုများခဲ့တယ်။ တစ်လအတွင်း ခရီးသွားဧည့်သည် အယောက် ၂၀၀၀၀ လောက်ထိ လာရောက်ခဲ့တာတွေ့ရပါတယ်။ လာတဲ့ဧည့်သည်တွေက နေ့ချင်းပြန်လာတဲ့ဧည့်သည်တွေများတယ်။ သီတင်းကျွတ်လပြည့်နေ့နဲ့ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွေမှာ ဧည့်သည်တွေ လာရောက်မှုများတယ်။ သီတင်းကျွတ်ရုံးပိတ်ရက်ဖြစ်လို့ ပြီးခဲ့တဲ့အောက်တိုဘာလအတွင်းက ခရီးသွားလာရောက်မှုများတာပါ။ အခု ပွင့်လင်းရာသီရောက်လာပြီဖြစ်လို့ လာမဲ့လတွေမှာခရီးသွားတွေ ပိုများလာနိုင်ပါတယ်။ ပြည်တွင်းအပြင် ပြည်ပခရီးသွားတွေပါ ဝင်ရောက်လာမှာဖြစ်ပါတယ်"ဟု ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်တို့အပါအဝင် ဟိုတယ်နှင့် တည်းခိုရိပ်သာအလုံးရေ ၂၀ ကျော်ဖြင့် ကမ်းခြေသို့လာသည့် ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ထို့ပြင် ကမ်းခြေတွင် စက်ဘီးငှားလုပ်ငန်း၊ မော်တော်ဘုတ်ငှားလုပ်ငန်း၊ မြင်းငှားလုပ်ငန်းစသည့်လုပ်ငန်းများဖြင့် ခရီးသွားများကို ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



## ရင်ထဲကိန်းစေ ဓမ္မအမွေ

\- ဗုဒ္ဓမြတ်စွာ ဟောညွှန်ကြားပါလို့<br>
လမ်းစဉ်များ ဆုံးမသင်၊<br>
ဦးခိုက်ကာ ဖူးမြော်ကြလို့<br>
ဓမ္မပလ္လင်၊<br>
ရင်ထဲကိန်းလို့ တရားရေစင်<br>
သောက်သုံးစေချင် အစဉ်အေးချမ်း၊<br>
သီလလုံ သမာဓိနှင့်<br>
ထိန်းညှိသောလမ်း။

\- ကောင်းမှုအစုံ ကုသိုလ်ပန်းရယ်နှင့်<br>
ဓမ္မကျမ်း ဒေသနာတော်၊<br>
အခွင့်ကြုံ နာယူမှတ်လို့<br>
မြင့်မြတ်ဂုဏ်ဖော်၊<br>
မြတ်ဗုဒ္ဓ လမ်းစဉ်မော်<br>
ပူဇော်လို့ ဆုခြွေတောင်း၊<br>
အရိမေတ္တေယျရှင် နောင်ခါပွင့်လျှင်ဖြင့်<br>
ဖူးခွင့်ရကြောင်း။

\- မျိုးသာကီ အလှဂုဏ်ဆောင်းလို့<br>
ကုသိုလ်ပေါင်းနှင့် မြတ်သာသနာ၊<br>
မိဘကို စောင့်ရှောက်မှုနှင့်<br>
လုပ်ကျွေးပြုပါ၊<br>
လူဖြစ်ခိုက် လှူကြပါ<br>
ဒါနမှာ များများလုပ်၊<br>
ဝိပဿနာကို ရှုမှတ်ပွားလို့<br>
ကြိုးစားအားထုတ်။ ။

**ကလေးလေး(ဟသ်ာတ)**

➤ စာမျက်နှာ ၄ မှအဆက်

ဝင်အောင် ရေးသားနိုင်စွမ်းရှိကြသည်။ ဆောင်းပါးစာမူ ပထမဆုရ ဆောင်းပါးနှင့် ဝတ္ထုတိုစာမူ ပထမဆုရဝတ္ထုတိုမှာ ကျောင်းဆရာအိုကြီးများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ အကြင်နာဟူသော နာလေးနာကို ပီပြင်စွာခြယ်မှုန်းထားကြရာ ရသသုတပြောင်မြောက်လှပါပေသည်။

ဆုရွေးချယ်စိစစ်ရေးအဖွဲ့က လူကိုမရွေး စာကိုသာရွေးခဲ့ကြရာ ဆုရစာမူများသည် မှတ်ကျောက်အတင်ခံရဲသော စာမူများဖြစ်ကြသည်။ ထိုစာမူများကို ၂၀၁၄ ခုနှစ်ထုတ် အသင်းကြီး၏နှစ်ပတ်လည်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။

စာမူဆုများကို ပထမဆုတစ်ဆုလျှင် ငွေကျပ် ၃၀၀၀၀၀ စီ သုံးဆုအတွက် ငွေကျပ် ၉၀၀၀၀၀၊ ဒုတိယဆုတစ်ဆုလျှင် ငွေကျပ် ၂၀၀၀၀၀ စီ သုံးဆုအတွက် ငွေကျပ် ၆၀၀၀၀၀၊ တတိယဆုတစ်ဆုလျှင် ငွေကျပ် ၁၀၀၀၀၀ စီ သုံးဆုအတွက် ငွေကျပ် ၃၀၀၀၀၀၊ အထူးဆုတစ်ဆုလျှင် ငွေကျပ် ၅၀၀၀၀ စီ ခြောက်ဆုအတွက် ငွေကျပ် ၃၀၀၀၀၀ ဆုပေါင်း ၁၅ ဆုအတွက် ငွေကျပ် ၂၁၀၀၀၀၀ တိတိ အကုန်အကျခံကာ ချီးမြှင့်ခဲ့ပါသည်။

ဆုချီးမြှင့်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း(ရုံးသစ်) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော်တာဝန်ရှိသူများအပါအဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိတ်ဖက်ညီနောင်အသင်းအဖွဲ့များ၊ စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ်အသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ စာရေးဆရာ၊ ဆရာမများ၊ စာပေဝါသနာရှင်များ စုံညီစွာတက်ရောက်အားပေးချီးမြှင့်ခဲ့ကြသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ငွေကုန်လူပန်းရကျိုးနပ်ခဲ့သည့် စာပေသမိုင်းဝင်ပွဲပင်ဖြစ်သည်။

**ဒုတိယအကြိမ် စာမူပြိုင်ပွဲအခြေအနေ**

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ပထမအကြိမ်စာမူပြိုင်ပွဲကျင်းပခဲ့ပြီး ၁၀ နှစ်ကျော်အကြာတွင် ဒုတိယအကြိမ်စာမူပြိုင်ပွဲကျင်းပရန် စီစဉ်လှုံ့ဆော်နေရခြင်းမှာ စာပေလောကသားများအကျိုးအတွက် သယ်ပိုးထမ်းရွက်လိုသော စာပေစေတနာ၊ စာပေမေတ္တာတို့ကြောင့်ဖြစ်ပါသည်။

၁၉၄၀ ပြည့်နှစ်တွင် ဒီးဒုတ်ဦးဘချိုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော **"မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး"**သည် ၁၉၆၂-၁၉၆၃ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော ဆရာဦးသိန်းဖေမြင့်လက်ထက်ထိ အသင်းကြီးပထမပိုင်းသက်တမ်း ၂၂ နှစ်အတွင်း ဥက္ကဋ္ဌ ၁၄ ဦး တာဝန်ထမ်းဆောင်ခဲ့ကြသည်။

အဆိုပါအသင်းကြီး(ပထမပိုင်း) ဥက္ကဋ္ဌ ၁၄ ဦး၏ ၂၂ နှစ်သက်တမ်းကာလအတွင်း ၁၉၄၅-၁၉၄၆ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော **"ဂျာနယ်ကျော်ဦးချစ်မောင်"**က ၁၃၀၇ ခုနှစ် နတ်တော်လ (၁၉၄၅ ခုနှစ် ဒီဇင်ဘာလ)စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် **"စာရေးဆရာ- စာဆိုတော် အထူးစာစောင်"**ကို ထုတ်ဝေခဲ့သည်။ ထိုစာအုပ်ထဲတွင် စာရေးဆရာ ၄၆ ဦးက ရေးသားထားခဲ့ကြပြီး စာမျက်နှာ ၄၈ မျက်နှာသာပါသော ဝတ္ထုစာအုပ်အရွယ်ကလေးဖြစ်သည်။

စာရေးဆရာ ၄၆ ဦးထဲမှ တချို့ကိုဖော်ပြရပါမူ ဒဂုန်နတ်သျှင်၊ ဒဂုန်ရွှေမျှား၊ ဒဂုန်တာရာ၊ မေမြို့မောင်၊ ရဲထွတ်၊ သုခ၊ ဇဝန၊ မဟာဆွေ၊ ငွေဥဒေါင်း၊ သခ်ီ၊ ဆရာခန့်၊ သာဂရဝိုး၊ ပဲရော့ဦးဆန်နီ၊ ရွှေပိန်သောင်း၊ ငွေတာရီ၊ ငွေသဇင်၊ ပြည့်စုံ၊ ရန်အောင်၊ မာယ၊ မြဒေါင်းညို၊ ပြည်သန်းနွယ်၊ မြို့မအုန်း၊ ရွှေစန်းယုန်၊ မျိုးမြင့်အောင်၊ ဘသောင်း၊ ကျိုက်လတ်ဆရာချစ်၊ ကြူနွာနွယ်တို့ ပါဝင်ခဲ့ကြသည်။

ထိုစာအုပ်အကြောင်းကို ၁၉၈၁ ခုနှစ် မေလထုတ် **"စာပေလုပ်သားမဂ္ဂဇင်း အမှတ်(၁)"**တွင် **"ဆရာ မင်းယုဝေ"**က **"ထူးခြားသောစာအုပ်တစ်အုပ်"**ဟု ဂုဏ်ပြုရေးသားခဲ့သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏(ဒုတိယပိုင်း) ဥက္ကဋ္ဌ ဆရာကြီးမင်းသုဝဏ် ဆောင်ရွက်ခဲ့သော ၁၉၆၆ ခုနှစ်မှ ယခုလက်ရှိ ဥက္ကဋ္ဌဆရာမြင်းမူမောင်နိုင်မိုး ဆောင်ရွက်နေသော ၂၀၂၃ ခုနှစ်ထိ သက်တမ်း ၅၇ နှစ် ရှိခဲ့လေပြီ။

ထို ၅၇ နှစ်အတွင်းတွင် စာပေလုပ်သားခေတ်က **"စာပေလုပ်သားမဂ္ဂဇင်း"**ထုတ်ဝေခဲ့သည့်နည်းတူ ယခုစာရေးဆရာအသင်းလက်ထက်တွင် အသင်းအထိမ်းအမှတ်မဂ္ဂဇင်းများကို စာပေသမိုင်းဝင်စေရေးအတွက် အခါအားလျော်စွာထုတ်ဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

၁၉၄၅ ခုနှစ်က **"ဥက္ကဋ္ဌ ဂျာနယ်ကျော်ဦးချစ်မောင်"**ထုတ်ဝေခဲ့သော စာဆိုတော်နေ့အထိမ်းအမှတ် **"စာရေးဆရာ-စာဆိုတော် အထူးစာစောင်"**ကဲ့သို့ စာပေသမိုင်းတွင် တင်၍ကျန်နေစေရန်ရည်ရွယ်ကာ လှုပ်ရှားနေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏သက်တမ်းမှာ ပထမပိုင်း ၂၂ နှစ်၊ ဒုတိယပိုင်း ၅၇ နှစ် စုစုပေါင်း ၇၉ နှစ်ခရီးကို ကျော်လွှန်လာခဲ့သည်ထိ ရှင်သန်ရပ်တည်ရှည်ကြာလာခဲ့သည်မှာ စာပေမျိုးဆက်သစ်များအတွက် စာပေလက်ဆင့်ကမ်းအမွေများကို စဉ်ဆက်မပြတ် ပေးအပ်ခဲ့ကြသောကြောင့်ဖြစ်သည်။

ထိုနည်းတူ ယနေ့ မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးအနေဖြင့်လည်း စာမူပြိုင်ပွဲများကျင်းပပေးပြီး အထိမ်းအမှတ်မဂ္ဂဇင်းများ ထုတ်ဝေပေးနေခြင်းမှာ စာပေမျိုးဆက်သစ်များကို သမိုင်းဝင်စာပေအမွေများပေးအပ်နေခြင်းသာဖြစ်သည်ဟု ခံယူထားပါသည်။

# နိုင်ငံတကာ သတင်းများ

## တရုတ်ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌကို ရုရှားသမ္မတပူတင် မော်စကိုမြို့၌တွေ့ဆုံ



**မော်စကို နိုဝင်ဘာ ၉**

ရုရှားသမ္မတပူတင်သည် မော်စကိုမြို့သို့ရောက်ရှိနေသော တရုတ်ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌဗိုလ်ချုပ်ကြီးကျန်းယိုရှားကို နိုဝင်ဘာ ၈ ရက်တွင် လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

ဗိုလ်ချုပ်ကြီး ကျန်းယိုရှားနှင့် တွေ့ဆုံစဉ် တရုတ်နှင့်ရုရှားစစ်ဘက်တို့ကြား အဆင့်မြင့်နည်းပညာနယ်ပယ်ပူးပေါင်းဆောင်ရွက်မှုများကို သမ္မတပူတင်က အားပေးစကားပြောကြားခဲ့ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်းယိုရှားသည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အဓိကမဟာမိတ်တစ်ဦး ဖြစ်ကြောင်း သိရသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ယူကရိန်းစစ်ရေးပဋိပက္ခမစတင်မီ လအနည်းငယ်အလိုကပင် အကန့်အသတ်မဲ့ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ကြေညာထားသောနိုင်ငံများဖြစ်ကြသည်။

ရုရှားနှင့်တရုတ် နှစ်နိုင်ငံဆက်ဆံရေးပုံစံသည် ကမ္ဘာကြီးတည်ငြိမ်ရေးအတွက် တွန်းအားတစ်ခုဖြစ်ကြောင်း တရုတ်ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ်သမ္မတပူတင်က သုံးသပ်ခဲ့သည်။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံကို အကြီးမားဆုံးယှဉ်ပြိုင်ဘက်အဖြစ်သတ်မှတ်ထားပြီး ရုရှားနိုင်ငံကို အကြီးမားဆုံး အမျိုးသားနိုင်ငံအန္တရာယ်အဖြစ် ရှုမြင်ထားကြောင်း သိရသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့ကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုသည် မဟာဗျူဟာမြောက် လုံခြုံရေးကို အာမခံချက်ပေးနိုင်မည့် အဆင့်မြင့်နည်းပညာနယ်ပယ်ကို အဓိကထားသည်ဟု သမ္မတပူတင်ကပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဘဏ်မှ ဒေါ်လာခြောက်သန်းကျော်ခိုးယူခံရမှုကြောင့် ဘဏ်ဝန်ထမ်း ရှစ်ဦးကို ကော်စတာရီကာထိန်းသိမ်း

**ဆန်ဂျို့ဇ် နိုဝင်ဘာ ၉**

အမေရိကန်ဒေါ်လာခြောက်သန်းကျော်ခိုးယူခံရမှုနှင့် ဆက်စပ်နေသည့် ကော်စတာရီကာအမျိုးသားဘဏ်မှ ဘဏ်ဝန်ထမ်းရှစ်ဦးကို ကော်စတာရီကာ အာဏာပိုင်များက ယနေ့တွင် ထိန်းသိမ်းထားသည်။

အမေရိကန်ဒေါ်လာခြောက်သန်းကျော်ခိုးယူခံရမှုနှင့် ပတ်သက်၍ ထိန်းသိမ်းထားသူ ရှစ်ဦးထဲတွင် ဘဏ်၏ဥပဒေရေးရာဌာန ညွှန်ကြားရေးမှူးလည်းပါဝင်သည်။

လက်ရှိအချိန်တွင် ကော်စတာရီကာအစိုးရသည် ၎င်းဘဏ်ဝန်ထမ်းရှစ်ဦးက ငွေကြေးခိုးယူရန် ကြံစည်အားထုတ်မှု၊ တာဝန်ဝတ္တရားချိုးဖောက်မှု၊ ကိုယ်ကျိုးရှာအလွဲသုံးစားလုပ်မှု၊ငွေကြေးခဝါချမှု စွဲချက်များဖြင့် ထိန်းသိမ်းထားကြောင်း သိရသည်။

ကော်စတာရီကာ အမျိုးသားဘဏ်၌ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ သန်းပျောက်ဆုံးနေမှုကို ယခုနှစ် ဧပြီလအတွင်း စာရင်းစစ်ဝင်ရောက်စဉ် စစ်ဆေးတွေ့ရှိခဲ့ရခြင်းဖြစ်သည်။

အဆိုပါ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂သန်း ခိုးထုတ်ခံရမှုသည် ကော်စတာရီကာ၏ အကြီးဆုံးဘဏ်ဖြစ်သော ကော်စတာရီကာအမျိုးသားဘဏ်၏ နှစ်၁၀၀ ကျော်သမိုင်းတစ်လျှောက် အကြီးမားဆုံးရာဇဝတ်မှုဖြစ်ခဲ့ရသည်။

အဆိုပါ အမေရိကန်ဒေါ်လာခြောက်သန်းကျော်ခိုးထုတ်ခံရမှုကို ကော်စတာရီကာ အာဏာပိုင်များက ပြီးခဲ့သည့်လတွင် စတင်စုံစမ်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ယခုနှစ် ထိုင်းနိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၂ ဒသမ ၇ ရာခိုင်နှုန်းရှိနိုင်ကြောင်း အိုင်အမ်အက်ဖ် ခန့်မှန်း

**ဗန်ကောက် နိုဝင်ဘာ ၉**

ထိုင်းနိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၂ ဒသမ ၇ ရာခိုင်နှုန်းထိရှိနိုင်ပြီး ၂၀၂၄ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ၃ ဒသမ ၆ ရာခိုင်နှုန်းထိ ရှိလာနိုင်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က နိုဝင်ဘာ ၈ ရက်တွင် ခန့်မှန်းထားသည်။

နိုင်ငံတကာစီးပွားရေးပတ်ဝန်းကျင်အခြေအနေများ မရေမရာဖြစ်မှုမြင့်မားနေချိန်တွင် ထိုင်းနိုင်ငံ၏ ရှိလာနိုင်ဖွယ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းများကို အိုင်အမ်အက်ဖ်က ပြင်ဆင် သတ်မှတ်ထားခြင်းဖြစ်သည်။

ယခုနှစ် အောက်တိုဘာလလယ်တွင်ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ၌ ထိုင်းနိုင်ငံ၏ ၂၀၂၄ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၃ ဒသမ ၂ ရာခိုင်နှုန်းအဖြစ်အိုင်အမ်အက်ဖ်က ခန့်မှန်းခဲ့ဖူးသည်။

သို့သော် နိုဝင်ဘာ ၈ ရက်တွင်ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ထိုင်းနိုင်ငံ၏ ၂၀၂၄ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၃ဒသမ၆ ရာခိုင်နှုန်းထိ အိုင်အမ်အက်ဖ်က ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ လက်ရှိကြားနေဘဏ္ဍာရေးမူဝါဒမှာ အခြေအနေနှင့်ကိုက်ညီမှုရှိကြောင်း အိုင်အမ်အက်ဖ်၏အစီရင်ခံစာ၌ သုံးသပ်ထားသည်။

သို့သော် ငွေတန်ဖိုးဖောင်းပွမည့်ပြဿနာ ရှိလာနိုင်ခဲ့ပါက ထိုင်းဗဟိုဘဏ်အနေဖြင့်ဘဏ္ဍာရေးရပ်တည်ချက်ကို ပိုမိုတင်းကျပ်ရန်လိုသည်ဟု အိုင်အမ်အက်ဖ်က အကြံပြုထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက် ကြိုးစားပေးရန် ကုန်တင်ရထားကုမ္ပဏီများကို မက္ကဆီကိုသမ္မတ တိုက်တွန်းပြောကြား

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၉**



ကုန်တင်ရထား ကုမ္ပဏီများအနေဖြင့် ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက်လည်း ၎င်းတို့၏ ရထားလမ်းပိုင်းများကိုအသုံးပြုရန် မက္ကဆီကိုသမ္မတ လိုပက်ဇ်အော်ဘရေဒေါက တိုက်တွန်းပြောကြားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၈ ရက် သတင်းများ၌ ရေးသားတင်ပြထားသည်။

ကုန်တင်ရထား ကုမ္ပဏီများအနေဖြင့် ခရီးသည်ပို့ဆောင်ရေးအတွက် ၎င်းတို့၏ရထားလမ်းများအားအသုံးပြုရန် တောင်းဆိုထားသော အမိန့်ဒီကရီတစ်ရပ်ကို နိုဝင်ဘာ ၂၀ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သမ္မတအော်ဘရေဒေါက နိုဝင်ဘာ ၈ ရက်တွင် ပြောကြားထားသည်။

မက္ကဆီကိုသမ္မတ အော်ဘရေဒေါသည် ခရီးသည်ရထားပြေးဆွဲမှုဖွံ့ဖြိုးအားကောင်းရေးကို အဓိက သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးမူဝါဒအဖြစ် သတ်မှတ်ထားသူဖြစ်သည်။

မိမိထုတ်ပြန်မည့် အမိန့်ဒီကရီအရ ကုန်တင်ရထားကုမ္ပဏီများအတွက် ခရီးသည်တင်ရထားများပြေးဆွဲရေးအတွက် ဖြစ်နိုင်ခြေပေါ်ထွက်လာမည် ဖြစ်ကြောင်း သမ္မတအော်ဘရေဒေါကပြောကြားထားသည်။

အကယ်၍ ကုန်တင်ရထားကုမ္ပဏီများအနေဖြင့် ခရီးသည်သယ်ယူ ပို့ဆောင်ရေးအတွက် ဝန်ဆောင်မှုမပေးရန် ဆုံးဖြတ်ခဲ့ပါက အစိုးရက အစားထိုးဝင်ရောက်လုပ်ဆောင်မည်ဖြစ်ကြောင်းသမ္မတအော်ဘရေဒေါက ပြောကြားခဲ့သည်။

မက္ကဆီကိုအနေဖြင့် ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက် ရထားလမ်းအရှည်၁၂၄၀၀မိုင်ကိုဖွင့်ပေးနိုင်ကြောင်း သမ္မတအော်ဘရေဒေါ၏ အဆိုအရသိရသည်။

**Ref : Xinhua**
**Trs : KKO**

## အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်းကို ယီမင်အခြေစိုက် ဟူသီအုပ်စုပစ်ချ

**ဝါရှင်တန် နိုဝင်ဘာ ၉**

အမေရိကန်စစ်ဘက်၏အမ်ကျူ-၉ အမျိုးအစား မောင်းသူမဲ့လေယာဉ်တစ်စင်းကို ယီမင်နိုင်ငံအခြေစိုက် ဟူသီသူပုန်များက ပစ်ချခဲ့ကြောင်း အမေရိကန် တာဝန်ရှိသူများက နိုဝင်ဘာ ၈ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဟူသီသူပုန်အုပ်စုသည် အဆိုပါ အမေရိကန် မောင်းသူမဲ့လေယာဉ်ကို နိုဝင်ဘာ ၈ ရက်မှာပင် ပစ်ချခဲ့ခြင်းဖြစ်သည်။

အမ်ကျူ-၉ မောင်းသူမဲ့လေယာဉ်ကို ဟူသီသူပုန်များက ယီမင်ကမ်းရိုးတန်းကမ်းလွန်၌ပစ်ချခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သို့သော် အဆိုပါမောင်းသူမဲ့လေယာဉ်မှာ နိုင်ငံတကာလေပိုင်နက်အတွင်းရှိနေစဉ် ပစ်ချခံခဲ့ရခြင်းဟုတ်၊ မဟုတ်ကို အမေရိကန်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အီရန်နိုင်ငံ ကျောထောက်နောက်ခံပြု ဟူသီရီးယိုက်စ်သူပုန်များသည်ရှေးယခင်ကလည်း အမေရိကန်မောင်းသူမဲ့လေယာဉ်များကို ပစ်ချခဲ့ဖူးသည်။

သို့သော် ယခုတစ်ကြိမ်ပစ်ချမှုသည် အစ္စရေး-ဟားမတ်စ်စစ်ပွဲကြောင့် ဒေသတွင်းအခြေအနေများ တင်းမာနေချိန်နှင့်တိုက်ဆိုင်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၃ စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီ အောင်မြင်စွာ လွှတ်တင်ခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၃ စင်းကို နိုဝင်ဘာ ၈ ရက်က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုသစ်များ သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ ရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ပူးအဆင့်ဒုံးယာဉ်ကမူ သယ်ဆောင်သွားသည့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ နိုဝင်ဘာ ၈ ရက် စတားလင့်ခ်မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏ အခုရေ ၈၀ မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီက ယခုနှစ်အတွင်းလွှတ်တင်ထားသော အထက်ပါမစ်ရှင်များအနက် အများစုမှာ စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု လွှတ်တင်ရေးမစ်ရှင်များ ဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အဒိတျာ-အယ်လ် ၁ နေလေ့လာရေးအာကာသယာဉ်က စွမ်းအင်မြင့်နေမျက်နှာပြင်ပေါက်ကွဲမှုတစ်ရပ်ကို ပထမဆုံးအကြိမ် ဓာတ်ပုံရိုက်ကူးခဲ့

**နယူးဒေလီ နိုဝင်ဘာ ၉**

အိန္ဒိယအာကာသအေဂျင်စီ၏ အဒိတျာ-အယ်လ် ၁ နေလေ့လာရေးအာကာသယာဉ်သည် စွမ်းအင်မြင့် နေမျက်နှာပြင် ပေါက်ကွဲမှုတစ်ရပ်ကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း နိုဝင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါနေမျက်နှာပြင် စွမ်းအင်ပေါက်ကွဲမှုကို အဒိတျာ-အယ်လ် ၁ နေလေ့လာရေး အာကာသယာဉ်တွင် တပ်ဆင်ထားသည့် HEL 1 OS အမည်ရှိ ကင်မရာစနစ်က ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ခဲ့ပြီး နှစ်လအကြာတွင် အဒိတျာ-အယ်လ် ၁ နေလေ့လာရေးအာကာသယာဉ်သည် နေမျက်နှာပြင် စွမ်းအင်ပေါက်ကွဲမှုကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဒိတျာ-အယ်လ် ၁ နေလေ့လာရေးအာကာသယာဉ်သည် အိန္ဒိယနိုင်ငံ၏ ပထမဆုံး နေလေ့လာရေးအာကာသယာဉ်ဖြစ်ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသယာဉ် ဓာတ်ပုံရိုက်ကူးခဲ့သည့် နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုမှာ အောက်တိုဘာ ၂၉ ရက်တွင်ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



အဒိတျာ-အယ်လ် ၁ နေလေ့လာရေးအာကာသယာဉ်သည် လက်ရှိအချိန်တွင် ကမ္ဘာမြေနှင့် မိုင် တစ်သန်းခန့်အကွာ ပတ်လမ်းပေါ်၌ နေရာယူ၍ နေမျက်နှာပြင်လှုပ်ရှားမှုများကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နာဆာ၏ တက်ခ်ဂြိုဟ်တုက နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ် ရှစ်စင်းကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ တက်ခ်ဂြိုဟ်တုသည် နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ် ရှစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ ၈ ရက် သတင်းများအရ သိရသည်။



အဆိုပါ ဂြိုဟ်သစ်များသည် နက်ပ်ကျွန်းဂြိုဟ်နှင့် နှိုင်းယှဉ်ပါက အရွယ်အစား ပိုသေးသော်လည်း ကမ္ဘာမြေထက် အရွယ်အစားပိုကြီးသည့် Super Earth ခေါ် ဂြိုဟ်ကြီးများဖြစ်ကြကြောင်း ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးလ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အဆိုပါဂြိုဟ်များသည် မိခင်ကြယ်များနှင့် အလွန်နီးကပ်မှုကြောင့် သက်ရှိများရှင်သန်ရန် အခွင့်မသာသည့် ဂြိုဟ်များဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

နာဆာ၏တက်ခ်ဂြိုဟ်တုသည် လက်ရှိအချိန်ထိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ် ၄၀၀ ခန့်ကိုရှာဖွေပေးထားပြီးဖြစ်သည်။

နာဆာအဖွဲ့သည် အဆိုပါဂြိုဟ်တုကို ၂၀၁၈ ခုနှစ် ဧပြီ ၁၈ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တက်ခ်ဂြိုဟ်တုသည် နေအဖွဲ့အစည်းအနီးရှိ ကြယ်ပေါင်း ၂၀၀၀၀၀ ကျော်ကို လေ့လာစူးစမ်း၍ ဂြိုဟ်သစ်များ ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## စိတ်ကျန်းမာရေးပြဿနာများကြောင့် နှလုံးနှင့် ဦးနှောက် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိနိုင်

**နယူးယောက် နိုဝင်ဘာ ၉**

စိတ်ကျဝေဒနာ၊ စိုးရိမ်သောကဝင်ရောက်မှုနှင့် စိတ်ဖိစီးမှုစသည့် စိတ်ကျန်းမာရေး ပြဿနာများကြောင့် နှလုံးနှင့်ဦးနှောက်ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း နိုဝင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် စိတ်ကျန်းမာရေး အခြေအနေ၏ နှလုံးကျန်းမာရေးနှင့် ဦးနှောက်ကျန်းမာရေး အပေါ် အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ စိတ်ကျန်းမာရေးပြဿနာများကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေလည်း မြင့်တက်လာတတ်သည်ကို သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စိတ်ကျန်းမာရေးပြဿနာရှိနေသူများတွင် နှလုံးသွေးကြောနံရံများ၌အဆီများစုစည်းမှု (Athero-sclerosis) ဖြစ်နိုင်ခြေ ပုံမှန်ထက် ၂၂ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

ထို့ပြင် စိတ်ကျန်းမာရေးပြဿနာရှိနေသူများတွင် နှလုံးရှုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ ၃၅ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ နှလုံးနှင့် ဦးနှောက်ကျန်းမာရေးများကို ထိန်းထားနိုင်ရေးအတွက် စိတ်ကျန်းမာရေးပြဿနာများကို ဦးစွာဖြေရှင်းသင့်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

## သွေးစစ်ဆေးမှုများက အူမကြီးရောင်ရမ်းမှုရောဂါ၏ ရှေ့ပြေးလက္ခဏာများကို ရှာဖွေပေးနိုင်

**လန်ဒန် နိုဝင်ဘာ ၉**

သွေးစစ်ဆေးမှုများသည် အူမကြီး ရောင်ရမ်းမှုရောဂါ၏ ရှေ့ပြေးလက္ခဏာများကို ရှာဖွေပေးနိုင်ကြောင်း နိုဝင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နှင့် ဒိန်းမတ်သုတေသနပညာရှင်များသည် အူမကြီးရောင်ရမ်းနာရောဂါ (IBD) လူနာပေါင်း ၂၀၀၀၀ တို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သွေးစစ်နည်းများသည် Crohn's Disease နှင့် Ulcerative Colitis ကဲ့သို့ အူမကြီးရောင်ရမ်းနာရောဂါ၏ ရှေ့ပြေးလက္ခဏာများကို မျှော်လင့်ထားသည်ထက်ပိုစော၍ ရှာဖွေပေးနိုင်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ Crohn's Disease ရောဂါမပေါ်မီ ရှစ်နှစ်အလိုနှင့် Ulcerative Colitis ရောဂါမပေါ်မီ သုံးနှစ်အလိုတွင်ပြုလုပ်ခဲ့သည့် IBD လူနာများ၏ သွေးစစ်ချက်များထဲတွင် တွင်းထွက်ဓာတ်များ၊ သွေးဆဲလ်များနှင့် ရောင်ရမ်းမှုဇီဝလက္ခဏာများ ပါဝင်မှုအဆင့် ပြောင်းလဲမှုများ ရှိနေတတ်ကြောင်း သိရသည်။

IBD ရောဂါရှေ့ပြေးလက္ခဏာများကို ကြိုတင်ဖော်ထုတ်နိုင်ခဲ့ပါက ရောဂါအရှိန် ပြင်းထန်မလာစေရေးအတွက် ဆေးပညာအရ ကြိုတင် ကာကွယ်နိုင်မည်ဖြစ်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

IDB ရောဂါမပေါ်မီ ရောဂါ၏ ရှေ့ပြေးလက္ခဏာများအဖြစ် အစာခြေလမ်းကြောင်း စနစ်အတွင်း အပြောင်းအလဲများ ရှိလာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**

**Trs : KKO**



နိုင်ငံတကာ

## အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်များ

ML

**ဝုဝ် Vs စပါး**

**ကစားမည့်ရက်/အချိန် ၁၁-၁၁-၂၀၂၃ (ည ၀၇:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝုဝ် ၁ - ၀ စပါး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| ဝုဝ် - | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(ရှုံး) |
| စပါး - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(ရှုံး) |

ဝုဝ်အသင်းဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ မန်စီးတီး၊ အေဗီလာ၊ နယူးကာဆယ်တို့ကိုရှုံးနိမ့်ခဲ့ခြင်းမရှိဘဲ ရမှတ်ရှာဖွေနိုင်ခဲ့တာပါ။ စပါးအသင်းကတော့ အသင်းလိုက်ကစားအားကောင်းပေမဲ့ အဓိကကစားသမားတွေ ဒဏ်ရာရပွဲပယ်ဖြစ်နေတာကြောင့် အခုပွဲစဉ်မှာ ဝုဝ်ကိုကျော်ဖြတ်ဖို့လွယ်မယ်မထင်ပါဘူး။ ဒါကြောင့် အိမ်ကွင်းရလဒ်ကောင်းနေတဲ့ ဝုဝ်နဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - ဝုဝ် ၂ - ၁ စပါး**

**မန်ယူ Vs လူတန်**

**ကစားမည့်ရက်/အချိန် ၁၁-၁၁-၂၀၂၃ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လူတန် ၀ - ၃ မန်ယူ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| မန်ယူ - | အိမ်(ရှုံး) | ဝေး(နိုင်) | ဝေး(ရှုံး) |
| လူတန် - | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(သရေ) |

မန်ယူအသင်းဟာ ချန်ပီယံလိဂ်မှာ ရှုံးပွဲကြုံခဲ့ပြီး ရလဒ်ဆိုးရွားနေတာကြောင့် အခုပွဲစဉ်ကိုမဖြစ်မနေအနိုင်ရမှဖြစ်မှာပါ။ လူတန်ကတော့ နောက်ဆုံးပွဲမှာ လီဗာပူးကို သရေကစားနိုင်ခဲ့ပေမဲ့ ခြေစွမ်းပိုင်းက ထင်သလောက်ကောင်းခဲ့တာမဟုတ်ပါဘူး။ လက်ရှိ ကစားသမားစုဖွဲ့မှုနဲ့ ကစားသမားစွမ်းဆောင်ရည်ပိုင်းမှာ မန်ယူဟာ လူတန်ထက်သာနေသလို မဖြစ်မနေကန်ရမဲ့အချိန်မှာတော့ လူတန်ခံစစ်ပိုင်း ထိန်းချုပ်ဖို့မလွယ်ပါဘူး။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရယူမဲ့ မန်ယူကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - မန်ယူ ၂ - ၀ လူတန်**

## အီတလီစီးရီးအေ ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်

ML

**လက်ချီ Vs အေစီမီလန်**

**ကစားမည့်ရက်/အချိန် ၁၁-၁၁-၂၀၂၃ (ည ၀၈:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေစီမီလန် ၂ - ၀ လက်ချီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| လက်ချီ - | အိမ်(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| အေစီမီလန် - | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(နိုင်) |

လက်ချီအသင်းဟာ ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် နောက်ဆုံးငါးပွဲနိုင်ပွဲပျောက်ခဲ့ပြီး ခံစစ်က ပွဲတိုင်းပေးဂိုးရှိခဲ့တာကိုတွေ့ရမှာပါ။ အေစီမီလန်ကလဲ အမှတ်ပေးပြိုင်ပွဲ သုံးပွဲဆက်နိုင်ပွဲမရသေးတာကြောင့် အခုလို ပွဲစဉ်ချောင်တုန်းမှာနိုင်ပွဲရှာဖွေပြီး ရမှတ်စုဆောင်းရမှာဖြစ်ပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုနဲ့ ကစားအားကောင်းနေတဲ့ အေစီမီလန် အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း - လက်ချီ ၁ - ၂ အေစီမီလန်**

### အားကစားသတင်း အတိုအထွာများ

- ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆီဗီလာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း တိုက်စစ်မှူးဆာကာ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သောကြောင့် စိုးရိမ်မိကြောင်း အာဆင်နယ်အသင်းနည်းပြအာတီတာက ထုတ်ဖော်ပြောကြားခဲ့သည်။
- ရုက်တာဒိုးနက်အသင်းနှင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့် တိုက်စစ်မှူး လီဝမ်ဒေါ့စကီးသည် ပြိုင်ပွဲစုံခြောက်ပွဲဆက်ဂိုးမရခဲ့သောကြောင့် ၁၂ နှစ်အတွင်း ပထမဆုံးအကြိမ်ကာလအကြာဆုံး ဂိုးမရခဲ့သည့်မှတ်တမ်းဆိုးနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ ML

# ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(D) တွင် ဆိုစီဒက်အသင်းနှင့် အင်တာမီလန်အသင်းတို့ ရှုံးထွက်အဆင့်တက်ရောက်



**လန်ဒန် နိုဝင်ဘာ ၉**

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(D) ပွဲစဉ်များအဖြစ် ဆိုစီဒက်အသင်းနှင့် ဘင်ဖီကာအသင်းတို့ပွဲစဉ်တွင် ဆိုစီဒက်အသင်းက ဘင်ဖီကာအသင်းကို သုံးဂိုး တစ်ဂိုး၊ အင်တာမီလန်အသင်းက ဆဲလ်ဘတ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် လေးပွဲကစားအပြီးတွင် ရမှတ် ၁၀ မှတ်စီဖြင့် ရှုံးထွက်အဆင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဆိုစီဒက်အသင်းသည် ဘင်ဖီကာအသင်းကို အိမ်ကွင်းတွင် ကစားကွက်ပိုင်းအသာဖြင့် ကစားနိုင်ခဲ့ကာ ပွဲချိန်ခြောက်မိနစ်တွင် မာရင်နို၊ ပွဲချိန် ၁၁ မိနစ်တွင် အိုရာဇာဘယ်၊ပွဲချိန် ၂၁ မိနစ်တွင် ဘာရန်နက်ဗီယာတို့၏ သွင်းဂိုးများဖြင့်အနိုင်ရခဲ့ပြီး အင်တာမီလန်အသင်းက ဆဲလ်ဘတ်အသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၈၅ မိနစ်တွင် ရရှိသည့် ပင်နယ်တီသွင်းဂိုးဖြင့်သာ အနိုင်ရခဲ့သည်။

အုပ်စု(D) လေးပွဲကစားအပြီးတွင် ဆိုစီဒက်အသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၀ မှတ်ဖြင့် အဆင့်(၁)၊ အင်တာမီလန်အသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၀ မှတ် ဂိုးကွာခြားချက်ဖြင့် အဆင့်(၂)၊ ဆဲလ်ဘတ်အသင်းက တစ်ပွဲနိုင်၊ သုံးပွဲရှုံးရမှတ်သုံးမှတ်ဖြင့် အဆင့်(၃)၊ ဘင်ဖီကာအသင်းက လေးပွဲရှုံးဖြင့် ရမှတ်မရသေးဘဲ အဆင့်(၄)တွင်ရောက်ရှိခဲ့ပြီး နှစ်ပွဲကစားရန် ကျန်ရှိနေချိန်တွင် ဆိုစီဒက်အသင်းနှင့် အင်တာမီလန်အသင်းတို့က (၁၆)သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ယနေ့ကစားခဲ့သည့် ပွဲစဉ်များအပြီးတွင် ဘင်ဖီကာအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်း၊ ဂါလာစာရေးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းတို့လည်း ရှုံးထွက်အဆင့်တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : ML

# နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ် ရလဒ်ဆိုးရွားမှုနှင့် မန်ယူအသင်းကြုံတွေ့ခဲ့ရ

**မန်ချက်စတာ နိုဝင်ဘာ ၉**

မန်ယူအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုအဆင့်တွင် ကိုပင်ဟေဂင်အသင်းကို လေးဂိုး သုံးဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲစုံ ၁၇ ပွဲတွင် ကိုးပွဲထိ ရှုံးနိမ့်ခဲ့သောကြောင့် နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ် ရလဒ်ဆိုးတစ်ခုနှင့်ထပ်မံရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

မန်ယူအသင်းသည် ၁၉၇၃-၁၉၇၄ ဘောလုံးရာသီက ပြိုင်ပွဲစုံ ၁၇ ပွဲတွင် ကိုးပွဲရှုံးနိမ့်သည့်အပြင် အမှတ်ပေးပြိုင်ပွဲတွင်လည်း ၄၂ ပွဲကစားခဲ့ရာ ရမှတ် ၃၂ မှတ်သာ ရရှိခဲ့သောကြောင့် တန်းဆင်းခဲ့ရပြီး နောက်ပိုင်း ရလဒ်ကောင်းများသာ ပိုင်ဆိုင်ခဲ့သော်လည်း ယခုအခါ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကိုပင်ဟေဂင်အသင်းကို လေးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၇ ပွဲတွင် ကိုးပွဲရှုံးခဲ့သောကြောင့် နှစ်ပေါင်း ၅၀ အကြာတွင် ပထမဆုံးအကြိမ် မှတ်တမ်းဆိုးတစ်ရပ်ဖြင့် ပြန်လည်ရင်ဆိုင်ခဲ့ရသည်။

ကိုပင်ဟေဂင်ကို ရှုံးနိမ့်ခဲ့ပြီးနောက် မန်ယူအသင်းသည် ချန်ပီယံလိဂ်ပွဲစဉ် လေးပွဲတွင် သုံးပွဲရှုံး၊ တစ်ပွဲနိုင်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရောက်ရှိခဲ့သဖြင့် ပြိုင်ပွဲမှထွက်ခွာရရန်နီးစပ်လာသကဲ့သို့ ကွာရာဘောင်းဖလားပြိုင်ပွဲတွင်လည်း စတုတ္ထအဆင့်တွင် နယူးကာဆယ်အသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

နည်းပြတန်ဟတ်လက်အောက်တွင် ရလဒ်ပိုင်းဆိုးရွားနေသည့် မန်ယူအသင်းသည် အမှတ်ပေးပြိုင်ပွဲတွင်လည်း ၁၁ ပွဲကစားအပြီးတွင် ခြောက်ပွဲနိုင်၊ ငါးပွဲရှုံးဖြင့် ရမှတ် ၁၈ မှတ်ရရှိခဲ့သောကြောင့် အဆင့်(၈)တွင် ရပ်တည်လျက်ရှိပြီး လာမည့် နိုဝင်ဘာ ၁၁ ရက်တွင် ကစားရမည့် လူတန်အသင်းနှင့် ပွဲစဉ်တွင် နိုင်ပွဲရရှိမှသာ ဥရောပဝင်ခွင့်ရရှိရေးအတွက် အခွင့်အရေးကောင်းများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : ML

# Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ကင်မရွန်းစမစ်နှင့်ချာကာရာတို့ ပူးတွဲဦးဆောင်

**ဟောင်ကောင် နိုဝင်ဘာ ၉**

တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ကျင်းပနေသည့် Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် သြစတြေးလျဂေါက်သီးရိုက်ကစားသမား ကင်မရွန်းစမစ်နှင့် စပိန်ဂေါက်သီးရိုက်ကစားသမားချာကာရာတို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထိုင်းဂေါက်သီးရိုက် ကစားသမားချာရှင်ကူနှင့် တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမား ဂျန်ယူဘင်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေသည့် ကင်မရွန်းစမစ်သည် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲများ ခေတ္တရပ်နားချိန်တွင် Asian Tour ဖြစ်သည့် Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လာခဲ့ခြင်းဖြစ်သည်။



ကင်မရွန်းစမစ်သည် ပထမနေ့တွင် ရှစ်ကျင်းထိ Birdies ရိုက်ချက်ရယူနိုင်ခဲ့ပြီး ဗိုလ်စွဲရန်ရေပန်းစားနေသည့်အတိုင်းပုံစံကောင်းများ ပြသနိုင်ခဲ့သည်။

ကင်မရွန်းစမစ်က "ဟောင်ကောင်ဟာ ကျွန်တော်နှစ်သက်တဲ့ဒေသတွေထဲမှာ ပါဝင်ပါတယ်။ ဒါကြောင့် LIV Golf ပြိုင်ပွဲတွေ ခေတ္တရပ်နားထားချိန်မှာ ဟောင်ကောင်ကိုလာဖို့ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ပထမနေ့မှာကစားနိုင်ခဲ့တဲ့ပုံစံဟာ Solid ဖြစ်တယ်။ အမှားအနည်းဆုံးဖြစ်အောင်ကစားနိုင်ခဲ့တယ်။ ဒါပေမဲ့ လဲ လေတိုက်နှုန်းမြင့်မားတဲ့အတွက်ကြောင့် ကစားရတာနည်းနည်းလေးတော့ အခက်အခဲတွေရှိခဲ့ပါတယ်။ ပြိုင်ပွဲပြီးဆုံးတဲ့ထိရာသီဥတုသာယာမယ်လို့တော့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ(အမျိုးသား၊အမျိုးသမီး)ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ဆက်လက်ကျင်းပခဲ့သည်။



အဆိုပါပြိုင်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။

ယနေ့ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ Pair (ကျား၊မ)အတွဲလိုက်(ကကွက်)ပြိုင်ပွဲတွင် ဇော်ရိန်အောင်နှင့်လင်းလက်ကြယ်ဖြူအတွဲ(ရန်ကုန်)က ပထမ၊ စောလုကာကျော်နှင့် သုကြယ်စင်အတွဲ(မန္တလေး) က ဒုတိယ၊ မြင့်မြတ်ရွှေနှင့်အေးချမ်းမြတ်အတွဲ(မွန်)က တတိယ၊ အမျိုးသမီးတစ်ဦးချင်းအတိုက်(၄၀-၄၃) ကီလိုတန်းပြိုင်ပွဲတွင် သူသူဟန်(ရန်ကုန်)က ပထမ၊ သော်သော်ဇင်(ကရင်)က ဒုတိယ၊ ရွှေမဥ္ဇာအောင်(ရှမ်း)နှင့် အိသဇင်(မန္တလေး)က ပူးတွဲတတိယ၊အမျိုးသမီးတစ်ဦးချင်း အတိုက်(၄၃-၄၆) ကီလိုတန်းပြိုင်ပွဲတွင် ထွေးထွေးမာ(မကွေး)က ပထမ၊ အိမြူခိုင်(မန္တလေး)က ဒုတိယ၊ မြယွန်းပုံ(ပဲခူး)နှင့် အေးသန္တာကျော်(ကယား)တို့က ပူးတွဲတတိယ အသီးသီးရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ (အမျိုးသား၊အမျိုးသမီး)ပွဲစဉ်များကို နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီခွဲမှစ၍ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**STA**

# Billie Jean King Cup တင်းနစ်ပြိုင်ပွဲ
## အုပ်စုအဆင့်တွင် ကနေဒါအသင်းက စပိန်အသင်းကို အနိုင်ရရှိ

**ဆီဗီလာ နိုဝင်ဘာ ၉**

စပိန်နိုင်ငံ ဆီဗီလာမြို့တွင် ကျင်းပနေသည့် Billie Jean King Cup အမျိုးသမီးတင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိရာ အုပ်စု(ဂ)တွင် ကနေဒါအသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကနေဒါအသင်းက စပိန်အသင်းကို (၃-၀)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပြိုင်ပွဲကျင်းပပုံစနစ်အရအုပ်စုတစ်အုပ်စုတွင် အသင်း သုံးသင်းပါဝင်ပြီး အုပ်စု(ဂ)တွင် စပိန်အသင်း၊ ကနေဒါအသင်းနှင့် ပိုလန်အသင်းတို့ပါဝင်နေသည်။

ကနေဒါ အသင်းအနေဖြင့် အိမ်ရှင်အသင်းဖြစ်သည့် စပိန်အသင်းကို ပြတ်သားသည့်ရလဒ်များဖြင့်အနိုင်ရရှိကာ အုပ်စုအမှတ်ပေးဇယားကိုဦးဆောင်ခွင့်ရခဲ့သည်။

စပိန်အသင်းနှင့် ကနေဒါအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် တစ်ဦးချင်းပထမပွဲစဉ်အဖြစ် ကနေဒါအသင်းမှ စတာကူဆစ်က စပိန်အသင်းမှ မာဆာရီတာနှင့်ယှဉ်ပြိုင်ကစားခဲ့ပြီး စတာကူဆစ်က(၆-၃ ၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဒုတိယမြောက် တစ်ဦးချင်းပွဲစဉ်အဖြစ် ကနေဒါအသင်းမှ ဖာနန်ဒက်ဇ်နှင့် စပိန်အသင်းမှ ဆောရီဘက်စ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဖာနန်ဒက်ဇ်က (၇-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

နှစ်ယောက်တွဲ ပွဲစဉ်ကိုဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာတွင် ကနေဒါအသင်းမှ ဘူချက်၊ဒါဘရော့စကီးတို့အတွဲက စပိန်အသင်းမှ မာဆာရီတာနှင့် ဆောရီဘက်စ်တို့အတွဲဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဘူချက်နှင့် ဒါဘရော့စကီးတို့အတွဲက (၆-၃ ၊ ၇-၅)ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ကနေဒါအသင်းက(၃-၀)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ရီးရဲလ်မက်ဒရစ်အသင်း၏ စိတ်ဝင်စားမှုလျော့ကျလာခြင်းကြောင့် အမ်ဘာပီအနေဖြင့် ပီအက်စ်ဂျီအသင်း၌သာ ဆက်လက်ကစားဖွယ်ရှိ



**ပဲရစ် နိုဝင်ဘာ ၉**

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘာပီသည် ရီးရဲလ်မက်ဒရစ်အသင်းက ၎င်းကိုခေါ်ယူရန် စိတ်ဝင်စားမှု လျော့ကျလာခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းနှင့်သာ သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီး ဆက်လက်ကစားဖွယ်ရှိနေကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းနှင့်အမ်ဘာပီ အသင်းတို့စာချုပ်မှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ပြီးဆုံးမည်ဖြစ်ပြီး ပီအက်စ်ဂျီအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အကြိမ်ကြိမ်ကမ်းလှမ်းမှုပြုလုပ်ထားသော်လည်း အမ်ဘာပီကပယ်ချခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းကလည်း အသင်းမှ ဘင်ဇီမားထွက်ခွာခဲ့ပြီးနောက် အသင်းတိုက်စစ်ပိုင်းအတွက် အမ်ဘာပီကို ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ပြီး အမ်ဘာပီကိုယ်တိုင်ကလည်း ပြောင်းရွှေ့ကစားလိုနေသောကြောင့် ပီအက်စ်ဂျီအသင်း၏ ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီ အသင်းကလည်း သက်တမ်းတိုး စာချုပ်အတွက် ကမ်းလှမ်းမှုကိုပယ်ချခဲ့ပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ကြိုးပမ်းခဲ့သည့် အမ်ဘာပီ၏လုပ်ရပ်ကို ဒေါသထွက်ခဲ့သည့်အတွက် ရာသီအစပိုင်းက အသင်းနှင့်ပူးပေါင်းခွင့်ပိတ်ပင်ပြီး ကစားသမားစာရင်းမှချန်လှပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ညှိနှိုင်းမှုများပြုလုပ်ပြီး ပြန်လည်ပူးပေါင်းခွင့်ပေးခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် အစောပိုင်းက အမ်ဘာပီကို ဦးစားပေးပစ်မှတ်အဖြစ် ကာလရှည်ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း နောက်ပိုင်းတွင် ဆုံးဖြတ်ချက်များပြင်ဆင်ပြီး အမ်ဘာပီကို ကမ်းလှမ်းမည့် အစီအစဉ်များကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်များ

S T A

**ဘိုင်ယန်မြူးနစ် Vs ဟိုဖန်ဟိမ်း**

**ကစားမည့်ရက်/အချိန် ၁၁-၁၁-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုင်ယန်မြူးနစ် ၅ - ၄ ဟိုဖန်ဟိမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | - | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |
| ဟိုဖန်ဟိမ်း | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

ဘိုင်ယန်မြူးနစ်အသင်းဟာ အမှတ်ပေးဇယားထိပ်ဆုံးက ဆက်လက်ဦးဆောင်နိုင်ဖို့အတွက် အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့ အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိ ဟိုဖန်ဟိမ်းအသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲ ပုံမှန်အနေအထားအောက်ရောက်နေပြီး ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဘိုင်ယန်မြူးနစ်အသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ဘိုင်ယန်မြူးနစ် ၃ - ၀ ဟိုဖန်ဟိမ်း**

**စတုဂတ် Vs ဒေါ့မွန်**

**ကစားမည့်ရက်/အချိန် ၁၁-၁၁-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စတုဂတ် ၃ - ၃ ဒေါ့မွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| စတုဂတ် | - | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဒေါ့မွန် | - | အိမ်(နိုင်) | အိမ်(ရှုံး) | အိမ်(နိုင်) |

နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းတွေ မတည်မငြိမ်ဖြစ်နေပြီး ရုန်းကန်နေရတဲ့ စတုဂတ်အသင်းဟာ အခုပွဲစဉ်မှာလဲ ရုန်းကန်ရပါလိမ့်မယ်။ ဒေါ့မွန်အသင်းကလဲ ပြီးခဲ့တဲ့ပွဲစဉ်က ရှုံးပွဲကြုံထားလို့ အခုပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ ဒါကြောင့် ဒေါ့မွန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - စတုဂတ် ၁ - ၂ ဒေါ့မွန်**

# စပိန်လာလီဂါ ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်

S T A

**ရီးရဲလ်မက်ဒရစ် Vs ဗလင်စီယာ**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၃ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗလင်စီယာ ၁ - ၀ ရီးရဲလ်မက်ဒရစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | - | ဝေး(နိုင်) | အိမ်(သရေ) | အိမ်(နိုင်) |
| ဗလင်စီယာ | - | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

ဗလင်စီယာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲဆက်နိုင်ပွဲရရှိထားတယ်ဆိုပေမဲ့ ရီးရဲလ်မက်ဒရစ်အသင်းနဲ့တွေ့ဆုံတိုင်းရုန်းကန်ရလေ့ရှိပါတယ်။ ရီးရဲလ်မက်ဒရစ်အသင်းကတော့ပြီးခဲ့တဲ့လိဂ်ပွဲစဉ်နိုင်ပွဲပျောက်ဆုံးထားလို့ အခုပွဲစဉ်မှာနိုင်ပွဲရရှိအောင်ကြိုးစားမှာပါ။ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ ရီးရဲလ်မက်ဒရစ်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ရီးရဲလ်မက်ဒရစ် ၃ - ၁ ဗလင်စီယာ**

# ပြင်သစ်လီဂူး ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်

S T A

**လီဟာဗေး Vs မိုနာကို**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၃ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မိုနာကို ၂ - ၁ လီဟာဗေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လီဟာဗေး | - | အိမ်(သရေ) | ဝေး(သရေ) | ဝေး(နိုင်) |
| မိုနာကို | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

လီဟာဗေးအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိလို့ အိမ်ကွင်းဆိုပေမဲ့ မိုနာကိုအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ မိုနာကိုအသင်းကလဲ အနိုင်ရရှိရင် အမှတ်ပေးဇယားထိပ်ဆုံးပြန်လည်တက်လှမ်းဖို့အခွင့်အရေးရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မိုနာကိုအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း - လီဟာဗေး ၀ - ၂ မိုနာကို**

# နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယ



အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ဆန့်ကျင်ကန့်ကွက် ဆန္ဒပြမှုများ မြင့်တက်နေသည့်ကြားမှပင် ဒေသတွင်း၌ ချိတ်ဆက်ဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန်နှင့် စွမ်းအင်လုံခြုံမှုတို့အတွက် ရထားလမ်းသစ် နှစ်ခု တည်ဆောက်သွားရန်၊ အပူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်သွားရန် နိုဝင်ဘာ ၁ ရက်က သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် နရင်ဒရာမိုဒီနှင့် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာတို့သည် အိန္ဒိယနိုင်ငံက ပံ့ပိုးကူညီသွားမည့်စီမံကိန်းသုံးခုအတွက် နှစ်နိုင်ငံလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် ပူးတွဲတက်ရောက် ချီးမြှင့်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို နယ်စပ်ဖြတ်ကျော် ရထားလမ်းတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၈ သန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Khulna – Mongla ဆိပ်ကမ်းရထားလမ်းဖောက်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၃၈၈ ဒသမ ၉၂ သန်း ပံ့ပိုးကူညီခဲ့ကြောင်း၊ ထို့ပြင် အိန္ဒိယသည် လျှပ်စစ်စွမ်းအင် မဂ္ဂါဝပ် ၁၃၂၀ ထုတ်လုပ်နိုင်မည့် ဘင်္ဂလားဒေ့ရှ်၏ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံအတွက်လည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ ပံ့ပိုးပေးခဲ့ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် အတိုက်အခံများ၏ လမ်းပေါ်ထွက်ဆန္ဒပြမှုများနှင့် ရင်ဆိုင်ရလျက်ရှိပြီး ဆန့်ကျင်ဆန္ဒပြသူများသည် ဟာဆီနာ၏အစိုးရ နုတ်ထွက်ပေးရန်နှင့် ၂၀၂၄ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ကြီးကြပ်ရန်အတွက် ပါတီဝင်မဟုတ်သော အိမ်စောင့်အစိုးရတစ်ရပ်ဖွဲ့စည်းပေးရန် တောင်းဆိုလျက်ရှိသည်။ အောက်တိုဘာ ၂၈ ရက်တွင် လမ်းမများပေါ်၌ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုများအတွင်း အနည်းဆုံးလူ ခြောက်ဦး သေဆုံးခဲ့ပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဟာဆီနာသည် ဒေသတွင်းအေးချမ်းတည်ငြိမ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအတွက် အိန္ဒိယနိုင်ငံကို နိုင်ငံရေးအရ ထူးခြားသောမိတ်ဖက်နိုင်ငံအဖြစ် သဘောထားလျက်ရှိသည်။ သို့သော် အိန္ဒိယသည် မကြာသေးမီက ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ဖြစ်ပွားခဲ့သော ကန့်ကွက်ဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ အမြင်သဘောထား တိတိကျကျ ပေးအပ်ခြင်းမရှိပေ။ ဒါကာမြို့အခြေစိုက် အနောက်တိုင်းသံရုံးများ အထူးသဖြင့် အမေရိကန်သည် နှစ်ဖက်စလုံးကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရန်နှင့် လွတ်လပ်မျှတပြီး အားလုံးပါဝင်သော ရွေးကောက်ပွဲကျင်းပနိုင်မည့်နည်းလမ်းတစ်ရပ် ရှာဖွေသွားရန် တောင်းဆိုထားသည့် ထုတ်ပြန်ချက်များကို ပုံမှန်ထုတ်ပြန်ခဲ့သည်။

တရုတ်နှင့်ရုရှားနိုင်ငံတို့သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပပြုလုပ်သွားရန် မျှော်မှန်းထားရှိသည့် အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ရှိတ်ဟာဆီနာအစိုးရနှင့်အတိုက်အခံတို့ကြား ဆွေးနွေးပွဲတစ်ရပ် လုပ်ဆောင်နိုင်ရေးအတွက် အမေရိကန်၏ ဖိအားပေးဆောင်ရွက်ခဲ့မှုအပေါ် ပြစ်တင်ဝေဖန်သည့်ထုတ်ပြန်ချက်များကို မကြာသေးမီလများအတွင်းက ထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အကြီးစားစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ရုရှားနိုင်ငံအနေဖြင့်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပထမဆုံးသော နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်လျက်ရှိသည်။

အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံစလုံးသည် ဘင်္ဂါလီစကားပြောဆိုလျက်ရှိသကဲ့သို့ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးတို့ကိုလည်း မျှဝေခံစားလျက်ရှိသဖြင့် ခိုင်မာအားကောင်းသော ဆက်ဆံရေးကို ထူထောင်ထားရှိနိုင်သည်။ ၂၀၀၉ ခုနှစ်က ရှိတ်ဟာဆီနာနှင့်၎င်း၏ အဝါမီလိဂ်ပါတီတို့ စတင်အာဏာရရှိလာစဉ်ကတည်းကပင် နှစ်နိုင်ငံဆက်ဆံရေးသည် တိုးတက်ကောင်းမွန်လာလျက်ရှိသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ရှိတ်ဟာဆီနာ သွားရောက်ခဲ့သည့် အိန္ဒိယခရီးစဉ်အတွင်း နှစ်နိုင်ငံသည် ရေမျှဝေသုံးစွဲရေးနှင့် အာကာသနည်းပညာနှင့် သိပ္ပံနယ်ပယ်တို့အပါအဝင် အခြားသောနယ်ပယ် ခြောက်ခုတွင် သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သည်။ ရှိတ်ဟာဆီနာ ဝန်ကြီးချုပ်ဖြစ်လာကတည်းက ၎င်း၏အစိုးရအဖွဲ့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နယ်မြေတွင်ခိုလှုံကာ အိန္ဒိယဆန့်ကျင်ရေးလုပ်ဆောင်နေသော စစ်သွေးကြွအုပ်စုများနှင့် စပ်လျဉ်း၍ အိန္ဒိယ၏စိုးရိမ်ပူပန်မှုများကို ဖြေလျှော့ပေးလျက်ရှိသည်။ သို့သော် အိန္ဒိယသည် ဘင်္ဂလားဒေ့ရှ်၏ အဓိကတောင်းဆိုချက်ဖြစ်သော Teesta မြစ်ရေခွဲဝေအသုံးချရေးနှင့်စပ်လျဉ်း၍ သဘောတူညီချက် လက်မှတ် ရေးထိုးရန်ပျက်ကွက်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အခြားသောစိုးရိမ်ပူပန်မှုများမှာ တရားမဝင် ရောင်းဝယ်ဖောက်ကားမှုနှင့် နယ်စပ်ဖြတ်ကျော်မှုတို့တွင်ပါဝင်ပတ်သက်သည့် သံသယရှိမှုဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို သတ်ဖြတ်ရန် အိန္ဒိယနယ်စပ်လုံခြုံရေးတပ်ဖွဲ့များက သေစေနိုင်သော လက်နက်များ အသုံးပြုနေမှုပင်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိန္ဒိယနိုင်ငံအတွင်းသို့ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်လာမှုများသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် နှစ်နိုင်ငံဆက်ဆံရေးအတွက် အစွန်းအထင်းဖြစ်ပေါ်စေလျက်ရှိသည်။

မည်သို့ပင်ဆိုစေ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယတို့သည် တောင်အာရှဒေသရှိ အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးကို ၁၉၇၁ ခုနှစ်တွင် စတင်ထူထောင်ခဲ့သည်။ တောင်အာရှရှိ အခြားသောနိုင်ငံများသည် တရုတ်နိုင်ငံကို ပိုမိုမှီခိုအားထားလာသည့်အချိန်တွင် ဘင်္ဂလားဒေ့ရှ်သည် အိန္ဒိယ၏ အိမ်နီးချင်းဆိုင်ရာမူဝါဒတွင် အရေးပါလာခဲ့သည်။

သမိုင်းကြောင်းနှင့်ယဉ်ကျေးမှုတို့ကို မျှဝေခံစားမှုနှင့်အတူ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကြားရှိ ချစ်ကြည်ရင်းနှီးမှုသည် ဘက်မလိုက်ဝါဒပင်ဖြစ်ပြီး အိန္ဒိယ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လျက်ရှိသည့် နှစ်နိုင်ငံ ကုန်သွယ်မှုအပါအဝင် နယ်ပယ်ပေါင်းစုံတွင် သိသာထင်ရှားသော တိုးတက်မှုများရရှိနေသည်။ ဘင်္ဂလားဒေ့ရှ်သည် အိန္ဒိယ၏ အထောက်အပံ့များ ရရှိနေသောနိုင်ငံများအနက် တစ်နိုင်ငံပင်ဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်သို့ အိန္ဒိယ၏ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈၃ ဘီလီယံရှိခဲ့ပြီး သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရှိခဲ့သည်။

မျက်မှောက်ခေတ်ဆက်ဆံရေးတွင် စွမ်းအင်ကဏ္ဍအပြင် သိပ္ပံနှင့် နည်းပညာနယ်ပယ်တို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာလျက်ရှိသည်။ လတ်တလောတွင် ဘင်္ဂလားဒေ့ရှ်သည် အိန္ဒိယမှ လျှပ်စစ်စွမ်းအင် မဂ္ဂါဝပ် ၁၁၆၀ တင်သွင်းရလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် Tejas အမျိုးအစား အပေါ့စားတိုက်လေယာဉ်နှင့် Dhruv အမျိုးအစား အပေါ့စားရဟတ်ယာဉ်များ၊ ကျည်ကာအင်္ကျီများနှင့် ဦးထုပ်များအပါအဝင် အိန္ဒိယမှစစ်သုံးပစ္စည်းများ ဝယ်ယူသွားရန် စိတ်ဝင်စားလျက်ရှိသည်။

**❖ အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို နယ်စပ်ဖြတ်ကျော် ရထားလမ်းတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၈ သန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Khulna – Mongla ဆိပ်ကမ်း ရထားလမ်းဖောက်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၃၈၈ ဒသမ ၉၂ သန်း ပံ့ပိုးကူညီခဲ့ကြောင်း၊ ထို့ပြင် အိန္ဒိယသည် လျှပ်စစ်စွမ်းအင် မဂ္ဂါဝပ် ၁၃၂၀ ထုတ်လုပ်နိုင်မည့် ဘင်္ဂလားဒေ့ရှ်၏ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံအတွက်လည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ ပံ့ပိုးပေးခဲ့ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ❖**

ထို့ပြင် ဘင်္ဂလားဒေ့ရှ်၏ မဟာဗျူဟာမြောက် တည်နေရာသည် တောင်အာရှနှင့်အရှေ့တောင်အာရှ ထွက်ပေါက်တစ်ခုအဖြစ် သယ်ပိုးလျက်ရှိသည့်အပြင် လေးနိုင်ငံ လုံခြုံရေးအဖွဲ့ဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုရှိခြင်းသည်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အနောက်အုပ်စုနှင့်အိန္ဒိယတို့အတွက် အင်ဒို-ပစိဖိတ် မဟာဗျူဟာမျှော်မှန်းချက် အကောင်အထည်ဖော်ဆောင်ရာတွင် အရေးပါသောမိတ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

အိန္ဒိယနိုင်ငံအနေဖြင့် တိုင်းပြည်၏ အရှေ့မြောက်ပိုင်းဒေသသို့ အလွယ်တကူဆက်သွယ်သွားလာနိုင်ရန်နှင့်ဘင်္ဂလားပင်လယ်အော်ဒေသသို့ တိုက်ရိုက်သွားလာနိုင်ရေးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ထိတွေ့ဆက်ဆံသွားရန် လိုအပ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် အရှေ့ဘက်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ခြင်း (Act East Policy)မူဝါဒ ပိုမိုတောင့်တင်းခိုင်မာလာစေမည့်အပြင် ဒေသတွင်း၌ တရုတ်၏စစ်ရေးအင်အား ကြီးထွားလာမှုကိုလည်း ထိန်းချုပ်သွားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အိန္ဒိယသည် ဒေသတွင်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုအတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တောင်အာရှအဖွဲ့ (SAARC)အပြင် ကဏ္ဍစုံနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော်ဒေသ လုပ်ငန်းအဖွဲ့ (BIMESTEC) မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နှင့်ထိတွေ့ဆက်ဆက်မှုကို တက်ကြွစွာလုပ်ဆောင်လျက်ရှိသည်။

အိန္ဒိယသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး လုပ်ငန်းစဉ်နှင့် သန့်ရှင်းသော စွမ်းအင်အရင်းအမြစ်များသို့ အဆင်ပြေချောမွေ့စွာ ကူးပြောင်းအသုံးပြုသွားနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံစလုံးသည် အာရှကွန်ရက်လမ်းကြောင်းများနှင့် BIMESTEC တို့မှတစ်ဆင့် ချိတ်ဆက်မှုနှင့် ကုန်သွယ်မှုတို့ ပိုမိုဖော်ဆောင်နိုင်မည့် အားလုံးအကျုံးဝင်သည့် စီးပွားရေးမိတ်ဖက်သဘောတူညီချက်(CEPA)လက်မှတ်ရေးထိုးသွားရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။စင်စစ်အားဖြင့် အမေရိကန်ဒေါ်လာ လွှမ်းမိုးမှု ကျဆင်းလာကတည်းက အိန္ဒိယနှင့်အမေရိကန်တို့သည် ငွေကြေးလွှဲပြောင်းမှုလုပ်ဆောင်ရာတွင် အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုလျှော့ချသွားရန်နှင့် အိန္ဒိယနိုင်ငံသုံးငွေကြေး ရူပီးဖြင့် ကုန်သွယ်မှုလုပ်ဆောင်သွားရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံ၏စစ်ရေးအင်အားကြီးထွားလာမှုကို ဟန်ချက်ထိန်းညှိနိုင်ရန်နှင့် တောင်အာရှနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အရှေ့ဘက်ရှိ အိမ်နီးချင်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုဖော်ဆောင်လာလျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အခြေခံအဆောက်အအုံနှင့်စွမ်းအင်ကဏ္ဍတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ ပေးအပ်လျက်ရှိသည်။ ထို့ပြင် စစ်ရေး၊ နည်းပညာ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှု စသည့် နယ်ပယ်ပေါင်းစုံတွင်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လာလျက်ရှိသဖြင့် အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် ဆက်ဆံရေးသည် ပိုမိုတိုးတက်လာဖွယ်ရာရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**


- **Bangladesh Launches New India-assisted Rail Project and Thermal Power Unit By The Diplomat.**
- **Delhi-Dhaka ties a pivot to steer India's Into-Pacific vision By Asia Times.**


**ဝင်းဇင် (သုတေသန)**

# ဆေးစက်ကျရာ ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာ ၁၃ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် နိုဝင်ဘာ ၉**

ဆေးစက်ကျရာ ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာ ၁၃ ရက်မှစ၍ အပတ်စဉ်တနင်္လာ၊ အင်္ဂါနေ့တို့တွင် Channel K ရုပ်သံလိုင်းက ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ဇော်ထွန်းက ပြောပြ၍ သိရသည်။

ဆေးစက်ကျရာ ဇာတ်လမ်းတွဲသည် မင်းသမီးရုပ်ရှင်ထုတ်လုပ်ရေးကထုတ်လုပ်သည့် ဇာတ်လမ်းတွဲဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲ၏ ဝတ္ထု၊ ဇာတ်လမ်းကို ကိုကြီးကျော်က ရေးသားထားကာ ဇာတ်ညွှန်းကို ဖိုးကျော်(သန်လျင်)က ရေးသားထားပြီး ဒါရိုက်တာဇော်ထွန်းက ရိုက်ကူးထားခြင်းဖြစ်သည်။

“ဒီဇာတ်လမ်းတွဲကတော့ အချစ်ဒရာမာကိုအခြေခံထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပေမဲ့ စီးပွားရေးလောကမှာ ငွေကိုငွေနဲ့ဖန်တီးပြီး အရှိန်အဝါကြီးမားလွန်းတဲ့ သူဌေးကြီးတစ်ယောက်ရဲ့ စီးပွားရေးလှည့်ကွက်တွေကြောင့် ဘဝပျက်ပြီး အရာရာဆုံးရှုံးခဲ့ရသူ ပြိုင်ဘက်သူဌေးတစ်ယောက်ရဲ့သမီးက ဒီသူဌေးကြီးကိုလက်စားချေဖို့ သူဌေးကြီးအနားကို ချဉ်းကပ်ခဲ့တယ်။ အဲဒီနောက်မှာ သူဌေးကြီးရဲ့စီးပွားပြိုင်ဘက်နဲ့ လက်စားချေချင်သူတို့ ပူးပေါင်းမိခဲ့တဲ့အချိန်မှာတော့ ပေါ်ထွက်လာမဲ့ဇာတ်လမ်းကို စောင့်မျှော်ကြည့်ရှု အားပေးကြပါ”ဟု ဒါရိုက်တာ ဇော်ထွန်းက ပြောပြသည်။

ဆေးစက်ကျရာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ လင်းအောင်၊ အုံ့မင်းညို၊ ချစ်စုနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Imaginary ဇာတ်ကားတွင် မင်းသမီး ဒီဝန်ဒါဝိုက် ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၉**

Lionsgate နှင့် Blumhouse ရုပ်ရှင်ကုမ္ပဏီတို့၏ Imaginary အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားတွင် မင်းသမီး ဒီဝန်ဒါဝိုက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

မင်းသမီး ဒီဝန်ဒါဝိုက်သည် Imaginary ဇာတ်ကား၌ အဓိက သရုပ်ဆောင်တစ်ဦးအဖြစ်သာမက ထုတ်လုပ်သူတာဝန်ကိုလည်း ရယူထားမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို Kick-Ass 2 ဒါရိုက်တာ ဂျက်ဝက်ဒလောက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး Imaginary ဇာတ်ကားသည်ကလေးဘဝနေအိမ်သို့ ပြန်ရောက်လာသည့် အမျိုးသမီးတစ်ဦးငယ်စဉ်က ချန်ထားရစ်ခဲ့သည့် ဝက်ဝံရုပ်တစ်ရုပ်၏ခြောက်လှန့်မှုနှင့် ရင်ဆိုင်ခဲ့ရသည့်အဖြစ်ကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ဒီဝန်ဒါဝိုက်နှင့်အတူ မင်းသမီး ဘက်တီဘာကလေ၊ တာရှိနီကာဖယ်ကွန်၊ မင်းသား ဒင်းဒီလီဂရိုတို့ပါဝင်မည်ဖြစ်ပြီး Imaginary ဇာတ်ကားကို ၂၀၂၄ ခုနှစ် မတ် ၈ ရက်တွင် ရုံတင်ပြသရန် Lionsgate နှင့် Blumhouse တို့က စီစဉ်ထားကြောင်း သိရသည်။

**Ref: Russia Today**

**Trs: KKO**




# Miss Tourism International 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ခီဆာခင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်



**ရန်ကုန် နိုဝင်ဘာ ၉**

မလေးရှားနိုင်ငံတွင် နိုဝင်ဘာလအတွင်းကျင်းပမည့် Miss Tourism International 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ခီဆာခင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အဆိုပါပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှ နိုင်ငံကိုယ်စားပြုအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

“ညီမအတွက် Experience တွေအများကြီးရမှာပါ။ တခြားနိုင်ငံတကာက Miss တွေနဲ့ ရင်ပေါင်တန်း ပြိုင်ပွဲဝင်ရမှာမို့ စိတ်လှုပ်ရှားတယ်။ မြန်မာနိုင်ငံက ပြိုင်ပွဲဝင်အလှမယ်တွေက ဒါမျိုးတွေလုပ်နိုင်ပါလားဆိုတာမျိုးဖြစ်အောင် အများကြီးပြင်ဆင်ထားပါတယ်။ ပြင်ဆင်ထားတာတွေရှိပေမဲ့ လိုအပ်ချက်တွေကတော့ ရှိမှာပါ။ အတတ်နိုင်ဆုံး ပြင်ဆင်ထားတယ်။ ပြိုင်ပွဲမှာ Confidence ရှိရှိ လုပ်ဆောင်သွားမှာမို့ ဘယ်လို Challenge ပဲလာလာ အကောင်းဆုံး လုပ်ဆောင်နိုင်မယ်ထင်ပါတယ်”ဟု အလှမယ် ခီဆာခင်က ပြောပြသည်။

မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် ခီဆာခင်သည် Miss Earth Land Myanmar 2023 Winner ဆုနှင့် The Best Of Speak out Award ဆုတို့ကိုလည်း ဆွတ်ခူးရရှိထားသူလည်း ဖြစ်ကြောင်း သိရသည်။ ASH

# Enola Holmes-3 ရိုက်ကူးမှု Netflix ကုမ္ပဏီ ပြင်ဆင်နေ

**နယူးယောက် နိုဝင်ဘာ ၉**

Enola Holmes-3 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို Netflix ကုမ္ပဏီက စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Enola Holmes-3 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း Netflix ရုပ်ရှင်ကုမ္ပဏီတာဝန်ရှိသူများက အတည်ပြုထားသည်။

Enola Holmes-3 ဇာတ်ကားများသည် ရှားလော့ဟုမ်း၏ညီမငယ် အီနိုလာဟုမ်း၏စွန့်စားခန်းများကို ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

Enola Holmes-1 နှင့် 2 ဇာတ်ကားတို့တွင် အဓိကသရုပ်ဆောင် အီနိုလာဟုမ်းအဖြစ် မင်းသမီး မီလီဘော့ဘီက ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Enola Holmes-3 ဇာတ်ကားတွင်လည်း အဓိကဇာတ်ကောင် အီနိုလာဟုမ်းအဖြစ် မီလီဘော့ဘီပင် ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

Enola Holmes-3 ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာတို့ကို Netflix က ထုတ်ဖော်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref: Xinhua News**

**Trs: KKO**




# သံတွဲမြို့နယ် ပေလီကမ်းခြေတွင် ပေလီဆောင်းဦးပွဲတော် ကျင်းပမည်

**သံတွဲ နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ပေလီကမ်းခြေတွင် ပေလီဆောင်းဦးပွဲတော်ကို နိုဝင်ဘာ ၁၈ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန(ရခိုင်ပြည်နယ်) ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ပြောပြ၍ သိရသည်။

ပေလီဆောင်းဦးပွဲတော်ကို ပေလီကမ်းခြေ(Public Area) တွင် ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း မီးပုံပွဲ၊ သဲသောင်ပြင်အားကစားပြိုင်ပွဲများ၊ သဲပန်းချီပြပွဲ၊ စက်ဘီးစီးပြိုင်ပွဲ၊ လွန်ဆွဲ၊ ချောတိုင်တက်ပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည့်အပြင် ပွဲတော်လာပြည်သူများအတွက် ညဈေးတန်းနှင့် ဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါပွဲတော်တွင် တိုင်းရင်းသားရိုးရာအစားအစာအရောင်းဆိုင်များ၊ MSME အရောင်းဆိုင်ခန်းများကို ထည့်သွင်းသွားမည်ဖြစ်ပြီး ပွဲတော်လာပြည်သူများကို စင်တင်တေးဂီတနှင့်ဖျော်ဖြေပေးမည့်အပြင် တိုင်းရင်းသားရိုးရာဝတ်စား ဆင်ယင်မှုပြိုင်ပွဲများကိုလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

“ပေလီ ဆောင်းဦးပွဲတော်က နှစ်စဉ်ကျင်းပနေကျပွဲတော်ဖြစ်ပါတယ်။ အရင်နှစ်က ပုံစံအတိုင်းပဲ ပွဲတော်ကာလ တစ်လျှောက်မှာ သဲပုံစေတီပွဲတော်၊ ဈေးရောင်းပွဲတော်ကိုပါ ထည့်သွင်းကျင်းပသွားဖို့ ရှိပါတယ်။ ပျော်ပွဲရွှင်ပွဲတွေအနေနဲ့ ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ စက်ဘီးစီးပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ချောတိုင်တက်ပွဲတွေ ပါဝင်ပါမယ်”ဟု ဦးတင်ထွန်းအောင်က ပြောပြသည်။

ပေလီကမ်းခြေဆောင်းဦးပွဲတော်ကို ခရီးသွားများ ပိုမိုလာရောက်လည်ပတ်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပရန်စီစဉ်နေခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်ကလည်း ပေလီကမ်းခြေဆောင်းဦးပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်တွင်လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် နိုဝင်ဘာ ၂၂ ရက်ကလည်းကောင်း ကျင်းပခဲ့ပြီး ယခုနှစ်တွင် နိုဝင်ဘာ ၁၈ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses opening ceremony of Myanmar Rubber Forum 2023



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses opening ceremony of Myanmar Rubber Forum 2023.

**Nay Pyi Taw November 9**

Opening ceremony of Myanmar Rubber Forum 2023 was held at MICC–II here this morning addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were the Joint SAC Secretary, SAC members, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, permanent secretaries, heads of department, heads of region/state branches, members of export strategic committee of the National Export Strategy (rubber sector strategy), local development partners, experts, members of Myanmar Rubber Planters and Producers Association, Myanmar Sustainable Natural Rubber Association, rubber purchasing centres, procession plants, rubber-based goods manufacturers, rubber planters and producers from regions and states, representatives of Agriculture Department and invited guests.

In his speech, the Senior General said the forum was held with three aims – improvement of rubber quality, development of industries producing value added rubber-based goods that have the competitive edge, and establishment of organizations, policies, laws and procedures necessary for development of rubber sector and the theme "**Promotion of rubber production and value-added goods for sustainable development of rubber sector.**"

Myanmar puts 49.39 million acres under 61 kinds of crops including rice, beans and pulses, cooking oil crops. Rubber, an industrial crop, is grown on 1.64 million acres in nine regions and states. Over 300,000 tons of sap is derived annually from nearly one million acres of latex producing rubber trees. Of the annually production of over 300,000 tons, over 20000 tons are for domestic use and the remaining portion of nearly 300,000 tons is exported. Export target for 2023-2024 is roundabout 400,000 tons.

Annual average earnings from rubber export during the period from financial years 2018-2019 to 2022-2023 was between USD 250 million and USD 450 million. Hence, rubber is an important industrial crop that earns foreign exchange. Rubber is one of the priority sectors of the National Export Strategy's goals to increase exports. Systematic progress is required in all the stages from planting rubber trees to producing ribbed smoked sheets.

Myanmar's rubber plantation business has a long history, but its improvement in per acre yield and quality is still low when compared with that of Thailand, Indonesia, Malaysia, and Vietnam. Like other countries, Myanmar should also set up strategies and short-term and long-term plans for development of rubber-based industries. As rubber cultivation has direct relations with MSMEs, it needs encouragement. Rubber cultivation is the foundation of rubber sector development. It takes about seven years for a rubber sapling to produce sap. Proper preparation is the base for rubber sector development. So, all must keep in the mind the saying, which goes, "**Well begun is half done.**"


Senior General Min Aung Hlaing examines a display at the exhibition.

Myanmar's current rubber yield is just 700 pounds per acre. As low production is cost by old trees, the industry needs a substitution process. Only 26.83% of the rubber sown acreage is under a region-wise recommended strain that produces about 1350 pounds per acre. Hence, future plantations should be set up with quality rubber trees and bud-grafting technique must be prioritized.

Depending on the cost effective, farmers should emphasize use of quality rubber strains and expansion of sown acreage of rubber plants. As Myanmar possesses vast areas and fine weather suitable for growing rubber plants, it is necessary to encourage expansion of rubber sown acreage. On the other hand, the perennial crop research and technological development division needs to conduct continuous researches to produce quality rubber strains with resilience of plant diseases and aligned with the fevourable weather of the nation.

The Senior General stressed the need to apply a correct procedure and proper chemicals of rubber latex solid for having quality latex and increasing per-acre yield of latex. Moreover, relevant departments, businesspersons and all associations have to join hands in organizing the rubber growers in order to quality rubber latex. Only when Myanmar rubber meets set quality and standard can it seek the market share. As such, the Ministry of Agriculture, Livestock and Irrigation, Myanmar Rubber Growers and Producers Association and all rubber farmers are to collectively participate in the quality rubber production.

With regard to enhancement of rubber cultivation and production, it is necessary to categorize the processes as local sufficiency, increased export of surplus rubber and development of rubber based industries for import-substitute process. Although Myanmar has solid foundations for production of rubber based products at home, manufacturing sector does not have any encouragement and contributions with lack of capacity in market. So, rubber based products are imported abroad. For example, Myanmar imports tyres for bicycle **See Page 13**


Senior General Min Aung Hlaing hears a report on rubber-based products.


Senior General Min Aung Hlaing inspects locally manufactured tyres.

# Delegation of Fund RC-Investment of the Russian Federation calls on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing


Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds talks with Mr. Alexander Sergeevich SHATIROV, chief executive officer of Fund RC-Investment of the Russian Federation.

**Nay Pyi Taw November 9**

A Russian delegation led by Mr. Alexander Sergeevich SHATIROV, chief executive officer of Fund RC-Investment of the Russian Federation, paid a courtesy call on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing at the Office of Chairman of State Administration Council in Nay Pyi Taw this afternoon.

Present at the meeting with the Chairman of State Administration Council Prime Minister Senior General Min Aung Hlaing were Joint Secretary of SAC Lt-Gen Ye Win Oo, Union Minister for Investment and Foreign Economic Relations Dr. Kan Zaw, Union Minister for Natural Resources and Environmental Conservation U Khin Maung Yi and Deputy Minister for Foreign Affairs U Lwin Oo. Chief Executive Officer Mr. Alexander Sergeevich SHATIROV was accompanied by the Russian delegation members, Ambassador of Russian Federation to Myanmar H.E Mr. Iskander Azizov and officials.

At the meeting, they cordially discussed progress in economic cooperation between Russian and Myanmar, cooperation in generation of electricity from solar energy, mineral extraction and value-added production in Myanmar, matters related to energy production, cooperation in conservation of natural resources and environmental conservation, production of fertilizer necessary for the agriculture industry, matters of manufacturing agricultural products of Myanmar as value-added ones and exporting them to Russia, improvement of bilateral friendship relations and cooperation, and tasks to be carried on and exchanged views on the matters discussed.

After the meeting, the Chairman of State Administration Council Prime Minister and the Director of Fund RC-Investment of the Russian Federation exchanged the souvenirs and had a documentary photo taken together with the attendees. 100

# Foreign participation in Yangon Stock Exchange set as percentage

**Yangon November 9**

The participation of foreigners at the Yangon Stock Exchange (YSX), has been set as a percentage, according to sources from the YSX.

Just as there are foreign direct investment (FDI) inflows into the stock market, there are also equity investment inflows. Thus, both are crucial for national development.

In some countries, foreign participation is full or limited while in some countries, it is divided into important and ordinary sectors. In Myanmar, it is said that the participation of foreigners in the stock exchange market is set according to the percentage of companies listed on the YSX.

According to the newly enacted Myanmar Company Law (2017), the maximum 35 percent of foreign investors are allowed to buy and invest in Myanmar companies. Provisions that do not change the status of a company have also been established.

In addition, the companies listed on the stock market are under the supervision of the Securities Exchange Commission of Myanmar, so the necessary instructions have been issued by the commission with Instruction No. 1/2020 dated March 6, 2020.

The ratio of foreign participation in each relevant listed company has been determined by percentage, and the trading volume has been regulated so that the foreign participation ratio does not exceed the set foreign participation ratio.

The ratio of foreign participation in the Yangon stock market is 12.60 percent in First Myanmar Investment Public Co, Ltd (FMI), 4.5 percent in Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH), and zero percent in Myanmar Citizens Bank Ltd, (MCB), 31.5 percent in First Private

Bank Ltd (FPB), 4.5 percent n TMH Telecom Public Co, Ltd (TMH), 1.35 percent in Ever Flow River Group Public Co, Ltd (EFR), 25.72 percent in AMATA Holding Public Co, Ltd (AMATA) and 4.5 percent in Myanmar Agro Exchange Public Ltd. (MAEX). 336



Yangon Stock Exchange.

**From Page 12**

and motorbikes as well as tubes worth some US$65 million abroad yearly. So, encouraging the rubber based industries at home can grasp the domestic rubber market share, create job opportunities and reduce foreign currencies. So, an emphasis must be placed on manufacturing of bicycle and motorbike tyres and tubesat home.

Reportedly, this forum will focus on discussions on implementation of the decisions from previous rubber forum held in 2018 and progress of works. Moreover, departmental officials, scholars, experts, businesspersons and association officials have to give necessary suggestions and requirements for development of Myanmar rubber sector. Among the results from the discussions, it is necessary effectively manage division of labours for State's sector to adopt policies and guidelines, provisions from ministries and responsibilities of the private sector with participation of rubber farmers.

The Senior General thanked the Ministry of Agriculture, Livestock and Irrigation and the Myanmar Rubber Growers and Producers Association for successful holding the Myanmar Rubber Forum-2023, urging relegant ministries, associations, businesspersons, rubber entrepreneurs and rubber farmers to join hands in implementing the future tasks for development of the Myanmar rubber forum not to halt their process at the rubber forum.

Union Minister for Agriculture, Livestock and Irrigation U Min Naung explained purpose of holding the forum.

Next, a video clip on production of rubber in Myanmar was screened.

The Senior General and party posed for documentary photos together with officials from the associations and rubber farmers.

The Senior General and attendees to the forum visited the rubber cultivation booths of Agriculture Department, machinery used in rubber farms, car tyres, bicycle and motorbike tyres produced at home, tubes and rubber products at relevant booths. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းက ကရိုင်းမီးယားကျွန်းဆွယ်ရှိသင်္ဘောကျင်းကို တိုက်ခိုက်ခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်



ယူကရိန်းသည် ကရိုင်းမီးယားကျွန်းဆွယ် အရှေ့ဘက်ကမ်းရိုးတန်းရှိ သင်္ဘောကျင်းတစ်ခုကို ခရုဇ်ဒုံးကျည်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ သင်္ဘောတစ်စီး ပျက်စီးပြီး ဆိပ်ကမ်းတွင် ဒုံးကျည်အပျက်အစီးများ ကျရောက်ပေါက်ကွဲခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ယခုနှစ် နွေရာသီက ရုရှားတပ်များကို တန်ပြန်ထိုးစစ်ဆင်လာချိန်မှစ၍ ယူကရိန်းသည် ရုရှား၏ပင်လယ်နက် စစ်ရေယာဉ်စုရှိ ရေတပ်သင်္ဘောများကို တိုက်ခိုက်ဖျက်ဆီးရန်ရည်ရွယ်၍ ကျွန်းဆွယ်ကို တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာ ၄ ရက်မှာ ယူကရိန်းစစ်ဘက်က ခရုဇ်ဒုံးကျည် ၁၅ စင်းနဲ့ B.E.Butoma (Zaliv)သင်္ဘောကျင်းကို ပစ်မှတ်ထားတိုက်ခိုက်လာခဲ့ပါတယ်"ဟု ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ နိုင်ငံပိုင်သတင်းဌာနများက ရေးသားဖော်ပြခဲ့သည်။

"လေကြောင်းရန်ကာကွယ်ရေးစနစ်တွေက ခရုဇ်ဒုံးကျည် ၁၃ စင်းကို ပစ်ချနိုင်ခဲ့တယ်"ဟု ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပြီး ရန်သူ့ခရုဇ်ဒုံးကျည်ထိမှန်မှုကြောင့် စက်ရုံတွင် ဒေါက်တင်ထားသော သင်္ဘောတစ်စီး ပျက်စီးသွားခဲ့ကြောင်း သိရသည်။

သင်္ဘောမည်မျှ ထိခိုက်ပျက်စီးခဲ့သည်ဆိုသည်နှင့် တိုက်ခိုက်ခံရသည့်သင်္ဘောအမျိုးအစား၊ အမည်ကိုမူ ထုတ်ဖော်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ပစ်ချခံခဲ့ရသော ဒုံးကျည်များမှအပျက်အစီးများသည် အနီးအနားရှိ သင်္ဘောကျင်းတစ်ခုပေါ်သို့ ပြုတ်ကျခဲ့သော်လည်း မည်သူမျှ ထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း ကရိုင်းမီးယားဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူး Sergei Aksyonov က ပြောကြားခဲ့သည်ဟု သိရသည်။

ယခင် ယူကရိန်းတပ်ဖွဲ့များ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ဖူးသော ရုရှားနှင့် ကရိုင်းမီးယား ဆက်သွယ်ဖောက်လုပ်ထားသည့်တံတားကို နိုဝင်ဘာ ၄ ရက်က ခေတ္တပိတ်ထားခဲ့သည်။

ယူကရိန်းဘက်က တိုက်ခိုက်မှုနှင့်ပတ်သက်၍ နိုဝင်ဘာ ၄ ရက်က ကြေညာခဲ့ပြီး အသေးစိတ် အချက်အလက်များကိုမူ နိုဝင်ဘာ ၅ ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယူကရိန်းတပ်ဖွဲ့များသည် Kerch မြို့ရှိ Zaliv သင်္ဘောကျင်း၏ ရေကြောင်းနှင့် ဆိပ်ကမ်းအခြေခံ အဆောက်အအုံများကို နိုဝင်ဘာ ၄ ရက်က တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း Sergei Aksyonov က ပြောကြားခဲ့သည်။

ထို့ပြင် ယူကရိန်းလေတပ်မှ တပ်မှူး Mykola Oleschuk က ရုရှားရေတပ်၏ Kalibr ခရုဇ်ဒုံးကျည်တင် သင်္ဘောတစ်စီးသည် ထိုအချိန်၌ သင်္ဘောကျင်းတွင် ရှိနေခဲ့ပြီး လေယာဉ်မှူးများကို အောင်မြင်သော တိုက်ခိုက်မှုလုပ်ဆောင်နိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ၎င်းက ပြောကြားခဲ့သေးသည်။

ပင်လယ်နက် ကောက်ပဲသီးနှံ တင်ပို့ရေးသဘောတူညီချက်မှ ရုရှားနိုင်ငံ နုတ်ထွက်ပြီးနောက်ပိုင်း ယူကရိန်းနှင့် ရုရှားတို့၏ ပင်လယ်နက်တစ်ဝိုက် တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့သည်။

ယူကရိန်းနိုင်ငံသည် စက်တင်ဘာလကလည်း Sevastopol ဆိပ်ကမ်းမြို့၌ ရုရှားတို့၏ ပင်လယ်နက်ရေယာဉ်စုဌာနချုပ်ကို ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**Ukraine Strikes Shipyard in Russian-Annexed Crimea ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးနှင့် ဟားမတ်စ်ပဋိပက္ခ ပိုမိုမတင်းမာစေရန် အရှေ့အလယ်ပိုင်းတွင် ရေငုပ်သင်္ဘောတစ်စီး အမေရိကန်တပ်ဖြန့်ထား

အမေရိကန်သည် အစ္စရေးနှင့် ဟားမတ်စ် ပဋိပက္ခ ပိုမိုမတင်းမာစေရန်အတွက် နျူကလီးယားစွမ်းအင်သုံး အိုဟိုင်းယိုးအမျိုးအစားရေငုပ်သင်္ဘောတစ်စီး အရှေ့အလယ်ပိုင်းတွင် တပ်ဖြန့်ထားသည်ဟု ပင်တဂွန်စစ်ဌာနချုပ်က နိုဝင်ဘာ ၆ ရက်တွင် ပြောကြားခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက နိုဝင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီဂျစ်နိုင်ငံ စူးအက်တူးမြောင်းကို ဖြတ်ကျော်ခုတ်မောင်းသွားကြောင်း ပြသထားသည့် အဆိုပါရေငုပ်သင်္ဘော၏ဓာတ်ပုံကို အမေရိကန် ဗဟိုစစ်ဌာနချုပ်၏ လူမှုကွန်ရက်အကောင့်တွင် ဖော်ပြထားသည်။

ရေငုပ်သင်္ဘောသည် ယခုအခါ အမှတ်(၅) စစ်ရေယာဉ်စု၏ စစ်ဆင်ရေးဧရိယာတွင် ရောက်ရှိနေပြီဟု ပင်တဂွန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် Pat Ryder က ပင်လယ်ကွေ့၊ ပင်လယ်နီနှင့် အိန္ဒိယသမုဒ္ဒရာ၏ အစိတ်အပိုင်းများပါဝင်သော အမှတ်(၅)စစ်ရေယာဉ်စု၏ လည်ပတ်လုပ်ဆောင်လျက်ရှိသော စစ်ဆင်ရေးဧရိယာတစ်ဝိုက်ကို ရည်ညွှန်းကာ သတင်းထောက်များကို ပြောကြားခဲ့သည်။

"ဒါကဘာလဲဆိုတော့ ဒေသတွင်းမှာ ကျွန်တော်တို့ရဲ့ ဟန့်တားရေးစွမ်းရည်တွေ ပိုင်ဆိုင်ထားနိုင်ဖို့ ကြိုးပမ်းမှုအပေါ် ထပ်လောင်း အာမခံချက်တစ်ရပ်ပါ"ဟု Pat Ryder က ပြောဆိုခဲ့ပြီး အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

အိုဟိုင်းယိုးအမျိုးအစား ရေငုပ်သင်္ဘောတချို့သည် နျူကလီးယားထိပ်ဖူးတပ်ပဲ့ထိန်းဒုံးကျည်များ တပ်ဆင်ထားပြီး အချို့မှာ Tomahawk ခရုဇ်ဒုံးကျည် ၁၅၀ ကျော်ကို သယ်ဆောင်ရန် ထုတ်လုပ်ထားခြင်းဖြစ်သည်။

လက်ရှိ အရှေ့အလယ်ပိုင်းတွင် ရောက်ရှိနေသော အိုဟိုင်းယိုးရေငုပ်သင်္ဘောသည် နျူကလီးယားထိပ်ဖူးတပ်ပဲ့ထိန်းဒုံးကျည်တပ်ဆင်ထားသလား၊ ခရုဇ်ဒုံးကျည် တပ်ဆင်ထားသလားဆိုသည်ကို ဖော်ပြထားခြင်းမရှိသော်လည်း အစ္စရေး-ဟားမတ်စ် ပဋိပက္ခများပြင်းထန်လာချိန်တွင် ခရုဇ်ဒုံးကျည်များ တင်ဆောင်ထားသည့် ရေငုပ်သင်္ဘောမှာ ပိုမိုအသုံးဝင်နိုင်ဖွယ်ရှိသည်ဟု Ryder က ပြောကြားခဲ့သည်။

အစ္စရေးစစ်ဘက်သည် ဂါဇာကမ်းမြောင်ဒေသကို လေကြောင်း၊ မြေပြင်နှင့် ရေတပ်တို့မှ ဘက်ပေါင်းစုံတုံ့ပြန်တိုက်ခိုက်မှုများဖြင့် လက်တုံ့ပြန်ခဲ့ပြီး လူပေါင်း ၁၀၀၀၀ ကျော် သေဆုံးခဲ့သည်ဟု ဂါဇာနယ်မြေခံ ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။



ပဋိပက္ခကို ပိုမိုမတင်းမာစေရန်အတွက် အမေရိကန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင်းရှိ၎င်း၏တပ်ဖွဲ့များကို အင်အားထပ်မံဖြည့်တင်းထားပြီး အခြားအဖွဲ့များက ဆူပူမှုကို အခွင့်ကောင်းယူရန်၊ တင်းမာမှုများ ဆက်လက်မြင့်မားလာရန် မကြိုးစားသင့်ကြောင်း သတင်းစကားပေးပို့ရန် လေယာဉ်တင်သင်္ဘောအုပ် နှစ်ခုအပြင် အခြားစစ်ဘက်စွမ်းအားစုများပါတပ်ဖြန့်ချထားခဲ့သည်။ အီရတ်နှင့် ဆီးရီးယားရှိ အမေရိကန် တပ်အခြေစိုက်စခန်းနေရာများကို ပြီးခဲ့သည့်လက တိုက်ခိုက်မှုများ ဆက်တိုက်ကြုံတွေ့ခဲ့ရာ အမေရိကန်က အီရန်ကျောထောက်နောက်ခံပြု စစ်သွေးကြွအဖွဲ့များ လက်ချက်ဖြစ်ကြောင်း အပြစ်တင်ခဲ့သည်။

**US Nuclear Submarine in Middle East for 'Deterrence': Pentagon ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရမ်းဗြဲမြို့နယ်မှထွက်ရှိသည့် ကမာနှင့်ကျောက်ငါးများကို ရန်ကုန်တိုင်းဒေသကြီးသို့ အဓိကတင်ပို့လျက်ရှိ



**ရမ်းဗြဲ နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်မှထွက်ရှိသည့် ကမာနှင့် ကျောက်ငါးများကို ရန်ကုန်တိုင်းဒေသကြီးသို့ အဓိကတင်ပို့လျက်ရှိကြောင်း ရမ်းဗြဲမြို့နယ်မှ ကမာနှင့်ကျောက်ငါးမွေးမြူရေးပိုင်ရှင် ဦးခင်မောင်အေးက ပြောပြ၍ သိရသည်။

အဆိုပါ ကမာနှင့်ကျောက်ငါးမွေးမြူရေးလုပ်ငန်းများကို ရမ်းဗြဲမြို့နယ်အတွင်းရှိ သဇင်တန်ပေါက်တံတားအနီး ချောင်းရေပြင်တွင် ဝါးဖောင်များဖြင့် စီးပွားဖြစ်မွေးမြူနေကြခြင်းဖြစ်ပြီး ထွက်ရှိလာသည့် ပင်လယ်စာရေထွက်ကုန်များကို ရန်ကုန်တိုင်းဒေသကြီးရှိ ဟိုတယ်၊ မိုတယ်၊ စားသောက်ဆိုင်များသို့ ဖြန့်ဖြူးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ကမာနဲ့ ကျောက်ငါးမွေးမြူရေးလုပ်ငန်းကို ၂၀၁၈၊ ၂၀၁၉ ခုနှစ်လောက်က စပြီးတော့ မွေးဖြစ်တာပါ။ အဓိက လုပ်ကိုင်နေတဲ့ ရေလုပ်ငန်းကတော့ ခြောက်မျိုးလောက်ရှိတယ်။ ဝယ်ရောင်းအနေနဲ့ ကျောက်ပုစွန်၊ ကင်းပုစွန်နဲ့ ကဏန်းပျော့ကို လုပ်ကိုင်ပါတယ်။ ကဏန်းပျော့ကိုတော့ ကိုယ့်ဆီမှာ ၄၅ ရက် မွေးမြူထားရတယ်။ ပြီးမှ ကျောက်ဖြူက အအေးခန်းစက်ရုံတွေကို သွားသွင်းပါတယ်။ ကမာနဲ့ ကျောက်ငါးကို မွေးထားပြီးတော့ ရောင်းတမ်းဝင်အရွယ်ရောက်မှ ရန်ကုန်မြို့နဲ့ ပေလီတို့မှာရှိတဲ့ ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်တွေနဲ့ ရေလုပ်ငန်းကုန်စည်ဒိုင် ဈေးကွက်တွေကို အဓိကထားပို့ပါတယ်"ဟု ကမာနှင့် ကျောက်ငါးမွေးမြူရေးပိုင်ရှင် ဦးခင်အေးမောင်က ပြောပြသည်။

ကမာကောင်များမှာ ရောင်းတမ်းဝင် အရွယ်အစားတစ်ကောင်လျှင် ငွေကျပ် ၁၅၀၀ မှ ငွေကျပ် ၂၅၀၀၊ ကဏန်းပျော့မှာ တစ်ကီလိုလျှင် ငွေကျပ် ၁၄၅၀၀၊ ကျောက်ပုစွန်နှင့် ကင်းပုစွန်ဆိုပါက တစ်ကီလိုလျှင် ငွေကျပ် ၁၅၀၀၀၀ ရှိပြီး ကျောက်ငါးဈေးမှာ တစ်ကီလိုတစ်ကောင်လျှင် ငွေကျပ် ၆၅၀၀၀ မှ ငွေကျပ် ၇၀၀၀၀ ထိရှိကြောင်း သိရသည်။

ASH

# ဟသ်ာတမြို့နယ် မန်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဟသ်ာတ နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် သံကြိုးတန်းကျေးရွာအုပ်စု မန်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူသင်းနှင့် တာဝန်ရှိသူများ၊ ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် အင်ဂျင်နီယာများအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မန်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



မန်းကုန်းကျေးရွာ၌ အရှည် ပေ ၁၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၈၀ အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ကျေးရွာရှိ အိမ်ထောင်စု ၁၁၉ စု၊ လူဦးရေ ၅၆၂ ဦးတို့အတွက် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းသန်းစိုး**

# ချောင်းဆုံမြို့နယ် ကွမ်လှာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**ချောင်းဆုံ နိုဝင်ဘာ ၉**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်လှာကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အသင်းဝင်များ လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၀ ဒသမ ၁၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကွမ်လှာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ရန်ပုံငွေကျပ် ၁၀ ဒသမ ၁၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၁၁-၂၀၂၃**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၁၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာမှုအခြေအနေများ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံမှ တွင်းထွက်သတ္တုများ ထုတ်လုပ်ရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝသယံဇာတများ ထိန်းသိမ်းနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေသြဇာများ ထုတ်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV တို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တတိယအကြိမ် စုပေါင်းမဟာဘုံကထိန်နှင့် မိုးပေါ်ကျကထိန် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တတိယအကြိမ် စုပေါင်းမဟာဘုံကထိန်နှင့် မိုးပေါ်ကျကထိန် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင်ကျင်းပရာ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ယခုတတိယအကြိမ် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ကထိန်မရရှိသေးသော ချမ်းအေးသာစံမြို့နယ် အနောက်ခင်မကန်တိုက်ရှိ ကျောင်းတိုက် ၃၃ ကျောင်းမှ ဆရာတော်၊ သံဃာတော် စုစုပေါင်း ၃၀၆ပါး ကို ဆွမ်း၊ ဆွမ်းဟင်းများနှင့် ကထိန်လှူဖွယ်ပစ္စည်းများ လောင်းလှူသွားမည်ဖြစ်ပါကြောင်း၊ မိုးပေါ်ကျကထိန် အလှူတော်မင်္ဂလာကို အောင်မြေသာစံမြို့နယ်ရှိ အတုမရှိကျောင်းတော်ကြီး၌ ကျင်းပသွားမည်ဖြစ်ပြီး ထည့်ဝင်လှူဒါန်းကြသည့် အလှူငွေများနှင့်ပဒေသာပင်များကို လှူဒါန်းသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟာမှုမရှိစေရေးနှင့် ဆရာတော်၊ သံဃာတော်များ စိတ်ချမ်းမြေ့စေရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများက လုပ်ငန်းကော်မတီအလိုက် တာဝန်များ ခွဲဝေချထားပေးမှုအခြေအနေများနှင့် ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အေရိုးဗစ်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၉**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် "၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အေရိုးဗစ်ပြိုင်ပွဲ"ကို နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသမီးအသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကိုစိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့)လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုအရ နေရပ်စွန့်ခွာသူများကို ပြန်လည်စိစစ်လက်ခံရေးနှင့်နေရာချထားရေးအတွက် အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက် မဟာမင်းကြီး Mr. Raouf Mazou ကို ယနေ့ညနေ ၃ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများတွင်နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီအနေဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုအရ နေရပ်စွန့်ခွာသူများကို ပြန်လည်စိစစ်လက်ခံရေးနှင့် နေရာချထားရေးအတွက် အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်နေသည့်အစီအမံများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှု




အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များတွင် လိုအပ်သလိုပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်း အတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်တွင် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသွားမည်

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အစည်းအဝေးကိုဖွင့်လှစ်ပြီး အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ခရစ်နှစ် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း။

ယခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယခင်နှစ်များနည်းတူ ဖိတ်ကြားသွားမည်ဖြစ်ပြီး အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ကြီးအမှူးပြုသော ဆရာတော်ကြီးနှစ်ပါး၊ ဒေသခံပင့်သံဃာတော်များဖြစ်သည့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဩဝါဒါစရိယဆရာတော်ကြီး ရှစ်ပါး၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သုံးပါး၊ နေပြည်တော်သံဃနာယကအဖွဲ့ဆရာတော် ငါးပါးနှင့် ကထိန်ခံကျောင်းတိုက်မှ ပဓာန နာယကဆရာတော်အမှူးပြုသော ပင့်သံဃာ ကိုးပါး စုစုပေါင်းဆရာတော်ကြီး ၂၇ ပါးတို့ကို ပင့်လျှောက်ပြီး ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပါကြောင်း။

အခမ်းအနားကျင်းပရေးဆပ်ကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ စည်းကမ်းများနှင့်အညီ နေရာချထားနိုင်ရေးနှင့် သံဃာရာမကျောင်းဆောင်များနှင့် ဗိမာန်တော်ကြီးတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာပစ္စည်းများ စီမံဆောင်ရွက်ထားရှိရန်၊ ပဒေသာပင်များ စီစဉ်ရေးဆပ်ကော်မတီအနေဖြင့် နိုင်ငံတော်အဆင့်အခမ်းအနားနှင့် လျော်ညီစွာ တင့်တယ်ကြည်ညိုဖွယ်ဖြစ်စေရန်အတွက် ပဒေသာပင်များကို စနစ်တကျခင်းကျင်းပြသနိုင်ရေး၊ အရွယ်အစားတစ်ပြေးညီဖြစ်စေရန်နှင့် သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်အတွင်း အချိန်မီရောက်ရှိရေး အလေးထားဆောင်ရွက်ပြီး ပို့ဆောင်ရာတွင်လည်း အထူးအလေးထား ပို့ဆောင်ကြရန်လိုအပ်ကြောင်း။

အထူးဂရုပြုရမည်မှာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ခံကျွေးမွေးခြင်းတို့တွင် ဝေယျာဝစ္စဆောင်ရွက်ကြမည့် ရုံးဝန်ထမ်းများနှင့် ဟိုတယ်ဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသူများဖြစ်ရန်နှင့် RFID ကတ်များကြိုတင်ပြုလုပ်ထားပြီး လူပြောင်းလဲတာဝန်ထမ်းဆောင်ခြင်းမျိုးမဖြစ်စေရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်ထားရှိသည့် အသေးစိတ်အခြေအနေများကို ဆွေးနွေးတင်ပြ၍ ဆပ်ကော်မတီအသီးသီးကလည်း ဆပ်ကော်မတီအလိုက်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသောဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းသည်။ ထို့နောက် ဆက်ကပ်လှူဒါန်းမည့်လှူဖွယ်ပစ္စည်းများ ခင်းကျင်းပြင်ဆင်ထားမှုနှင့် ဆွမ်းဆက်ကပ်ဧည့်ခံကျွေးမွေးရန် စားပွဲဝိုင်းများပြင်ဆင်ထားမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သမဝါယမကောလိပ်(မန္တလေး၊ ဖောင်ကြီး) ပထမနှစ်၊ ဒုတိယနှစ်သင်တန်းများ နိုဝင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမဦးစီးဌာန**

ကြေညာချက်

**သမဝါယမကောလိပ်(မန္တလေး၊ ဖောင်ကြီး) ပထမနှစ်၊ ဒုတိယနှစ်သင်တန်းများ ဖွင့်လှစ်ခြင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)တို့တွင်၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ် (၂၀၂၃ ခုနှစ်အောင်) (ပထမနှစ်ဝင်)သင်တန်းနှင့် ဒုတိယနှစ်(ပထမနှစ်ဝင်)သင်တန်းများကို နိုဝင်ဘာ ၁၆ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ပထမနှစ်(ပထမနှစ်ဝင်)သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝင်၊ ဒုတိယနှစ်ဝင်) သင်တန်းအားလုံးကို နိုဝင်ဘာ ၂၃ ရက်၌ စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်(ပထမနှစ်ဝင်)သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများစာရင်းကို နိုဝင်ဘာ ၉ ရက်၌ ဝန်ကြီးဌာန၏ website ဖြစ်သည့် https://mcrd.gov.mm နှင့် သက်ဆိုင်ရာ သမဝါယမကောလိပ်များတွင် ကြေညာပေးသွားမည်ဖြစ်သည်။

**သမဝါယမဦးစီးဌာန**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ငပုတောမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၉**

ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ဆရာဝန်များ၊သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင်ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၆၃ ဦး၊ ခွဲစိတ်ရောဂါ ၂၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၁၉ ဦး၊ အရိုးရောဂါ ၂၇ ဦး၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ ၂၁ ဦး၊မျက်စိရောဂါဦးရေ ၄၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၂၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ထို့ပြင်အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ မာတ်မှန်ရိုက်လူနာ လေးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ခုနစ်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ခြောက်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၃ ဦး စုစုပေါင်း ၂၁၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ တစ်ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကိုနယ်မြေခံရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ မျက်စိခွဲစိတ်လူနာများကို ဆေးမျက်မှန်များတပ်ဆင်ပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့ပြင် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၌ ၂၀၁၆ ခုနှစ် မတ် ၂ ရက်တွင်မွေးဖွားပေးခဲ့သည့်သမီးငယ် မေသံလွင်ကို တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ပြည်တော်အေးဆိပ်ကမ်းသို့ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ အဆိုပါနယ်လှည့်အထူးကုဆေးအဖွဲ့သည် မြန်အောင်မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌အခြေပြု၍ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၃၁ ဦး၊ ခွဲစိတ်ရောဂါ ၉၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ခြောက်ဦး၊ အရိုးရောဂါ ၁၉၇ ဦး၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ ၅၈ ဦး၊ မျက်စိရောဂါ ၂၂၈ ဦးနှင့် သွားရောဂါ ကိုးဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ထို့ပြင် အထွေထွေခွဲစိတ်လူနာ သုံးဦး၊ တယ်လီဖီးရှင်းဓာတ်မှန်ရိုက်လူနာ ၂၂ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ရှစ်ဦး စုစုပေါင်း ၈၃၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ တစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

၎င်းအပြင် မြန်အောင်မြို့နယ် မြို့မရေလယ်ကျွန်းနေ ဦးနေလင်းအောင်၏ဇနီးဖြစ်သူ ဒေါ်ယမင်းသူအား သားဖွားမီးယပ်ပါရဂူ ဗိုလ်ကြီးအောင်အောင်က သားဦးရတနာကို ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ခွဲစိတ်၍ မွေးဖွားပေးခဲ့ရာ ကလေးငယ်မှာ ကိုယ်အလေးချိန် ခုနစ်ပေါင် ခုနစ်အောင်စရှိ သားငယ်လေးကို မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။ အဆိုပါကလေးငယ်ကို ကာကွယ်ရေးဦးစီးချုပ်(ရေ)က မောင်ဘုန်းလင်းရွှေဟု အမည်ပေးပြီး ထောက်ပံ့ငွေနှင့်အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တာဝန်ရှိသူများက ကိုယ်စားပေးအပ်သည်။ အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဆုံးအကြိမ်မွေးဖွားသောကလေးငယ်ဖြစ်ပြီး တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၏ ဆေးကုသမှုသမိုင်းမှတ်တမ်းတွင် ၂၇ ယောက်မြောက်အဖြစ် အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုယခုလိုပဲကြားသိခဲ့ရပါတယ်-

**ဒေါ်ညွန့်ကြည် ကညင်ချောင်းကျေးရွာ ဟိုင်းကြီးကျွန်းမြို့**

မျက်စိကတော့ ကွယ်တာတစ်နှစ်ကျော်သွားပါပြီ။ နယ်လှည့်ဆေးကုသဘော်လာတယ်ဆိုတော့ အရမ်းပျော်ပြီးတော့ အခုလိုလာရောက်ကုသတာပါ။ မျက်စိကမကုနိုင်တော့ဘူးလို့ ညတိုင်းငိုမိပါတယ်။မနက်တိုင်းသမီးဖြစ်သူ ဈေးရောင်းဖို့သွားရင်လည်း ထမင်းအိုးကို မမြင်မစမ်းနဲ့တည်ရပါတယ်။ ငါကိုကုသပေးမယ့်သူမရှိပါလားလို့ တွေးမိပါတယ်။အခုလိုကြားတော့ ဘယ်လိုဝမ်းသာမှန်းမသိပါဘူး။အခုလို့ကုသပေးတဲ့အတွက် အရမ်းပျော်မိပါတယ်။မျက်စိကညာဘက်က အရမ်းဆိုးပြီး ဘယ်ဘက်က မှုန်ပြီးတော့ အခုတော့ကောင်းသွားပါပြီ။ အကုန်မြင်ရပါပြီ။ အခုတော့မျက်စိကောင်းသွားတော့ ဈေးရောင်းဈေးဝယ် အရမ်းလုပ်ချင်တာပါ၊ အခုလုပ်လို့ရပါပြီ။အခုလိုမျက်စိလည်းကုပေး





တယ်။ စားရေးသောက်ရေးကအစ အကုန်စီစဉ်ဆောင်ရွက်ပေးပါတယ်။ လမ်းစရိတ်လည်းမကုန်ပါဘူး။ကားနဲ့လိုက်ပို့ပေးပါတယ်။ အခုလည်း ကားနဲ့ပြန်ပို့ပေးမယ်လို့ပြောပါတယ်။အခုလိုစေလွှတ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲကို အများကြီးကျေးဇူးတင်ပါတယ်။

**မရှိမာဝင်း ရေကန်ကျေးရွာ မြန်အောင်မြို့**

ကျွန်မက ခုဆိုနှစ်နှစ်လောက်ရှိပြီပေါ့နော်။ မနက်မိုးလင်းကတည်းက အမှုန်ဝင်တာပေါ့။ လယ်လုပ်တာဆိုတော့ စပါးအမှုန်တွေဘာတွေဝင်တာပေါ့။ တစ်နေ့လုံးနှာချေတယ်ညအိပ်လိုက်တယ် မနက်ကျကောင်းသွားတယ်ဆိုတော့ နည်းနည်းပေါ့နေတာပေါ့။ ဆရာဝန်တွေဘာတွေ ပြကြည့်လိုက်တော့ ထိပ်ကပ်နာဖြစ်ချင်တဲ့ ရောဂါဆိုတော့ ဆေးလေးဘာလေးသောက်လိုက် ပျောက်လိုက်နဲ့ နှစ်နှစ်ကျော်ပြီဆိုတော့ ခုကျတော့ မြို့က ပါရဂူတွေလာမယ် ပြကြည့်ပါလားဆိုတော့ ကြားလို့လာခဲ့တာပါ။ ထိပ်ကပ်နာဖြစ်ချင်တဲ့ရောဂါပေါ့နော်။ရေချိုးလဲစောစောချိုးသူတို့ဆေးလေးတွေလည်း ပေးလိုက်တယ်။ သောက်နေတော့ ပျောက်နေတာပဲ ပျောက်နေတော့ ပေါ့နေလိုက်တာပေါ့။ လေးရက်ငါးရက်ခြားမှဖြစ်တယ်။ တစ်ခါတလေကျ ၁၀ ရက်ခြားမှဖြစ်တယ်ဆိုတော့။ အဲ့လိုနဲ့ ပဲနေလိုက်တာ။ ခုမှ ပါရဂူတွေလာမယ်ဆိုတော့ ဒီကဆရာဝန်တွေနဲ့အဆင်ပြေမယ်ထင်လို့လာလိုက်တာ။ ဒီကဆရာဝန်တွေက အကုန်စေတနာကောင်းပါတယ်။ ရောက်တာနဲ့ အကုန်ကြိုဆိုတာတွေရောအဆင်ပြေပါတယ်။ တချို့ကျတော့ ငွေကြေးမတတ်နိုင်ကြဘူးလေ။ ပြဖို့သဖို့ကျတော့ ဘယ်လိုလုပ်အဆင်ပြေမှာလဲ။ ပိုက်ဆံမတတ်နိုင်တော့ တော်ရုံတောသူတောင်သားတွေမလုပ်နိုင်ကြဘူး။အခုဟာကတော့ တောသူတောင်သားတွေရော မရှိတဲ့သူရော ရှိတဲ့သူရော အကုန်လုံးအတွက် အဆင်ပြေပါတယ်။ အခုလိုလာလုပ်ပေးတာလေ။ ကိုယ်တွေက အစက အမှန်ပြောရရင်သွားမယ်လာမယ်ဆို မသွားနိုင်ဘူးပေါ့။ သွားဖို့အရေးကိုခက်ခဲနေတာအခုဟာကတော့ ဒီမှာလာတာအဆင်ပြေပါတယ်။ လာရောက်ကုသပေးတဲ့ ဆရာဝန်တွေအားလုံးကိုကျေးဇူးတင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တွေလိုပဲ တခြား





သူတွေလဲ အဆင်မပြေတဲ့သူတွေရှိကြမှာပါ။ အခုလိုစီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေအားလုံးကို ကျွန်မအနေနဲ့ တကယ့်ကိုကျေးဇူးတင်ပါတယ်။ အားလုံးအတွက် အဆင်ပြေအောင်လုပ်ပေးတဲ့အတွက် တကယ့်ကိုကျေးဇူးတင်ပါတယ်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ဆုကြေးငွေနှင့် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသား ခုနစ်ဦးသည် ၎င်းတို့နှင့်အတူ ပါလာသည့် ကာဘိုင် တစ်လက်၊ ၎င်းကျည် ၁၀ တောင့်၊ M-22 တစ်လက်နှင့် ၎င်းကျည် ငါးတောင့်တို့ကို အပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်ပါရှိသူနှစ်ဦးအတွက် သေနတ် တစ်လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ်နှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၁၀၀ နှင့် တစ်ဦးလျှင်ထောက်ပံ့ငွေ ငါးသိန်းကျပ်စီထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက လက်ခံရယူပြီး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်၊ခဲယမ်းများပါရှိမှုအတွက်ဆုကြေးငွေများပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်းပြန်လည် ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။





ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး PDF အဖွဲ့ဝင်တစ်ဦးကို ဆုကြေးငွေနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်း။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရေရှည်ပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၉**

ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နေ့လယ်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ရှိ နယ်မြေခံတပ်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရေရှည်ပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး ဘုတ်ပြင်းမြို့နယ်ရှိ နယ်မြေခံတပ်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ခရမ်းကျောင်းဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၄ ပါးတို့ကို ခွဲစိတ်ကုသမှုရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➢ ➢ ➢




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့နေ့လယ်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# PDF အမည်ခံ အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် မြင်းချင်းကျေးရွာရှိ မင်္ဂလာဆောင်ပွဲနှင့် သီးလုံးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ ဆွမ်းကျွေးအလှူပွဲတို့ကို Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်

PDF အမည်ခံအကြမ်းဖက်သမားများက မြင်းချင်းကျေးရွာရှိ မင်္ဂလာဆောင်ပွဲသို့ Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သည့်နေရာပြပုံ



PDF အမည်ခံအကြမ်းဖက်သမားများက သီးလုံးကျေးရွာရှိ ဆွမ်းကျွေးအလှူပွဲသို့ Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သည့်နေရာပြပုံ



**နေပြည်တော် နိုဝင်ဘာ ၉**

PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ၎င်းတို့အဖွဲ့အား ထောက်ခံအားပေးမှုမရှိသည့် မြို့နယ်များအတွင်းစစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သားပြည်သူများ သွားလာရာလမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများသို့ လက်နက်ကြီး၊ Drop Bomp များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြင်းချင်းကျေးရွာရှိ ဦးစိုးပိုင်၏နေအိမ်၌ နိုဝင်ဘာ ၈ ရက်တွင် မင်္ဂလာဆောင်ပွဲပြုလုပ်နေစဉ်နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင်PDFအမည်ခံအကြမ်းဖက်သမားများက ကျေးရွာ၏ မြောက်ဘက်မှနေ၍ Drone များအသုံးပြုကာ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာဗုံးသီးကျရောက်ပေါက်ကွဲမှုကြောင့်မင်္ဂလာဆောင်သို့ရောက်နေသည့် အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသား တစ်ဦး သေဆုံးပြီးအသက် ၁၀ လအရွယ် ကလေးငယ် တစ်ဦးအပါအဝင် စုစုပေါင်း ၁၆ ဦးဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အလားတူ ရွှေဘိုမြို့နယ် သီးလုံးကျေးရွာရှိ မင်းကြီးဘုန်းတော်ကြီးကျောင်းတိုက်၌ နံနက် ၁၀ နာရီခန့်တွင် ဆွမ်းကျွေးပြုလုပ်နေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက Droneများအသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာဗုံးသီးများ ကျရောက်ပေါက်ကွဲမှုကြောင့် ဆွမ်းကျွေးအလှူပွဲသို့ ရောက်ရှိနေသည့် သံဃာတော်တစ်ပါးနှင့် အမျိုးသမီးတစ်ဦးတို့ ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဒဏ်ရာရရှိခဲ့သူများအား ရွှေဘိုမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးနှင့် နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါကနိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Win Thandar"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ ဝင်းသန္တာထွန်းကို နံနက် ၁၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Hlaing Phone Myint" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ လှိုင်ဘုန်းမြင့် ကိုမွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ "MohMoh" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်နေ မိုမိုမြင့် ကိုညနေ ၃နာရီတွင်လည်းကောင်း၊ "Wai Lin Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဝေလင်းစိုး (ခ)သံဖြတ်ကို ညနေ ၃နာရီ မိနစ် ၄၀တွင်လည်းကောင်း၊"Acharya Kancho" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက်နေ ဂိုလ်ကူးလ် (ခ) ခင်မောင်ထွန်းကို ညနေ ၅ နာရီတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကိုဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းမိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ပါရာဂွေးနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၃၇၀၀ ထက်မနည်း ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



**အာဆွန်စီယွန် နိုဝင်ဘာ ၉**

ပါရာဂွေးနိုင်ငံတောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံဦးရေ ၃၇၀၀ ထက်မနည်း ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ပါရာဂွေးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ပါရာနာမြစ်ရေလျှံတက်ကာ အယိုလက်စ်မြို့အပြင် အနီးဝန်းကျင်ရှိမြို့များတွင်လည်း ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိကြောင်း၊ အယိုလက်စ်မြို့အပါအဝင် ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် မြို့ငါးမြို့ထိရှိနေပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် လူဦးရေ ၃၅၀၀၀ ထက်မနည်းရှိနေကြောင်း၊ ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် ဧရိယာအတွင်း နေထိုင်သော ဒေသခံများအနက် အန္တရာယ်ဇုန်အတွင်း တည်ရှိနေသည့် ဒေသခံဦးရေ ၃၇၀၀ ထက်မနည်း ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

"အယိုလက်စ်မြို့နဲ့ အနီးပတ်ဝန်းကျင်က မြို့တွေမှာ ရေဘေးအန္တရာယ်ဖြစ်ပေါ်နေတယ်။ ရေကြီးရေလျှံမှုတွေနဲ့ရင်ဆိုင်နေရတဲ့ ပြည်သူတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးထားပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းပေးထားရတဲ့ ဒေသခံတွေကိုတော့ ယာယီကယ်ဆယ်ရေးစခန်းမှာ နေရာချပေးထားပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ၊ သေဆုံးသူတွေမရှိပါဘူး"ဟု ပါရာဂွေးအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသော မြို့ကြီးငါးမြို့တွင် စာသင်ကျောင်းများကို ယာယီပိတ်ထားရပြီး လမ်းမကြီးတချို့ရေလွှမ်းနေသည့်အတွက် ဆက်သွယ်သွားလာရေးပြတ်တောက်မှုများဖြစ်ပေါ်နေကြောင်း၊ ရေဘေးဒဏ်သင့်ပြည်သူများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးရာတွင်လည်း ကယ်ဆယ်ရေးဝန်ထမ်းများက အသက်ကယ်လှေများဖြင့် ရွှေ့ပြောင်းပေးနေကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဘန်ဒါပင်လယ်အနီးတွင် ၇ ဒသမ ၂ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွား

**ဂျကာတာ နိုဝင်ဘာ ၉**

အင်ဒိုနီးရှားနိုင်ငံ-အရှေ့တီမောနိုင်ငံနယ်စပ်တွင် တည်ရှိသော ဘန်ဒါပင်လယ်အနီးတွင် နိုဝင်ဘာ ၈ ရက်က ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှား မြေငလျင်နှင့် ဆူနာမီစင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် မာလူကာစီရင်စုရှိ ဒေသများတွင် မြေငလျင်လှိုင်းရိုက်ခတ်မှု ဖြစ်ပွားခဲ့ပြီး မြေငလျင်ဗဟိုပြုလှုပ်ခတ်ခဲ့သည့်ဧရိယာသည် နေအိမ်များဖြင့် ဝေးကွာသည့်အတွက် ကြီးမားသော ပျက်စီးဆုံးရှုံးမှု မရှိခဲ့ကြောင်း၊ ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်ခဲ့ပြီးနောက် အသေးစားမြေငလျင် လှုပ်ခတ်မှု ၄၅ ကြိမ်ထိ ထပ်မံလှုပ်ခတ်ခဲ့ကြောင်း၊ အသေးစားမြေငလျင် ၄၅ ကြိမ် လှုပ်ခတ်ခဲ့ရာတွင် တစ်ကြိမ်မှာ ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျူထိရှိခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာ ၈ ရက်က ဘန်ဒါပင်လယ်အနီးမှာ ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်လှုပ်ခတ်မှု အားပြင်းခဲ့ပေမဲ့ နေအိမ်တွေနဲ့ ဝေးလံတဲ့နေရာမှာ လှုပ်ခတ်ခဲ့တဲ့အတွက် ပျက်စီးဆုံးရှုံးမှုတွေမရှိခဲ့ပါဘူး။ ဒါပေမဲ့ နောက်ဆက်တွဲမြေငလျင်လှုပ်ခတ်မှုအနေနဲ့ မြေငလျင်နောက်ထပ် ၄၅ ကြိမ်ထိ လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်လှိုင်းဒဏ်သင့်ခဲ့တဲ့ နေအိမ်တွေ၊ အခြေခံအဆောက်အအုံတွေကို စစ်ဆေးဖို့လဲ တာဝန်ရှိသူတွေဆီ တင်ပြထားပါတယ်။ လိုအပ်တာတွေစစ်ဆေးပြီးမှ ဒေသခံတွေကို နေအိမ်တွေမှာ နေထိုင်ခွင့်ပြုသင့်ပါတယ်"ဟု အင်ဒိုနီးရှားမြေငလျင်နှင့် ဆူနာမီစင်တာမှ ပြောရေးဆိုခွင့်ရှိသူ ဒါယိုနိုက ပြောကြားခဲ့သည်။

ပြင်းအားများသည့် မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့သော်လည်း မြေငလျင်နောက်ဆက်တွဲပြဿနာဖြစ်သည့် ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိကြောင်း အင်ဒိုနီးရှား မြေငလျင်နှင့် ဆူနာမီစင်တာက ထုတ်ပြန်ခဲ့သည်။

Ref : Xinhua News
Trs : Sai Sat

# ရာသီဥတုဖောက်ပြန်မှုကြောင့် ဆီးရီးယား၊ အီရတ်နှင့် အီရန်နိုင်ငံတို့တွင် ပြင်းထန်သောမိုးခေါင်ရေရှားမှုများ ဖြစ်ပွားနိုင်ခြေပိုများလာ

**လန်ဒန် နိုဝင်ဘာ ၉**

ရာသီဥတုဖောက်ပြန်မှုကြောင့် ဆီးရီးယား၊ အီရတ်နှင့် အီရန်နိုင်ငံတို့တွင် ပြင်းထန်သော မိုးခေါင်ရေရှားမှုများဖြစ်ပွားနိုင်ခြေ ပိုများလာကြောင်း ကမ္ဘာ့မိုးလေဝသတွက်ချက်ခြင်းဆိုင်ရာ သုတေသနပညာရှင်များက စစ်တမ်းတစ်ရပ်ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါနိုင်ငံများတွင် ၂၀၂၀ ပြည့်နှစ်မှစတင်၍ မိုးရွာသွန်းမှုအလွန်လျော့နည်းခဲ့ပြီး အပူချိန်အဆက်မပြတ် မြင့်တက်မှုများကို ကြုံတွေ့ခဲ့ရကြောင်း၊ ကောက်ပဲသီးနှံများပျက်စီးပြီး စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်ခဲ့ကြရကာ လူသန်းပေါင်းများစွာကိုလည်း အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။



ရာသီဥတုပြောင်းလဲမှုများနှင့် ပတ်သက်၍ ကမ္ဘာ့မိုးလေဝသတွက်ချက်ခြင်းဆိုင်ရာ သုတေသနပညာရှင်များ၏ လေ့လာမှုများအရ လာမည့်အနာဂတ်ကာလများတွင် မိုးခေါင်ရေရှားမှုသည် ဆီးရီးယားနှင့် အီရတ်တွင် ဆယ်စုနှစ်တစ်ခုလျှင် အနည်းဆုံးနှစ်ကြိမ်၊ အီရန်နိုင်ငံတွင် ဆယ်စုနှစ်တစ်ခုလျှင် တစ်ကြိမ် မိုးခေါင်ရေရှားမှုဖြစ်ပွားလာနိုင်ကြောင်း၊ ကမ္ဘာကြီးပူနွေးမှုမှာလည်း ပိုမိုဆိုးရွားလာမည်ဖြစ်ကြောင်း သိရသည်။

ယခုလေ့လာမှုသည် ရာသီဥတု၏ အရေးပါမှုများကို သက်သေပြပေးခဲ့ကြောင်း၊ မကြာမီဒူဘိုင်း၌ ကျင်းပပြုလုပ်မည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာထိပ်သီးညီလာခံ (COP 28) တွင် ၎င်းလေ့လာမှုက ဆွေးနွေးညှိနှိုင်းမှုများအတွက် အကျိုးသက်ရောက်မှု ရှိစေလိမ့်မည်ဖြစ်ကြောင်း လေ့လာမှုတွင်ပါဝင်သော လန်ဒန်အခြေစိုက် Frantham Institute of Climate Change and Environment မှ သိပ္ပံပညာရှင် Ben Clarke က ပြောကြားခဲ့သည်။

Ref : Xinhua News
Trs : AZH

# New Zealand Fonterra က ၂၀၃၀ ပြည့်နှစ်တွင် မွေးမြူရေးနှင့်စိုက်ပျိုးရေးလုပ်ငန်းမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု ၃၀ ရာခိုင်နှုန်းလျှော့ချနိုင်ရန် ဆောင်ရွက်မည်

**ဝယ်လင်တန် နိုဝင်ဘာ ၉**

နို့ထွက်ပစ္စည်းထုတ်လုပ်ဖြန့်ချိရေးကုမ္ပဏီဖြစ်သော New Zealand Fonterraကုမ္ပဏီသည် နယူးဇီလန်အစိုးရ၏ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအစီအစဉ်များကို ကူညီပေးရန်အတွက် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကုမ္ပဏီကဆောင်ရွက်နေသော မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ပုံမှန်ထုတ်လွှတ်နေသည့်ပမာဏထက် ၃၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ရန် ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နယူးဇီလန်နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကအားထားသည့် နိုင်ငံဖြစ်ကြောင်း၊ နယူးဇီလန်နိုင်ငံ၏ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု စုစုပေါင်းပမာဏ၏ထက်ဝက်ခန့်မှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍမှဖြစ်ပြီး New Zealand Fonterra ကုမ္ပဏီသည် နယူးဇီလန်နိုင်ငံရှိ အကြီးဆုံးသော နို့ထွက်ပစ္စည်းထုတ်လုပ်ဖြန့်ချိသည့် ကုမ္ပဏီဖြစ်သည့်အတွက် နယူးဇီလန်နိုင်ငံ၏ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုတွင် အဓိကတာဝန်ရှိသည့်ကုမ္ပဏီလည်းဖြစ်ကြောင်း သိရသည်။

"ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တွေ လျော့ကျလာအောင်လုပ်ဖို့ကတော့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ နည်းပညာအသစ်တွေ ပြောင်းလဲအသုံးပြုနိုင်ဖို့ လိုအပ်တယ်။ စိုက်ပျိုးရေးလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချနိုင်ဖို့အတွက် နည်းပညာအသစ်တွေ အသုံးပြုဖို့ဆိုတာကလဲ ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ ဒါပေမဲ့ အောင်မြင်အောင် ဆောင်ရွက်သွားပါမယ်"ဟု အဆိုပါကုမ္ပဏီ၏ဥက္ကဋ္ဌ ပီတာမက်ဘရိုက်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။



၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



# ကတိသစ္စာတည်စေချင်သော်လည်း

ကိုရွှေတောသား(ဆင်ကူး)



(၁)

"ထွန်းမောင်ကို ဒါမျိုးလာမလုပ်နဲ့ အားလုံးမသာပေါ်သွားမယ်။ ကြိုက်တဲ့ကောင်ထွက်ခဲ့ ဘယ်ကောင့်မှ သောက်ဂရုမစိုက်ဘူးကွ"

"ဝုန်း"

"ကဲကွာ"

အမြဲတမ်းလိုလို ကြားနေကျအသံဖြစ်သော်လည်း နုနု ပိုပြီးကြောက်နေမိသည်။ အထူးသဖြင့် နုနုတို့က သည်အမေနှင့် သည်သမီးနှစ်ဦးတည်းရှိသည်။ အိမ်နှင့် လမ်းက ကပ်လျက်မို့ ပို၍ကြောက်နေမိသည်။ တစ်ခါတလေ ကိုထွန်းမောင်ကြီးက နုနုတို့သားအမိကြောက်မှန်းသိ၍လားမပြောတတ်၊ အိမ်ရှေ့နားရောက်မှ အော်ပြီး မိုက်ကြေးခွဲ ဗိုလ်ကျတတ်သည်။ ရွာထဲရှိလူအများကလည်း ကိုထွန်းမောင်ကြီး ဘာပဲပြောပြော ဘယ်သူကမျှ အရေးတယူလုပ်ပြီး ရန်တုမဖြစ်ကြပေ။ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်အိမ်ကိုယ်နေပင်။ နုနုတို့သားအမိကသာ မတော်လို့များ ကိုယ့်အိမ်ထဲဝင်လာမလားတွေးပြီး ကြောက်နေကြရသည်။ မေမေဆိုလျှင် ကိုထွန်းမောင်ကြီးအသံကြားသည်နှင့် တုန်ယင်နေသည်။ ဘုရားရှိခိုးနေလျှင်တောင် ဆက်၍ရှိမခိုးရဲ။ မီးအိမ်လေးကိုငြိမ်းပြီး သားအမိနှစ်ဦး ငြိမ်ကုပ်နေကြရသည်။

"သမီးလေး မှတ်ထားနော် လင်သားယူအိမ်ထောင်ပြုဖို့စဉ်းစားရင် အဲဒီလိုလူမျိုး ဝေးဝေးကရှောင် ကြားလားသမီး"

ကိုထွန်းမောင်ကြီး ခပ်ဝေးဝေးရောက်သွားသည်နှင့် မေမေက နုနုကို ထိုသို့အမြဲပြောတတ်သည်။ နုနုက "ဟုတ်ကဲ့ပါမေမေ၊ ဒီလောက်ကြောက်ဖို့ကောင်းတဲ့လူကို သမီးမပြောနဲ့ ဘယ်မိန်းကလေးကမှ စဉ်းစားမှာမဟုတ်ဘူး"ဟုပြောမှ မေမေက ကျေနပ်သည်။ ပြော၍သာ ပြောရသည်။ ကိုထွန်းမောင်ကြီးက သည်တစ်သက် မိန်းမရောယူဦးမည်တဲ့လား။ သူမှာက တစ်နေ့တစ်နေ့ အရက်သောက်လိုက် မူးလိုက်၊ ကြုံသည့်နေရာထိုးအိပ်လိုက်နှင့် မိန်းမအကြောင်းတောင် စဉ်းစားမိမည်ပုံမပေါ်။ နုနု ကိုယ့်ဘာသာတွေးပြီး ကျိတ်၍ပြုံးမိသည်။

(၂)

"ဟာ ညဘက်မှာ လထွက်သလိုပဲကွာ။ ဟေ့ကောင်တွေ ကြည့်ကြစမ်းပါအုံး"

"ဟုတ်ပါ့ ဟုတ်ပါ့ ကိုယ့်ဆရာရေ ဘုံကြီးမြတ်တဲ့ ဒေဝီနတ်မျိုးနွယ်ဆိုတာ ဒါမျိုးကိုပြောတာထင်ပါ့"

"အို. . . ဒုက္ခပါပဲ"

နုနု ရွာတောင်ပိုင်းက အရီးလေးတို့အိမ်ကအပြန် အရက်မူးသမားအုပ်စုနှင့် ထိပ်တိုက်တွေ့သည်။ လူပုံစံများကြည့်လိုက်တော့ နုနုတို့ရွာကဖြစ်ဟန်မတူ။ ဟိုဘက်ရွာကဖြစ်မည်။ နုနုသွားမည့်လမ်း၌ ဆီး၍တားသည်။ ရိသဲ့သဲ့စကားများပြောကြသည်။ နုနုနောက်ကြောင်းပြန်ပြီး ပြေးရန်တွေးလိုက်သည်။

"အမယ်လေး ဗုဒ္ဓေါ"

နုနု ပို၍ကြောက်သွားရသည်။ ခပ်လှမ်းလှမ်းမှာ ကိုထွန်းမောင်ကြီးကို တွေ့လိုက်ရသည်။ နုနုကြောက်လွန်း၍ အသားများပင် တဆတ်ဆတ်ဖြင့် တုန်လာရသည်။ ရွာလမ်းသည် လှေဝမ်းသဖွယ် ချောင်းကလေးလိုဖြစ်နေ၍ ဘေးပတ်ချာလည်သို့ အလွယ်တကူ တက်ပြေး၍မရနိုင်။ နုနုဘာလုပ်ရမှန်းမသိဖြစ်နေသည်။ တစ်ဖက်က လူတစ်စုကတော့ ကိုထွန်းမောင်ကြီးကို မမြင်ကြသေးပေ။ နုနုကိုသာ တစ်ယောက်တစ်ပေါက်ဖြင့် စနောက်ကျီစယ်နေကြသည်။

"လှလိုက်တာညီမလေးရယ်။ ဒီရွာကပဲလား နာမည်လေးက ဘယ်လိုခေါ်တုံး ချစ်ကိုကြီးကို ပြောပြပါအုံး"

"ဟား"

"အို နုနု နုနုတောင်းပန်ပါတယ်ရှင်။ ဒီကအစ်ကိုတို့ ကိုယ့်လမ်းကို ကိုယ်သွားကြပါ။ နုနုကို မနှောင့်ယှက်ကြပါနဲ့"

"ဟ နာမည်လေးက နုနုတဲ့လား။ နာမည်နဲ့လိုက်အောင် အသားလေးတွေက နုဖပ်နေတာပဲကွာ။ ဒီမှာလေ ဒီကချစ်ကိုကြီးက ဒီကညီမလေးကို မြင်မြင်ချင်းချစ်မိနေပြီ"

"ဟား ဟား ဟား"

"ဘယ်ကကောင်တွေလဲကွ ငါ့ရွာလာပြီး ပြဿနာရှာနေတာ"

"ရှင်"

"ဟာ အစ်ကိုကြီးထွန်းမောင်"

"မ မ မဟုတ်ရပါဘူး အာစရိရယ်။ ကျွန် ကျွန်ကျွန်တော်တို့က မူးပြီးမျက်စိလည်နေလို့ ဒီက ညီမလေးကို မေးနေတာပါ"

တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပြောဆိုနေမှုကို နုနုအံ့အားသင့်စွာ နားထောင်နေမိသည်။ ကိုထွန်းမောင်ကြီးကို တစ်ဖက်ရွာကလူများက တော်တော်ကြောက်နေပုံရသည်။ အထစ်ထစ်အငေါ့ငေါ့ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။

"ဟဲ့ကောင်မကလေး ဒီကောင်တွေပြောတာဟုတ်လား"

"ဟင့်အင်း အဲ"

အမှတ်တမဲ့ နုနုခေါင်းခါမိသွားသည်။ ပြီးမှ နုနုမှားမှန်းသိသည်။ ကိုထွန်းမောင်ကြီးက နုနုကိုကျော်ပြီး တစ်ဖက်ရွာက လူများအနားတိုးသွားသည်။ သွားပြီ။ ဘာများဆက်ဖြစ်ကြဦးမလဲမသိ။ နုနု သူတို့အားလုံးကို ကြောင်ပြီး ကြည့်နေမိသည်။

"မင်းတို့ ဘာကောင်တွေလဲ"

အားလုံးတုန်တုန်ယင်ယင်ဖြင့် ငြိမ်ကုပ်သွားကြသည်။

"ငါ့ရွာလာပြီး ငါ့ကို မလေးမခန့်လုပ်တာလား ပြောကြစမ်း ငါ့ကို ရန်စတာလား"

"အဲ အဲဒီလိုမဟုတ်ပါဘူး အစ်ကိုကြီးထွန်းမောင်ရယ်။ ကျွန် ကျွန်တော်တို့ အစ်ကိုကြီးထွန်းမောင်ကို ရန်မစရဲပါဘူး"

"ဟုတ်ပါတယ် အစ်ကိုကြီးရယ် ကျွန်တော်တို့မှားတယ်ဆိုရင်လဲ ခွင့်လွှတ်ပါဗျာ တောင်း တောင်းပန်ပါတယ်"

"သွားကြ ဟေ့ကောင်တွေ နောက်တစ်ခါ ဒါမျိုးငါမမြင်ချင်ဘူး"

ကိုထွန်းမောင်ကြီး စကားအဆုံး တစ်ဖက်ရွာက လူများ ပြေးထွက်သွားကြတော့သည်။ နုနုသည်အချိန်ထိ ကြောင်တောင်တောင်ကြီးကြည့်နေမိသည်။

"ဟိတ် ညည်းက ဘာလုပ်နေတာလဲ မသွားသေးဘူးလား"

"ဟုတ် ဟုတ်ကဲ့ သွားပါပြီ အစ်ကိုကြီး"

နုနု မပြေးရုံတစ်မည် ခြေလှမ်းသွက်သွက်ဖြင့်လိုက်သည်။

"ဟာ ဟေ့ နု နုနု နေ နေအုံး"

ဟိတ်ဆိုသည်နှင့် နုနုလည်း တစ်လှမ်းမျှ ရှေ့ဆက်မတိုးရဲ။ ရပ်နေမိသည်။ ကိုထွန်းမောင်ကြီးက နုနုရှေ့၌ မတ်တတ်ရပ်လိုက်သည်။ ပြီးတော့-

"ချစ်. . ."

"ရှင်"

"ငါ တကယ်"

"ရှင်"

"အဲဒါ"

"နုနု စဉ်းစားပါ့မယ်။ ကိုထွန်းမောင်ကြီးသာ နုနုပြောသလို"

"အေးပါ ဖြစ်ရစေမယ်နုနု ငါ ငါကြိုးစားမယ်"

နုနုလည်း ကိုထွန်းမောင်ကြီးကို ကျော်ခိုင်းပြီး သုတ်သုတ်ကလေး အိမ်ပြန်ခဲ့သည်။ သည်အဖြစ်အပျက်ကို မေမေ့ကိုတောင် ပြောမပြရဲ။ မေမေဆူမှာထက် နောက်တစ်ခါ ရွာထဲရပ်ထဲ အိမ်လည်သွားရန် ခက်သွားမည်စိုး၍ ဖြစ်သည်။

(၃)

"နုနုရေ အမေတော့ ကိုယ့်မျက်စိတောင်ကိုယ်မယုံနိုင်ဘူး အံ့ဩမိတယ်"

ဘုန်းကြီးကျောင်းဆွမ်းပို့ပြီးပြန်လာသည့် မေမေက အိမ်ရောက်သည်နှင့် ပြောလိုက်ခြင်းဖြစ်သည်။ နုနု စိတ်ဝင်စားသွားရသည်။ ပြီးမှ တစ်ခုခုကိုတွေးပြီး ပြောလိုက်မိသည်။

"သြော်. . . မေမေကလဲ ဘုန်းကြီးကျောင်း ဆေးပြန်ပြီးသုတ်ထားတာ အခုမှသိတာမဟုတ်လား။ ဆေးသုတ်ထားတာဖြင့် ကြာလှနေပြီကို"

"ဘယ်ကသာ အဲဒါမဟုတ်ဘူး သမီးလေးရဲ့"

"ဟင် ဒါဆိုဘာလဲ မေမေရဲ့"

မေမေက ဆွမ်းချိုင့်ကို ချိုင့်အဆင့်များဖြုတ်၍ ပန်းကန်စင်ထက်၌ တစ်ချိုင့်စီ မှောက်ထားလိုက်သည်။ ပြီးမှ နုနုအနားလာပြီး ခပ်တိုးတိုးပြောသည်။

"ဟိုအကောင် ကိုရင်ဝတ်နေတယ်"

အမှတ်တမဲ့မို့ နုနု စဉ်းစားရခက်သွားသည်။ မေမေက ဆက်ပြီးပြောပြသည်။

"ဟို ယစ်ထုတ်ကြီး ကိုရင်ဝတ်နေတယ်"

သည်အထိ နုနုနားမလည်။

"ဘယ်သူလဲ"ဟု မေးရသည်။

"သမီးရယ် ထွန်းမောင်လေ ထွန်းမောင်ပေါ့ မေမေဖြင့် အံ့ဩသွားတာပဲ။ ဘုန်းကြီးကျောင်း မေမေရောက်ပြီး ဘုန်းကြီးကို ဆွမ်းတွေကပ် တရားနာ ဆရာတော်ရှင်းပြတဲ့တရားသဘောတွေနာယူပြီး ကျောင်းကပြန်ထွက်တဲ့ထိ ထွန်းမောင် အဲလေ ကိုရင်ကြီးက တရားထိုင်နေတာ ငြိမ်သက်လို့ပေါ့ သမီးရယ်"

"ရှင်"

"ဆရာတော်ကြီးကတောင် မိန့်သေး ဒကာကြီးထွန်းမောင် အကျွတ်တရားရသွားပြီတဲ့လေ"

"ဟယ် သမီး ဝမ်းသာလိုက်တာမေမေရယ်"

"ဟုတ်တယ်သမီးရေ မေမေလဲ သိပ်ပြီး ဝမ်းသာတာပဲ"

(၄)

နုနု အခုတလော နေရခက်နေသည်။ အထူးသဖြင့် ထုတ်ဖော်ပြသ၍မရသည့်ဝေဒနာ နုနုတွင်စွဲကပ်နေသည်။ မေတ္တာမှန်လျှင် အကျိုးပေးသည်ဟူသောစကားကိုယ်တွေ့ကြုံမှ နုနုပိုပြီး ယုံကြည်လာရသည်။ ပြီးတော့ ကတိဆိုသည့်အရာ။ ကတိစကားသည် ပေးရလွယ်သလောက် တည်တံ့နိုင်ရန်ခက်သည်။ အချို့က ဆင်းရဲ၍ ကတိအကြိမ်ကြိမ် ဖျက်ပြားကြရသည်။ အချို့က မလွှဲသာ၍ ဖျက်ကြရသည်။ အချို့သောကတိများသည် တည်၍တည်ပေသော်ကား အသက်နှင့်ရင်းကြရ၊ ဘဝနှင့်ရင်းကြရ၊ ဂုဏ်မနေများ စုံ၍စုံ၍ပင် ရင်းကြရသည်။ နုနုထံ၌ တစ်ယောက်သောသူသည် အသက်နှင့်ထပ်၍ ကတိသစ္စာစကားဆိုခဲ့သည်။ နုနုနှင့် ထိုသူနှစ်ဦးတည်းသာ ဤသို့သော ကတိသစ္စာစကားကို သိကြသည်။ ကုန်ကုန်ပြောရလျှင် နုနု၏ မေမေဖြစ်သူပင်လျှင် ဤကတိသစ္စာစကားကို ယခုတိုင်မသိပါပေ။ တွေးမိတိုင်း နုနုရင်ထဲကြည်နူးမိသည်။ ကြည်နူးမိသည်ဆိုသော်ကား ရင်ထဲ၌ နွမ်းလျလျ။ ဝမ်းသာဝမ်းနည်းဖြစ်ရသည်။ ဝိရောဓိဖြစ်ရသည်။ အမြဲဝမ်းသာရဖို့ ဆုတောင်းရလေမည်လား။ အဘယ်သို့ဆုတောင်းရလေမည်နည်း။ လူ့ဘဝသည် ရခဲရောက်ခဲလွန်းလှသည်။ သို့ထက် လူ့ဘဝမှ ရဟန်းဘဝသည် ပို၍ပို၍ပင် ရခဲလွန်းလှသည်။ ကိုထွန်းမောင်ကြီး ကိုရင်ဘဝဖြင့် တစ်ဝါရခဲ့ပြီ။ သည်နှစ်၌ ရဟန်းဘောင်သွတ်သွင်းပေးကြရန် သူ၏မိဘများက စီစဉ်နေကြသည်။ ကိုရင်ဘဝ၌ အနေပျော်၍ ရဟန်းဘဝသို့ ဆက်၍ ပျော်ဝင်သက်ဆင်းလေတော့မည်လား။ သို့မဟုတ် လူ့ဘဝ၌ ပေးထားခဲ့သော ကတိသစ္စာစကားအတိုင်း နုနုဆီပြန်လာလေမည်လား။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၀၂၅၇၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၀၂၅၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၁၀၈၁၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၂၅၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ ဒီနှစ် ပဲမျိုးစုံဧက ၁၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ အခုဧက ၁၀၂၅၀၀ ကျော်ထိ စိုက်ပျိုးပြီးပါပြီ။ ပဲမျိုးစုံ စိုက်ပျိုးရာမှာ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိဖို့ ကာကွယ်ရေးနည်းလမ်းတွေ ဆောင်ရွက်ပေးပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၇၈၃၉၄ ဧက၊ ပဲစင်းငုံ ၂၁၇၇၄ ဧကနှင့် အခြားပဲ ၂၄၀၇ ဧက စုစုပေါင်း ၁၀၂၅၇၅ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ပဲတီစိမ်း ၈၅၁၅၉ ဧက၊ ထောပတ်ပဲဧက ၄၂၀၊ စွန်တာပြာ ၂၇၇၁ ဧက၊ ပဲစင်းငုံ ၂၀၃၅၄ ဧကနှင့် အခြားပဲဧက ၂၁၁၀ စုစုပေါင်း ၁၁၀၈၁၄ ဧကဖြစ်ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား ကျရောက်မှုကင်းရှင်းရေး၊ မြေဩဇာ စနစ်တကျသုံးစွဲရေး အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ် ကွင်းပုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒေးဒရဲ နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ ကွင်းပုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကွင်းပုန်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# နတ်မောက်မြို့နယ် ကြူချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နတ်မောက် နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုင်ဇောက်ကျေးရွာအုပ်စု ကြူချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၈ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် တာဝန်ရှိသူများသည် ကျေးရွာကွန်ကရစ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်သွားရန်၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးပါက လမ်းရေရှည်တည်တံ့စေရန် ကော်မတီဝင်များနှင့်ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၂ ဒသမ ၆ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၂၀ ဒသမ ၁ သန်း အသုံးပြုကာ ကြူချောင်းကျေးရွာ၌ အရှည် ပေ ၇၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၉၇ အိမ်၊ လူဦးရေ ၅၂၀ တို့ ရာသီမရွေး သွားလာရ လွယ်ကူလာမည်ဖြစ်ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သူသူ(နတ်မောက်)**

# တို့ဂီတစွမ်းရည်

\- ငြိမ်းချမ်းခြင်းသဘော
စောကြောလို့ ကြည့်စေချင်၊
တေးသံစဉ်ချိုမြမြက
ရနိုင်သည်ပင်၊
ငြိမ်းချမ်းရေးလိုပါလျှင်
တေးသံစဉ်ပမာပြု၊
နိမ့်မြင့်သံစဉ်ညီမှ
သာကြည်လင်ချိုတေးလို
မွေးမြူမယ်ခု။

\- စည်းလုံးခြင်းသဘော
စောကြောလို့ကြည့်စေချင်၊
တူရိယာစုံဂီတနဲ့
လှပသလိုပင်၊
စည်းလုံးခြင်းဆိုရာတွင်
စိတ်ဖြူလျှင်တူတကွ၊
တေးသီကာ အေးကြည်မြလို့
ရကြမည်ပါ့။

\- မျှတစွာသံစဉ်ပြု
တေးသွားစုအနုပညာ၊
တို့ရိုးရာတို့ဂီတ
လှပသည်သာ၊
ကြည်မြတဲ့တေးထံတျာ
ဘေးရန်ဘယာငြိမ်းစေရေး၊
တို့ရိုးရာ တို့ဂီတကို
ချစ်ကြပါလေး။ ။

**မောင်လေပြေ(တောင်တွင်း)**

# ကျေးသီးမြို့နယ် လွယ်စန့်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**ကျေးသီး နိုဝင်ဘာ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွယ်စန့်ကျေးရွာ၌ ပထမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က လွယ်စန့်ကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် အသေးစား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက လွယ်စန့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀ ဦးကို ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းဥမ္မန့်**

ခရီးသွားဆောင်းပါး

# ဦးခိုက်ရှိခိုးကျိုက်ထီးရိုး ဆုတောင်းပြည့်သည်ထိုစေတီ

သက်နိုင်(ပြင်ဦးလွင်)

သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်မှာရှိတဲ့ အထင်ကရနေရာတွေကို လေ့လာလည်ပတ်ကြရအောင် ခရီးစဉ်တစ်ခုဆွဲပြီး ထွက်ခွာလာခဲ့ကြတာ ကျိုက်ထိုမြို့ကို ရောက်ရှိနေကြပါပြီ။ ရောက်ရှိလာခဲ့တဲ့အချိန်က ညမိုးချုပ်တော့မှာဖြစ်တာကြောင့် ဘယ်မှမသွား၊ ဘာမှ လေ့လာချိန်မရှိတော့ဘဲ ရေမိုးချိုး ထမင်းစားသောက်ကြပြီးတာနဲ့ အိပ်စက်အနားယူလိုက်ကြရတယ်။ ဒါကြောင့် မနက်စောစောထ လမ်းလျှောက်ကြရင်းနဲ့ ကျိုက်ထိုမြောင်းမကြီး ဘေးမှာရှိနေတဲ့ ဖောင်တော်ဦး ညီနောင်စေတီတော် နှစ်ဆူဆိုတာကို ဦးဦးဖျားဖျား ဖူးမြော်ခွင့်ရလိုက်ကြတယ်။ မနက်စောစော အလင်းရောင်ထွက်ခါစ မိုးစင်စင်လင်းတဲ့အချိန်မဟုတ်သေးလို့ ကပ်လျှပ်ဖော်ထားတဲ့ လျှပ်စစ်မီးရောင်တွေနဲ့အတူ စေတီတော်တွေကို တဝင်းဝင်း တထိန်ထိန် မြင်တွေ့ ဖူးမြော်နေရတယ်။ စေတီတော်နှစ်ဆူကို ဖူးမြော်ရင်း၊ ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုရင်းနဲ့ စေတီတော်တွေရဲ့ အနီးရှေ့တည့်တည့်မှာ သတိပေးထားမြစ်ထားတဲ့ဆိုင်းဘုတ်ကစာတွေကို ဖတ်ရှုအပြီး စိတ်ထဲမှာ အလိုမကျသလို ခံစားလိုက်ရတယ်။

စေတီတော်နှစ်ဆူက အလွန်သပ္ပာယ်ကြည်ညိုစရာကောင်းပါတယ်။ ဘေးတစ်ဖက်မှာ သပ်ရပ်ကောင်းမွန်တဲ့ ကွန်ကရစ်လမ်းကိုလဲ ခင်းထားတယ်။ ကွန်ကရစ်လမ်းဘေးမှာ ရေအပြည့်နဲ့ ကျိုက်ထိုချောင်းမကြီးကလဲ တသွင်သွင်စီးဆင်းနေတယ်။ လမ်းနဲ့ချောင်းကြားမှာ စီစီရီရီစိုက်ပျိုးထားတဲ့ သစ်ပင်တန်းနဲ့အတူ သစ်ပင်တွေရဲ့ အောက်မှာလဲ နားနားနေနေထိုင်လို့ရတဲ့ ထိုင်ခုံတန်းလေးတွေရှိနေပြန်တယ်။ ချောင်းမကြီးထဲမှာလဲ ငါးဖမ်းစက်လှေတွေ စီတန်းရပ်နားနေကြတာကြောင့် ပတ်ဝန်းကျင်ကို ခြုံငုံကြည့်လိုက်မယ်ဆိုရင် လှပသာယာတဲ့ ရှုခင်းရှုကွက်မျိုးဖြစ်နေတယ်။ ဒါပေမဲ့ ရေးသားစိုက်ထူထားတဲ့ ဆိုင်းဘုတ်မှာ "အမှိုက်များကို ချောင်းအတွင်းရောက်အောင် စွန့်ပစ်ပါ"ဆိုတဲ့ စာသားကြောင့် အံ့သြခြင်းတွေနဲ့အတူ အလိုမကျလဲဖြစ်သွားခဲ့ရတာပါ။ အမှိုက်တွေကို ဒီနည်းအတိုင်းသာ ချောင်းထဲစွန့်ပစ်နေကြမယ်ဆိုရင် အခုမြင်တွေ့ခံစားနေရတဲ့ လှလှပပ သာသာယာယာ ရှုခင်းတွေ မကြာခင်မှာ ပျက်စီးဆုံးရှုံးသွားတော့မှာဖြစ်ပါတယ်။

ဖောင်တော်ဦးစေတီနှစ်ဆူကို ဖူးမြော်အပြီး တည်းခိုခန်းမှာ ပစ္စည်းတွေသိမ်းရင်း ဆက်လက်ထွက်ခွာကြမဲ့ ခရီးစဉ်အတွက် ပြင်ဆင်နေတုန်း သာမညကမိတ်ဆွေဆီကနေ ဖုန်းဝင်လာတယ်။ ကျိုက်ထိုမြို့မှာ ကျိုက်ပေါလောမွဲ့ရှင်ဘုရားကို အရင်ဖူးကြပါ၊ ပြီးရင် ကျိုက်ထီးရိုးတောင်ကိုတက်ပါ၊ ကျိုက်ထီးရိုးကနေပြန်ဆင်းလာတာနဲ့ လမ်းဘေးမှာရှိနေတဲ့ ထိုင်တော်မူရုပ်ပွားတော်ကြီးကိုဖူးပါ၊ ပြီးရင် ဘားအံလမ်းအတိုင်းမောင်းလာပြီး အလံတစ်ရာဘုရားကိုဝင်ကြပါ စသဖြင့် သွားရောက်ဖူးမြော်လေ့လာကြရမဲ့ ခရီးစဉ်အသေးစိတ်ကို ပြောပြတယ်။ ဒါကြောင့် ပစ္စည်းတွေသိမ်းဆည်းပြီး တည်းခိုခန်းကနေ ထွက်လာတာနဲ့ ကျိုက်ထိုမြို့ရဲ့ နာမည်ကျော်တန်ခိုးကြီးဘုရား ကျိုက်ပေါလောမွဲ့ရှင်ဘုရားရှိရာကို ဦးတည်မောင်းနှင်လာခဲ့တယ်။ ကျိုက်ပေါလောမွဲ့ရှင်ဘုရားက ကျိုက်ထီးရိုးကိုသွားတဲ့လမ်းမကြီးအတွင်းပိုင်းမှာရှိနေလို့ သွားရ လာရဝင်ရောက်ဖူးမြော်ရတာ အဆင်ပြေနေတယ်။ မနက် ၆ နာရီကျော်မှာ ကျိုက်ပေါလောမွဲ့ရှင်ဘုရားကို ရောက်ရှိဖူးမြော်နေကြရပါပြီ။

ကျိုက်ထိုမြို့သမိုင်းအရ ကျိုက်ထိုဆိုတာ မွန်ဘာသာအသံထွက် ကျိုက်ထိုးကနေဆင်းသက်လာတာဖြစ်ပြီး ရွှေဘုရားလို့ အဓိပ္ပာယ်ရပါတယ်။ မွဲ့ရှင်ဘုရားကို အစွဲပြုခေါ်ဆိုကြခြင်းဖြစ်သလို ဘွဲ့တော်အပြည့်အစုံက ကျိုက်ပေါလောမွဲ့ရှင်ဘုရားဖြစ်ပါတယ်။ ကျိုက်ထိုမြို့မှာ ကျိုက်ထီးရိုးဘုရား နာမည်ကျော်ကြားမှုနဲ့အတူ ကျိုက်ပေါလောမွဲ့ရှင် ဘုရားကလဲ ထင်ရှားနေတယ်။ မနက်စောစောဖြစ်နေသေးလို့ လူရှင်းပြီး မွဲ့ရှင်ဘုရားမှာ အေးအေးဆေးဆေးအာရုံပြုဖူးမြော်ခွင့်ရရှိခဲ့ကြတယ်။

ကျိုက်ပေါလောမွဲ့ရှင်ဘုရားကို ဖူးမြော်ပြီးတာနဲ့ ကျိုက်ထီးရိုးကို ဆက်လက်မောင်းနှင်ထွက်ခွာလာခဲ့ကြတယ်။ ကျိုက်ထီးရိုးကို ထင်ရှားတဲ့လမ်းညွှန်ဆိုင်းဘုတ်ကြီးတွေနဲ့ ပြသညွှန်ပြထားတာကြောင့် လမ်းမှားစရာမရှိပါဘူး။ ကျိုက်ထို-ကျိုက်ထီးရိုး ကိုးမိုင်ခရီးကို အဆင့်မြင့်လမ်းမကျယ်ကြီးပေါ်မှာ မိမိတို့ရဲ့ ခွေးဘီလူးကားလေးတစ်စီးတည်းဖြစ်နေလို့ တွေးရင်းတောရင်း စိုးရိမ်ပူပန်စွာ မောင်းနှင်နေရတာပါ။ ဒါပေမဲ့



တောင်ခြေ ကင်မွန်းစခန်းကိုလဲရောက်ရော စိုးရိမ်စိတ်တွေ၊ ပူပန်စိတ်တွေဘယ်ရောက်ကုန်မှန်းမသိရတော့တဲ့အပြင် ဒေါသတွေဖြစ်လာရတော့တယ်။

ကင်မွန်းစခန်းကို ဝင်လာတာနဲ့ ဧည့်ကြိုဆိုင်ကယ်တွေ၊ လူတွေအများအပြား တစ်အုပ်တစ်မကြီးက ကားရှေ့မှာ ပိတ်ရပ်ကြပြီး ဒီဆိုင်ကိုဝင်ပါ၊ ဟိုဆိုင်မှာနားပါ၊ ဟိုကိုလာပါ၊ ဒီကိုလာပါ စသဖြင့် ဝိုင်းဝန်းပိတ်ဆို့ အလုအယက်ခေါ်ယူနေကြလို့ ကားကို ရှေ့ဆက်မောင်းမရအောင်ဖြစ်နေရတယ်။ သူတို့တစ်တွေရဲ့ လုပ်ရပ်က တကယ့်ကို ဒေါသဖြစ်စရာပါ။ နောက်မှ တောင်တက်ကားဂိတ်နဲ့ နီးတဲ့ဆိုင်ကို ရွေးချယ်ပြီး ကားကိုရပ်ထားခဲ့ရတယ်။ ကားရပ်နားခက သူတို့ဆိုင်မှာ စားစား၊ မစားစား တစ်စီးကို ငွေကျပ် ၅၀၀၀ ပေးရတယ်။ ကျိုက်ထိုမြို့မှာကတည်းက ပြည့်စုံအောင် စားသောက်ခဲ့ကြပြီးလို့ ဆိုင်တွေမှာ ဘာမှမစားကြတော့ဘဲ တောင်တက်ကားဂိတ်ရှိရာကို လာခဲ့ကြတာ မနက် ၈ နာရီမထိုးခင် ဂိတ်အတွင်းကို ရောက်လာကြတယ်။ ဂိတ်တာဝန်ခံဆီမှာ အမည်စာရင်းတွေ၊ လိပ်စာတွေ၊ ဖုန်းနံပါတ်တွေ မှတ်တမ်းတင်ခဲ့ရပြီး စီးနင်းရမဲ့ကားကို ညွှန်ပြပေးတယ်။

တောင်တက်ကားဂိတ်မှာ ကားတွေ အများအပြား တန်းစီရပ်ထားတာကို တွေ့မြင်နေရတယ်။ ကားတွေအားလုံးက ကျောက်သယ်၊ မြေသယ်ယာဉ်တွေလို မြင့်မြင့်မားမားတွေဖြစ်နေလို့ ကားပေါ်ကို အလွယ်တကူတက်ရောက်နိုင်အောင် လှေကားတွေပါတဲ့ စင်မြင့်တွေကို ထိုးပေးထားရတယ်။ ဘုရားဖူးခရီးသည်တွေက စင်မြင့်တွေကတစ်ဆင့် ကားပေါ်ကိုတက်ရောက်သွားကြရတာပါ။ ကားတစ်စီးတိုင်းမှာ မျက်နှာရှေ့လှည့်ထိုင်ရတဲ့ ကန့်လန့်ဖြတ်ခုံတန်းရှည် ခုနစ်ခုတပ်ဆင်ထားတယ်။ သတ်မှတ်ချက်အရ ခုံတန်းတစ်တန်းကို လူငါးယောက်နှုန်းနဲ့ ကားတစ်စီးကို စုစုပေါင်း လူ ၃၅ ယောက် တင်ဆောင်ပါတယ်။ မိမိတို့ ခရီးဖော်အဖွဲ့ လိုက်ပါစီးနင်းရမဲ့ကားပေါ်ကို တက်ရောက်သွားကြတဲ့အချိန်မှာ ကားအတွင်း လူသုံးယောက်သာရှိနေသေးတယ်။ လူ ၃၅ ယောက် ပြည့်မှထွက်တယ်ဆိုတဲ့ တောင်တက် ကားပေါ်မှာ လူပြည့်အောင် အချိန်ကြာကြာ၊ ဘယ်လောက် ဘယ်မျှထိ စောင့်နေရအုံးမလဲဆိုတာကို တွေးတောပြီး စိတ်ပျက်နေပေမဲ့ မကြာခင်မှာ တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ တစ်သုတ်ပြီးတစ်သုတ်ရောက်ရှိလာကြပြီး တစ်ခဏအတွင်း လူပြည့်သွားလို့ အံ့သြသွားခဲ့ရတယ်။

ကိုရင်ပေါက်စလေးတွေကော၊ ကလေးငယ်လေးတွေကော လူ ၃၅ ယောက်ကျော်ပါတဲ့ကားက တောင်ပေါ်ကို ၈ နာရီ ၁၀ မိနစ်မှာ စတင်တက်ရောက်လာတယ်။ စတင်တက်တက်ချင်း အကွေ့အကောက်နဲ့ အတက်အဆင်းတွေလဲ မများ၊ ကြီးလဲမကြီးသေးတာကြောင့် ဒီလောက်လမ်းမျိုးဆိုရင် ငါ့ရဲ့ခွေးဘီလူးကားလေး တက်နိုင်ပါတယ်ဆိုပြီး ခန့်မှန်းစဉ်းစားလို့မပြီးသေးခင် တဖြည်းဖြည်းနဲ့ အကွေ့ကြမ်းကြမ်း၊ အတက်ကြီးကြီးတွေကို မြင်တွေ့လာရတာကြောင့် ခွေးဘီလူးလိုကားမျိုးအပြင် အခြားအိမ်စီးကားငယ်လေးတွေ ဘယ်လိုမှ တက်ရောက်လို့မဖြစ်နိုင်ဘူးဆိုတာကို သိမြင်လိုက်ရတယ်။ ဒါကြောင့်လဲ ကျိုက်ထီးရိုးတောင်ပေါ်ကို ပြင်ပကားတွေ မောင်းနှင်တက်ရောက်ခွင့်မပြုဘဲ တောင်တက်ကားအသင်းက ကားကြီးတွေနဲ့သာ တက်ရောက်နေရတာပါ။ တောင်ပေါ်ကိုရောက်ခါနီးလေလေ အတက်ကြီးလေလေဖြစ်တယ်ဆိုတာကိုလဲ မြင်တွေ့သတိထားမိနေတယ်။

တောင်တက်ကားက တချို့နေရာတွေမှာ အဆင်းကားကို စောင့်ပေးလိုက်၊ လမ်းတစ်လျှောက် ဈေးဆိုင်တွေက လိုက်ပါလာသူတွေကို ချပေးလိုက်နဲ့ တောင်ပေါ်သတ်မှတ်နေရာကို ၉ နာရီမှာ ရောက်ရှိလာခဲ့တယ်။ တောင်တက်လမ်းတစ်လျှောက် ထူးခြားချက်က ကားရပ်တဲ့နေရာတိုင်းမှာ အဆင်းအတက်လွယ်ကူအောင် လှေကားထစ်ပါစင်မြင့်ကြီးတွေ ပြုလုပ်ပေးထားတယ်။

တောင်ပေါ်ကားဂိတ်မှာ ကားရပ်လိုက်တာနဲ့ စုဝေးဝိုင်းအုံရောက်ရှိလာကြတာတွေက အထမ်းသမားတွေပါ။ အထမ်းသမားတွေကလဲ လူအထမ်းနဲ့ ပစ္စည်းအထမ်းဆိုပြီး နှစ်မျိုးနှစ်စားရှိနေတယ်။ လူအထမ်းက ပက်လက်ကုလားထိုင်တစ်လုံးကို ဝါးလုံးထမ်းပိုးတွေတပ်ဆင်ချည်နှောင်ထားပြီး လူလေးယောက်နဲ့ ရှေ့နှစ်ယောက်၊ နောက်နှစ်ယောက်နဲ့ ထမ်းသွားကြတယ်။ တောင်ထိပ်ပေါ်ထိ ခြေကျင်မတက်နိုင်တဲ့သူတွေက လူအထမ်းကို ငှားရမ်းပြီး ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်လိုက် သွားကြရ တယ်။ ပစ္စည်းတွေ၊ ဝန်စည်စလယ် အထုပ်အပိုးများ သူတွေက ပစ္စည်းထမ်းသမားကို ခေါ်ယူကြရတယ်။ ပစ္စည်းအထမ်းသမားတွေက ခြင်းကျားတောင်းကြီးတွေနဲ့ ကျောပိုးသယ်ယူသွားကြတယ်။

မိမိတို့ခရီးဖော်အဖွဲ့တွေက အသက်အရွယ်ကြီးရင့်နေသူတွေ၊ ခန္ဓာကိုယ်ဝဝကြီးတွေဖြစ်နေတာကြောင့် အထမ်းသမားတွေက ကားရပ်လိုက်ကတည်းက အနားကနေ မခွာတော့ဘဲ "အထမ်းသွားမလား၊ အထမ်းသွားမလား"ဆိုပြီး တတွတ်တွတ်မေးရင်း လိုက်ပါလာခဲ့ကြတယ်။ ဒါပေမဲ့ တောင်ထိပ်ရောက်တဲ့ထိ ခရီးဖော်အားလုံးက အထမ်းအကူအညီမပါဘဲ တက်ရောက်လာနိုင်ခဲ့ကြတယ်။ တောင်ထိပ်မုခ်ဦးနားရောက်တော့ ကလေးနှစ်ယောက် သုံးယောက်က ပြေးလာကြပြီး ဝါးပုတီးလေးတွေကို လက်ဆောင်ပေးတာလို့ ပြောဆိုပေးနေကြတယ်။ ပုတီးမှာပါတဲ့ ဝါးဆစ်လေးတွေက အစိမ်းရောင်၊ အနက်ရောင်၊ အဝါရောင်လေးတွေဖြစ်ပြီး အရောင်တစ်ဆစ်ခြားဆီ သီကုံးထားတာဖြစ်လို့ ပုတီးလေးတွေက လှပနေပါတယ်။ ကျိုက်ထီးရိုးရောက် အမှတ်တရအနေနဲ့ ပုတီးကုံးလေးတွေကို လည်ပင်းမှာဆွဲလိုက်ပြီး ဝမ်းသာပျော်ရွှင်နေတုန်းမှာ လက်ဆောင်ပုတီးအတွက် မုန့်ဖိုးပေးခဲ့ပါဆိုပြီး အတင်းအကျပ် လိုက်လံတောင်းဆိုနေတဲ့ကလေးသုံးယောက်ကို တစ်ယောက် ငွေကျပ် ၅၀၀ စီပေးခဲ့ရတော့တယ်။

အဝင်မုခ်ဦးနဲ့ လှေကားထစ်တွေကို တက်ရောက်ဖြတ်ကျော်လာခဲ့ပြီး ရင်ပြင်တော်ပေါ်ကို ရောက်တော့ ဘုရားဖူးဧည့်သည်တွေ ရှင်းလင်းနေတာကို တွေ့မြင်နေရတယ်။ မိမိနဲ့အတူ ခရီးဖော်တွေအားလုံး ဦးတည်သွားရောက်နေကြတာက စေတီတော်ရှိရာကိုပါ။ စေတီအနီးမှာလဲ ဘုရားဖူးတွေ ရှင်းလင်းနေလို့ အမျိုးသားတွေသာ ဝင်ရောက်ဖူးမြော်ခွင့်ရတဲ့ စေတီတော်နဲ့ ကျောက်တုံးကြီးရှိရာကို တံတားငယ်လေးဖြတ်ပြီး အလွယ်တကူ ဝင်ရောက်လာနိုင်ခဲ့ကြတယ်။ ဘုရားရှိခိုးကန်တော့ပြီးမှ ရွှေသင်္ကန်းကပ်ဖို့ သတိရသွားတာနဲ့ ရွှေသင်္ကန်းအရောင်းဆိုင်မှာ သွားရောက်ဝယ်ယူခဲ့ရတယ်။ ဒီတစ်ခေါက် ကျိုက်ထီးရိုးဘုရားဖူးရတာ အလွန်ကို အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်ရှိလှပါတယ်။ ရွှေသင်္ကန်းကပ်လှူနေတဲ့အချိန်မှာလဲ တစ်ယောက်တည်း စိမ်ပြေနပြေကပ်လှူခွင့်ရရှိခဲ့တယ်။ ရွှေသင်္ကန်းကပ်လှူနေရင်းနဲ့ မနက်အိပ်ရာထစက အနည်းငယ်နာနေတဲ့ခြေထောက်ကို အမြန်ပျောက်ကင်းသက်သာပါစေကြောင်း ဆုတောင်းခဲ့လိုက်သေးတယ်။ ဘုရားဖူးပြီး ရွှေသင်္ကန်းကပ်ပြီးဈေးတန်းတွေရှိရာကို လမ်းလျှောက်လာကြတဲ့အခါ ဒေသထွက် တိုင်းရင်းဆေးရောင်းတဲ့ ဆိုင်တစ်ဆိုင်က ဒူးနာ၊ လက်နာ၊ ခြေထောက်နာ၊ ကိုယ်ခန္ဓာအကိုက်အခဲတွေ ပျောက်ကင်းတဲ့ဆေးစွမ်းကောင်းတွေရှိတယ်၊ လိုအပ်ရင် ဝယ်သွားကြပါ၊ နမူနာသဘော အခမဲ့စမ်းသပ်လိမ်းလို့လဲရပါတယ်ဆိုပြီး ကြော်ငြာရောင်းချနေတာ ကိုတွေ့မှ မိမိရဲ့နာနေတဲ့ ခြေထောက်က လုံးဝနာကျင်ခြင်းမရှိတော့ဘဲ သက်သာပျောက်ကင်းသွားတာကို သတိထားမိတော့တယ်။ တန်ခိုးကြီးလှတဲ့ ကျိုက်ထီးရိုးစေတီတော်မှာ ဆုတောင်းခဲ့တာ ချက်ချင်းပြည့်ဝခဲ့ပါတယ်။

ဒါပေမဲ့ ဆေးရောင်းတဲ့ဆိုင်က မဝယ်ရင်လဲရပါတယ်။ လက်တွေ့အခမဲ့လိမ်းသွားကြပါဆိုပြီး လက်ဆွဲမတတ်ဇွတ်အတင်းခေါ်ယူနေလို့ အားနာပါးနာနဲ့ ဝင်ရောက်အလိမ်းခံကြရတယ်။ တောင်ပေါ်အစ ပုတီးကုံးတွေကတည်းက သင်ခန်းစာရထားတဲ့ မိမိက ဆေးလိမ်းပြီးတာနဲ့ တခြားဈေးဆိုင်တွေရှိရာကို လေ့လာကြည့်ရှုရင်း ရှောင်တိမ်းသွားချိန်မှာ နောက်မှာကျန်ခဲ့တဲ့ ခရီးဖော်ကြီး နှစ်ယောက်၊ ဆေးပုလင်းတစ်လုံးကို ငွေကျပ် ၃၀၀၀၀ နဲ့ တစ်ယောက်တစ်လုံးစီ ဝယ်ယူလိုက်ကြရတယ်ဆိုတာကို အချင်းချင်းပြန်ဆုံမှ သိလိုက်ရတော့တယ်။ ကျိုက်ထီးရိုးကိုသွားရင် ဒါမျိုးတွေ ဂရုစိုက်ကြရပါမယ်။ ဘာပဲဖြစ်ဖြစ် ရောက်တုန်းရောက်ခိုက် လေ့လာစရာရှိတာတွေကို ဆက်လက်လေ့လာလိုက်ကြပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ပူးစားပြောင်း ၃၈၇၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က အစေ့ထုတ်ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေးဝ နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၃၈၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးဝမြို့နယ်တွင် ပြောင်းသီးနှံ ဧက ၂၅၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၃၈၇၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"အခုနှစ် ကလေးဝမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ပူးစားပြောင်း ဧက ၂၅၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထား ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေး ဆောင်ရွက်နေတယ်။ ပြောင်းသီးနှံစိုက်ပျိုးမှုက တစ်နှစ်နဲ့တစ်နှစ် တိုးချဲ့လာကြပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ယခုနှစ် ကလေးဝမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၆၁၂ ဧက၊ ပူးစားပြောင်း ၃၂၆၅ ဧက စုစုပေါင်း ၃၈၇၇ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၂၁၅ ဧက၊ ပူးစားပြောင်း ၂၃၆၅ ဧက စုစုပေါင်း ဧက ၂၅၈၀ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကလေးဝမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်း ဧက ၇၃၀ နှင့် ပူးစားပြောင်း ဧက ၁၆၄၀ စုစုပေါင်း ဧက ၂၃၇၀ တို့စိုက်ပျိုးရန် လျာထားကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ချောက်မြို့နယ် ကျောက်တန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ချောက် နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တန်းကျေးရွာအုပ်စု ကျောက်တန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကော်မတီဝင်များနှင့်အတူ ကျောက်တန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အရင်းအနှီးငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုများနှင့် ရန်ပုံငွေထုတ်ချေးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တန်းကျေးရွာအုပ်စု ကျောက်တန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၃၃ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး အဆိုပါအရင်းအနှီးငွေများဖြင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ မိသားစုစားဝတ်နေရေးကို အထောက်အကူပြုကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်ထံမှ သိရသည်။

**အထွေး**

# စင်ပေါ်ကစာအုပ်များ (၂၀)

**မန်းတင့်မော်**

မြန်မာ့ဓလေ့တွင် ရက်ကောင်းရက်မြတ်ကို မင်္ဂလာယူ၍ ပွဲကျင်းပလေ့ရှိကြသည်။ အလှူ၊ မင်္ဂလာဆောင်စသည်ဖြင့် ဆောင်ရွက်ဖွယ်မှန်သမျှကို ရက်ရွေးလေ့လည်းရှိကြသည်။ ဗေဒင်ပညာရှင်များထံ မေးမြန်း၍ နေ့ကောင်းရက်သာယူကြရသည်လည်း ဖြစ်ပါသည်။ ယုံကြည်ကိုးကွယ်မှုဆိုင်ရာများက အသီးသီးရှိခဲ့၊ ရှိဆဲ၊ ရှိနေဦးမည်သာ။

ဆရာအောင်သင်း၏ သူ့အတွေးကိုယ့်အမြင် စာအုပ်တွင် "ရက်ရာဇာ"ခေါင်းစဉ်ပါ ဆောင်းပါးတစ်ပုဒ်ပါရှိရာ ဟာသဉာဏ် ဇဝနဉာဏ် ထက်မြက်လှသော ကမ္ဘာကျော်အမေရိကန်စာရေးဆရာကြီး မာ့ခ်တွိန်း (မြန်မာစာဖတ်ပရိသတ်နှင့် ရင်းနှီးပြီး)၏ အဆိုအမိန့်နှင့်စတင်ပါသည်။ ၎င်းမှာ "တစ်သက်တစ်ခါ ကောင်းကြမ္မာတံခါးလာ၍ခေါက်စမြဲ သို့သော်များသောအားဖြင့် လမ်းထိပ်က ဘုံဆိုင်ရောက်နေသောကြောင့် တံခါးခေါက်သံကိုမကြားလိုက်မိချေ" ဟူ၍ဖြစ်ပါသည်။ ဆရာအောင်သင်းက အထက်ပါအဆိုကို တွေးထောင့်တစ်မျိုးဖြင့် တွေးပြပါသည်။ "လမ်းထိပ်ကဘုံဆိုင်ဟု ဆရာကြီးကဆိုပါသည်။ ဘုံဆိုင်ဟုဆိုလိုက်သည်က အရက်သောက်မူးနေသည်ဟု ဆိုလိုဟန်မရှိပါ။ အပေါင်းအသင်းများနှင့် ပျော်ပျော်ပါးပါးဟေးလားဝါးလားလုပ်နေသည်ကို ဆိုလိုခြင်းဖြစ်သည်ဟု ကျွန်တော်ယူချင်ပါသည်။ ကျွန်တော့်မိတ်ဆွေဆရာတစ်ယောက်ကပြောဖူးပါသည်။ 'အခွင့်အရေးဆိုတာ ဘယ်သူ့ဆီကိုမဆို ရောက်လာတတ်တာပါပဲ။ ဒါပေမဲ့ ယူနိုင်အောင် အသင့်ပြင်မထားလို့ မယူနိုင်တာပါ။ တံခါးခေါက်ပေမဲ့ ဖွင့်မပေးနိုင်ဘူးပေါ့'ဟု သူကပြောပါသည်။ သူ့စကားကို ကျွန်တော်အလေးအနက်ခံယူလိုက်မိပါသည်"ဟူ၍ မှတ်ချက်ပြုပါသည်။

ဆရာအောင်သင်းက ဆက်လက်၍ ဆရာကြီးပီမိုးနင်း၏ ပြောစကား ပစ္စုပ္ပန်ကာလအရေးကြီးပုံကို ကိုးကားသည်။ ပစ္စုပ္ပန်ကိုကောင်းကောင်းအသုံးချနေသူသည် တံခါးခေါက်သံကို နားစွင့်နေသူဖြစ်သည်ဟု ဆိုနိုင်ကြောင်းပြောပါသည်။ ယနေ့အခါတွင် လူငယ်လူရွယ်များအတွက် သိစရာ၊ သင်စရာများက များလှပါသည်။ ကျောင်းသင်ပညာရေးကလည်းအမျိုးမျိုး။ ကျောင်းပြင်ပ ပညာရေးကလည်း အဖုံဖုံ။ သင်ကြားသင်ယူမှုနည်းစနစ်ကလည်း အသွယ်သွယ်။ ရန်ကုန်သင်းလျက် ရောင်စုံဝေဆာဖူးပွင့်နေသော ပညာဥယျာဉ်တွင်းသို့ အားလုံးရောက်ရှိနေကြသည်ဟု ဆိုနိုင်ပါလိမ့်မည်။ လက်လှမ်းမီရာ၊ စိတ်ဝင်စားစရာ၊ မိမိနှင့်အရာရာကိုက်ညီမည့်ပန်းကို ရွေးချယ်ခူးဆွတ်ပန်ဆင်ကြရန်ဖြစ်ပါသည်။ ပညာသင်ယူမည့်သူနှင့် မိဘများက အသိ၊ သတိယှဉ်လျက် ကြိုးပမ်းကြရပါလိမ့်မည်။ အနိမ့်အမြင့်၊ အကွာအဝေး၊ ခြားနားမှုများကမူ ရှိစမြဲပင်။

ဆရာအောင်သင်းက အောင်မြင်ကြီးပွားသူတို့၏ ဘဝများကို ထိုက်သင့်သလောက် လေ့လာခဲ့သည်ဟု ဆိုပါသည်။ အခွင့်အရေးကောင်းကို ရလိုက်သဖြင့် ကြီးပွားသည်ဟုထင်စရာရှိသော်လည်း ထိုအခွင့်အရေးနှင့်ထိုက်တန်သော ကြိုးစားအားထုတ်မှုက အောင်မြင်မှုလမ်းကြောင်းပေါ်သို့ အရောက်ပို့လိုက်ခြင်းဖြစ်သည်ဟူ၍လည်း ဆိုပါသည်။ တိုက်ဆိုင်မှုရှိ၍ ဆင့်ကဲဖြစ်စဉ်ဘာသာရပ်တွင် သက်ရှိအပင်နှင့်သတ္တဝါများ အသက်ရှင်ရန်၊ အသက်ရှည်ရန်၊ မျိုးဆက်တည်တံ့ရန် ကိုယ်စီကိုယ်စီ ကြိုးပမ်းအားထုတ်ကြရသည်ဟူ၍ပါရှိပါသည်။ ထိုသဘောတရားကို "ထိုက်သူတန်သူ ဘဝထူ"ဟူ၍ ဆင့်ကဲဖြစ်စဉ်စာအုပ်ကို မြန်မာဘာသာဖြင့်ပြုစုခဲ့သူ ဆရာဦးစိုးသူ(သတ္တဗေဒပညာရှင်)က ပြန်ဆိုရေးသားခဲ့ပါသည်။ မိမိတို့ဘဝကို တည်ဆောက်ရန် ထိုက်တန်သောနေရာတစ်နေရာရရှိရန် ကြိုးစားကြရမည်ဟု သဘောပေါက်ပါသည်။ အတတ်ပညာ၊ အသိပညာနှစ်မျိုးရှိရာတွင် ဘယ်ပညာမဆို ကျွမ်းကျင်ပိုင်နိုင်လျှင်ဖြင့် လှပသောဘဝကို တည်ဆောက်နိုင်ကြမည်မှာ မလွဲပါ။ လမ်းထိပ်ကဘုံဆိုင်တွင် အချိန်ဖြုန်းနေခဲ့ကြသူများမဟုတ်ပါမှ ဘဝလမ်းလျှောက်ရာတွင် အစလမ်းပျောက်သူများ ဖြစ်ကြပါလိမ့်မည်။

> ❖ လျှာဒဏ်ရာကြောင့် ပျက်စီးတတ်သောသဘောကိုလည်း အောက်ပါအတိုင်း သာဓကဆောင်ပါသည်။ ဓားကြောင့်ခန္ဓာကိုယ်တွင် ရလိုက်သောဒဏ်ရာကို ကုစား၍ရနိုင်စကောင်းသော်လည်း စိတ်တွင် ရလိုက်သော လျှာဒဏ်ရာကိုကုစားနိုင်ရန် အလွန့်အလွန်ပင် ခက်လှပါပေသည်။ "ကျွန်မရဲ့သားက ရာရာစစ"ဟူသောစကားလေးကြောင့် "ဘုရားမျိုးဓားထိုးသတ်မည်"ဟူသောသန္နိဋ္ဌာန်ဖြင့် သာကီဝင်ဟူသမျှကို ရက်ရက်စက်စက်လိုက်သတ်ခဲ့သော ဝိဋဋူဘမင်းသားအဖြစ်ကိုလည်း သတိရလိုက်ပါသေးသည်။ စိတ်တွင်ရသွားသော "လျှာဒဏ်ရာ၏ အကျိုးဆက်ဖြစ်ပါပေတော့သည်"။ ❖

ဆရာအောင်သင်းက စာရေးဆရာပါရဂူနှင့် ဘာမင်ဂမ်ဆရာတော် ဒေါက်တာရေဝတတို့ကို အင်တာဗျူးလုပ်ခဲ့သည်ဟုဆိုပါသည်။ ဆရာအောင်သင်းကိုယ်တိုင် မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးနှင့်အဆင့်(၁)က အောင်ခဲ့သူဖြစ်သည်။ မြန်မာစာပေလောကတွင် ထင်ရှားသူတစ်ဦးလည်းဖြစ်သည်။ တက္ကသိုလ်ဆရာအဖြစ် နှစ်ပေါင်းများစွာအမှုထမ်းခဲ့ပြီး တပည့်များစွာမွေးထုတ်ပေးခဲ့သူဖြစ်သည်။ စာအုပ်ပေါင်းများစွာကို ရေးသားထုတ်ဝေခဲ့သူလည်းဖြစ်နေပြန်သည်။ ဆရာအောင်သင်း ကွယ်လွန်သွားသော်လည်း ဆရာ၏စာအုပ်များက ဖတ်ရှုသူများနေဆဲ။ ဆရာဟောခဲ့၊ ပြောခဲ့သော လူငယ်လမ်းညွှန်ဟောပြောမှုများကလည်း ဆက်သွယ်ရေးနည်းပညာများကြောင့် ပျံ့နှံ့နေဆဲပင်။ သို့သော် ဆရာပါရဂူနှင့် ယှဉ်ပြောရလျှင် ရှက်စရာအားနာစရာကောင်းနေသေးတော့သည်ဟူ၍ ဆရာအောင်သင်းကဆိုပြန်ရာ ဆရာအောင်သင်း၏နှိမ့်ချတတ်သောစိတ်၊ ပို၍ကြီးမြင့်သူ၊ အားထုတ်နိုင်သူကို လေးစားစိတ်၊ တန်ဖိုးထားစိတ်များက ပေါ်လွင်လျက်ရှိပါသည်။

ဆရာအင်တာဗျူးလုပ်ခဲ့သူနှစ်ဦးစလုံး၏ ငယ်ဘဝများမှာ ကြမ်းတမ်းလှသည်။ ပင်ပန်းလှသည်။ သို့သော် ဆရာအောင်သင်း သတိပြုမိသည့်အချက်မှာ "သူတို့က ပစ္စုပ္ပန်ကိုသာ အာရုံစိုက်ကြသည်။ အနာဂတ်ဆိုတာတွေကို သာမန်လောက်သာ သဘောထားလိုက်ကြသည်။ အခွင့်အရေးတွေက သူတို့တံခါးကို မကြာခဏလာခေါက်သည်။ ခေါက်လိုက်တိုင်းပင် အသင့်ဖွင့်ပေးလိုက်နိုင်ကြသည်။ သူတို့က အမြဲအသင့်ဖြစ်နေသောကြောင့် အောင်မြင်ကြရသည်"ဟုမှတ်ချက်ပြုပါသည်။ ဟေးလားဝါးလားသမားများ မဟုတ်သောကြောင့်ဟုလည်း ထပ်ဆင့်ဆိုပါသည်။

ရက်ရာဇာဟူသည်နေ့တိုင်းဖြစ်သည်ဟု အချို့ရှေးလူကြီးများက ဆိုလေ့ရှိပါသည်။ အလုပ်ကို ဖင့်နွှဲလေးကန်ခြင်းမရှိစေရန်၊ ဆိုင်းငံ့မထားရန်၊ နေ့ရွှေ့လရွှေ့မလုပ်ရန် ဆိုဆုံးမခြင်းဖြစ်ပါလိမ့်မည်။ လက်ရှိအနေအထား၊ လက်ရှိပတ်ဝန်းကျင်နှင့် လက်ရှိဘဝကို ယုံကြည်စွာ၊ သေချာစွာစူးစမ်းလျက် ပစ္စုပ္ပန်ကို အလေးထားလုပ်ဆောင်ရန်သာဖြစ်ပါသည်။ ဆရာအောင်သင်းက "ပစ္စုပ္ပန်ဆိုတာကလည်း လောကီကြီးပွားမှုအတွက်သာမက နိဗ္ဗာန်ရောက်ကြောင်းမှာလည်း ပစ္စုပ္ပန်အဆက်ဆက်ကသာလျှင် အရေးကြီးသည်ဟု ဆရာတော်ကြီးများက မကြာခဏဆုံးမတော်မူကြကြောင်း စာဖတ်သူသိပြီးဖြစ်ပါသည်"ဟူ၍ အဆုံးသတ်ထားပါသည်။ လိုက်နာသင့်သောအချက်ဟု ယုံကြည်မိပါသည်။

"လျှာ"အမည်ဖြင့် ဆောင်းပါးတစ်ပုဒ်မှာလည်း ဆရာအောင်သင်း၏သူ့အမြင်ကိုယ့်အမြင်စာအုပ်တွင် ပါဝင်ပါသည်။ ဂရိဒဿနပညာရှင် ပိုက်သာဂိုးရပ်စ် (၅၈၂-၅၀၀ ဘီစီ)၏ အဆိုအမိန့်ကို ဘာသာပြန်လျက် ဆွေးနွေးထားပါသည်။ "လျှာဒဏ်ရာသည် ဓားဒဏ်ရာထက်ဆိုးသည်။ ဓားဒဏ်ရာသည် ခန္ဓာကိုယ်ကို ထိပါး၍ လျှာဒဏ်ရာက စိတ်ကိုထိပါးသောကြောင့်ဖြစ်သည်" ဆရာအောင်သင်း၏ ဘာသာပြန်ဆိုမှုဖြစ်ပါသည်။ မြန်မာဆိုရိုးစကားတွင် "နှုတ်ကြောင့်သေ လက်ကြောင့်ကြေ"ဟူ၍ ရှိပါသည်။ သဘောချင်းဆင်တူသည်ဟု ဆိုနိုင်ပါလိမ့်မည်။

"အရသာ လျှာကသိသည်"ဟူသော စကားလည်းရှိပါသည်။ ဆရာအောင်သင်းက လျှာကိုဖွင့်ဆိုရာတွင် "လျှာသည် အလွန်အလုပ်များသော ပစ္စည်းတစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။ လျှာကိုသုံး၍စကားပြောရသည်။ အရသာကိုသိရသည်။ စားကြသောက်ကြပြီဆိုလျှင် လျှာဖြင့်အရသာကို ခံယူရုံမျှသာမဟုတ်၊ ဝါးရကြိတ်ရမည့် စားစရာတို့ကိုလည်း သက်ဆိုင်ရာသွားများဆီသို့ ရောက်အောင်ပို့ပေးရသည်။ မျိုချလို့ရအောင်လည်း လုံးထွေးပေးရသေးသည်"ဟူ၍ မိတ်ဆက်ထားပါသည်။ ဆရာကလျှာအကြောင်းကို တော်တော်များများ ပြောလိုက်သဖြင့် ဆရာကြီးပိုက်သာဂိုးရပ်စ်၏အဆိုအမိန့်ကို တင်ပြရန် ပြောနေရင်း "လျှာချောင်"မိသဖြင့် "လျှာချော်"သွားသည်ကို ခွင့်လွှတ်ပါရန်လည်း တောင်းပန်ထားပါသေးသည်။ မြန်မာစာဆရာမို့သာ "လျှာချော်" ဆိုသောစာလုံးအတွဲအစပ်ကို ထိထိမိမိသုံးသွားသည်ဟု ထင်မိပါသည်။ "အာချောင် လျှာချောင်"ဟူသော စကားကမူ အသုံးတွင်ကျယ်လျက်ရှိသည်ဟု မှတ်သားမိပါသည်။

လျှာဒဏ်ရာကြောင့် ပျက်စီးတတ်သောသဘောကိုလည်း အောက်ပါအတိုင်း သာဓကဆောင်ပါသည်။ ဓားကြောင့်ခန္ဓာကိုယ်တွင် ရလိုက်သောဒဏ်ရာကို ကုစား၍ရနိုင်စကောင်းသော်လည်း စိတ်တွင်ရလိုက်သော လျှာဒဏ်ရာကို ကုစားနိုင်ရန် အလွန့်အလွန်ပင် ခက်လှပါပေသည်။ "ကျွန်မရဲ့သားက ရာရာစစ"ဟူသောစကားလေးကြောင့် "ဘုရားမျိုးဓားထိုးသတ်မည်" ဟူသောသန္နိဋ္ဌာန်ဖြင့် သာကီဝင်ဟူသမျှကို ရက်ရက်စက်စက်လိုက်သတ်ခဲ့သော ဝိဋဋူဘမင်းသားအဖြစ်ကိုလည်း သတိရလိုက်ပါသေးသည်။ စိတ်တွင်ရသွားသော "လျှာဒဏ်ရာ၏ အကျိုးဆက်ဖြစ်ပါပေတော့သည်"။ အများသိဗုဒ္ဓဝင်လာအကြောင်းအရာဖြစ်၍ သင်ခန်းစာယူသင့်ပါသည်။

စကားစကား ပြောဖန်များ စကားထဲက ဇာတိပြ ဟူသောမြန်မာဆိုရိုးစကားရှိသည်။ စိတ်တွင်ပေါ်လာသမျှ နှုတ်ကပြောတတ်ကြောင်းလည်း သိကြပါသည်။ ကိုယ်အမှုအရာ၊ နှုတ်အမှုအရာဟူ၍လည်း ဆိုတတ်ပြန်ပါသည်။ ဆရာအောင်သင်းက မျှဝေထားသည်မှာ "လျှာကိုထိန်းကျောင်းပေးနိုင်သည်မှာ မေတ္တာတရားပင်ဖြစ်ပါလေတော့သည်။ မေတ္တာတရား နည်းပါးလျှင် မာနက ထောင်လွှားလာတတ်ပါချေသည်။ မာနပေါ်လာလိုက်လျှင် ဒေါသက ပါလာတော့သည်။ ဒေါသပါလာလျှင် လျှာအထိန်းအကွပ်မရှိဘဲ ပြောမိပြောရာ ပြောပစ်လိုက်တတ်သည်။ ကျွန်တော်တို့သည် မေတ္တာတရားကို ထာဝရထားနိုင်ကြသူများမဟုတ်ကြပါ။ မာနရှိကြသည်။ ဒေါသရှိကြသည်။ မာနနှင့်ဒေါသကို ထိန်းနိုင်သည်မှာ သတိသာလျှင်ဖြစ်ပါပေတော့သည်"ဟု အဆုံးသတ်ထားပါသည်။ မေတ္တာတရားလွှမ်းခြုံလျက် လျှာကိုသတိဖြင့်သုံးကြရန်မှာ အထူးလိုအပ်ချက်ဖြစ်ပါကြောင်း ထင်မြင်မိပါသတည်း။

**ကိုးကား**

**– အောင်သင်း သူ့အတွေးကိုယ့်အမြင်**
**ခွန်ပွင့်စာအုပ်တိုက်(၂၀၀၈)**

---

# မိုင်းခတ်မြို့နယ် ပန်နော်လောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းခတ် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းကာ(အရှေ့)အုပ်စု ပန်နော်လောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့နှင့်အတူ ပန်နော်လောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ

ပန်နော်လောင်းကျေးရွာ၌ မြစိမ်းဖြင့် စိုက်ပျိုးရေးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာ ရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၃၉ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၅ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အေးသူ**

# စနေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ အဲဗာတန်အသင်း၊ ကက်ဂလီယာရီအသင်း၊ ဆိုစီဒက်အသင်းတို့ကို ရွေးချယ်ရမှာပါ




လာမဲ့ စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာ အသင်းကြီး ထိပ်တိုက်တွေ့ဆုံမှုမရှိပေမဲ့ ခြေရည်တူအသင်းတွေနဲ့ ရမှတ်လိုအပ်ချက်ရှိနေတဲ့အသင်းတွေ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမှာသေချာပါတယ်။ ကြားရက်မှာ ဥရောပပြိုင်ပွဲတွေရှိခဲ့တာကြောင့် ဥရောပပွဲကစားရတဲ့အသင်းတွေကို သတိထားရွေးချယ်ရမှာဖြစ်သလို ဒဏ်ရာရမှုတွေ၊ ပွဲပန်းမှုတွေကိုလဲ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။ လာမဲ့စနေနေ့ညမှာတော့ ကြားရက်မှာအနားရထားတဲ့ အသင်းတွေထဲက တိုက်စစ်ကစားပုံထက်မြက်ပြီး အသင်းလိုက်ကစားအားကောင်းနေတဲ့ အသင်းတွေကိုသာ ဦးစားပေးရွေးချယ်သွားမှာပါ။

### အဲဗာတန်အသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ပဲလေ့စ်အသင်းနဲ့ အဲဗာတန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပဲလေ့စ်အသင်းဟာ ဘန်လေကိုအဝေးကွင်းကနေ နှစ်ဂိုးပြတ်အနိုင်ရခဲ့တဲ့ပွဲစဉ်မှာ နည်းစနစ်ပိုင်းက ကောင်းမွန်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲ ငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်က လေးဂိုးသာသွင်းယူခဲ့ပေမဲ့ ခံစစ်ကခြောက်ဂိုးထိခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးဇယားမှာတော့ ၁၁ ပွဲကစားအပြီး ရမှတ် ၁၅ မှတ်နဲ့ အဆင့်(၁၁)မှာရောက်ရှိနေတာကိုတွေ့ရမှာပါ။ နည်းပြဟော့ဆန်ရဲ့ တိုက်စစ်ပိုင်းမှာတော့ အီဒိုအာ့ကဦးဆောင်နေပြီး သွင်းဂိုးလေးဂိုးနဲ့ ဂိုးသွင်းအများဆုံးဖြစ်နေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းရဲ့ အိမ်ကွင်းတိုက်စစ်ပိုင်းဟာ အားရစရာမကောင်းဘဲ အသင်းငယ်တွေကိုတောင် ဂိုးသွင်းဖို့ ခက်နေတာကြောင့် အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းထက်မြက်လာတဲ့ အဲဗာတန်ကိုကျော်ဖြတ်ဖို့ ရုန်းကန်ရမှာပါ။

အဲဗာတန်အသင်းဟာ အမှတ်ပေးပွဲစဉ် ငါးပွဲထိနိုင်ပွဲမရခဲ့ဘဲ ရုန်းကန်ခဲ့ရပေမဲ့ တိုက်စစ်မှူး ကယ်ဘက်လေဝင် ပြန်လည်ပါဝင်ပြီးနောက်ပိုင်း တိုက်စစ်ပိုင်းကောင်းမွန်လာတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းခဲ့တာကိုတွေ့ရမှာပါ။ အဲဒီနောက်ပိုင်းပွဲစဉ်တွေမှာတော့ လီဗာပူးနဲ့ လူတန်ကို ရှုံးနိမ့်တာကလွဲရင် ကျန်ပွဲစဉ်တွေကိုရလဒ်ကောင်းရခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် ဒိုကိုရေးကလဲတိုက်စစ်နဲ့ ကွင်းလယ်ကို အကောင်းဆုံးချိတ်ဆက်ပေးပြီး ကယ်ဘက်လေဝင် ဂိုးသွင်းနိုင်ဖို့ နေရာလွတ်တွေ ဖန်တီးပေးနိုင်ခဲ့တာကိုသတိပြုရမှာပါ။ အဲဗာတန်ဟာ နောက်ပိုင်းမှာရလဒ်ကောင်းခဲ့တာကြောင့် ၁၁ ပွဲကစားအပြီး ရမှတ် ၁၁ မှတ်နဲ့ အဆင့်(၁၆)ထိတက်ရောက်နိုင်ခဲ့ပေမဲ့ တန်းဆင်းဇုန်ကအသင်းနဲ့ ရမှတ်ငါးမှတ်သာကွာဟနေတာဖြစ်ပါတယ်။ သူတို့နှစ်သင်း ပြီးခဲ့တဲ့နှစ် အမှတ်ပေးပြိုင်ပွဲတွေ့ဆုံမှုမှာ အဲဗာတန်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ အသာရခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ နည်းပြနှစ်ယောက်ဟာ ခံစစ်အသားပေးကစားနေတဲ့ နည်းပြတွေဖြစ်ပေမဲ့ တိုက်စစ်ကစားပုံနဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာ အဲဗာတန်ကပိုကောင်းနေတာကြောင့် အဲဗာတန်အသင်းနဲ့ လက်တွဲရမှာပါ။

### ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်ယူ | ၀ | - | ၁ | ပဲလေ့စ် |
| ပဲလေ့စ် | ၀ | - | ၀ | နော်တင်ဟမ် |
| နယူးကာဆယ် | ၄ | - | ၀ | ပဲလေ့စ် |
| ပဲလေ့စ် | ၁ | - | ၂ | စပါး |
| ဘန်လေ | ၀ | - | ၂ | ပဲလေ့စ် |

### အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၃ | - | ၀ | ဘုန်းမောက် |
| လီဗာပူး | ၂ | - | ၀ | အဲဗာတန် |
| ဝက်စ်ဟမ်း | ၀ | - | ၁ | အဲဗာတန် |
| အဲဗာတန် | ၃ | - | ၀ | ဘန်လေ |
| အဲဗာတန် | ၁ | - | ၁ | ဘရိုက်တန် |

### ကက်ဂလီယာရီအသင်းကို အားပေးရမှာပါ

စီးရီးအေအမှတ်ပေးပွဲစဉ်(၁၂)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဂျူဗင်တပ်အသင်းနဲ့ ကက်ဂလီယာရီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ အခုရာသီမှာ ဥရောပပြိုင်ပွဲကစားခွင့်မရတာကြောင့် အမှတ်ပေးပြိုင်ပွဲကိုသာ အာရုံစိုက်ကစားနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲစဉ် ၁၁ ပွဲကစားအပြီးမှာ ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲသာရှုံးခဲ့ပြီး ရမှတ် ၂၆ မှတ်နဲ့ အဆင့်(၂)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲအိမ်ကွင်းငါးပွဲမှာ ဘိုလော့နာကိုသရေ၊ လာဇီယိုကို သုံးဂိုးတစ်ဂိုး၊ လက်ချီကိုတစ်ဂိုး ဂိုးမရှိ၊ တိုရီနိုကို နှစ်ဂိုးဂိုးမရှိ၊ ဗီရိုနာကိုတစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့ပေမဲ့ အဲဒီပွဲစဉ်တွေမှာခြေစွမ်းပိုင်းအားနည်းတဲ့ အသင်းငယ်တွေနဲ့သာ ကစားခဲ့ရတာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလဲတိုက်စစ်မှူး ဗလာဟိုဗစ်နဲ့ မိုက်ကိန်းတို့ ဂိုးသွင်းဖို့ ရုန်းကန်ခဲ့ရတာကြောင့် တိုက်စစ်က ငါးဂိုးသာရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ ခံစစ်ကဒန်နီလို၊ ကွင်းလယ်ကရာဘီယို့စ်နဲ့ ဝီယာတို့ ဒဏ်ရာရနေတာကြောင့် အခုပွဲစဉ်မှာခြေစွမ်းထက်မြက်လာတဲ့ ကက်ဂလီယာရီကို ဂိုးပြတ်နိုင်ဖို့ မလွယ်ပါဘူး။

ကက်ဂလီယာရီအသင်းဟာ လက်ရှိအမှတ်ပေးဇယား အဆင့်(၁၁)မှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ ရမှတ်ကိုးမှတ်သာ ရရှိသေးတာကြောင့် ရမှတ်ကိုးမှတ်နဲ့ အဆင့်(၁၇)မှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပွဲစဉ်(၈)ထိ နိုင်ပွဲမရခဲ့တာကြောင့် တန်းဆင်းဇုန်ထဲရောက်ရှိခဲ့ပေမဲ့ နည်းပြရာနီရေးနီရဲ့ နည်းစနစ်ပိုင်းကောင်းမွန်ခဲ့တာကြောင့် ရလဒ်ပိုင်းတိုးတက်လာခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ ဆလာနီတာနာ၊ ဖရိုစီဝမ်း၊ အူဒီးနီးစ်၊ ဂျီနိုအာလို အသင်းတွေကို နိုင်ပွဲရရှိအောင် ကစားနိုင်ခဲ့ပြီး ကစားသမားတွေကို ယုံကြည်မှုကောင်းမွန်အောင် တည်ဆောက်နိုင်တာကိုတွေ့ရမှာပါ။ နည်းပြရာနီရေးနီရဲ့ ၄-၃-၂-၁ ကစားကွက်ဟာ ခံစစ်၊ တိုက်စစ်မျှတပေမဲ့ ဂျူဗင်တပ်လို ကစားအားကောင်းတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ အခက်အခဲရှိမှာသေချာနေပေမဲ့ ဂိုးပြတ်မရှုံးနိမ့်အောင်တော့ ပြင်ဆင်လာမှာသေချာပါတယ်။ လက်ရှိမှာလဲ ဂျူဗင်တပ်အသင်းတိုက်စစ်ကစားအားကျဆင်းနေတဲ့အချိန်ဖြစ်နေသလို ကက်ဂလီယာရီကလဲ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ အခြေအနေတွေကြောင့် ဂိုးပြတ်မရှုံးမဲ့ ကက်ဂလီယာရီအသင်းကို အားပေးရမှာပါ။

### ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၀ | - | ၀ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ | - | ၀ | တိုရီနို |
| အေစီမီလန် | ၀ | - | ၁ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၁ | - | ၀ | ဗီရိုနာ |
| ဖီအိုရင်တီးနား | ၀ | - | ၁ | ဂျူဗင်တပ် |

### ကက်ဂလီယာရီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကာဘိုနီယာ | ၁ | - | ၄ | ကက်ဂလီယာရီ |
| ဆလာနီတာနာ | ၂ | - | ၂ | ကက်ဂလီယာရီ |
| ကက်ဂလီယာရီ | ၄ | - | ၃ | ဖရိုစီဝမ်း |
| အူဒီးနီးစ် | ၁ | - | ၂ | ကက်ဂလီယာရီ |
| ကက်ဂလီယာရီ | ၂ | - | ၁ | ဂျီနိုအာ |

### ဆိုစီဒက်အသင်း အနိုင်ရမှာပါ

စနေနေ့ညကစားမဲ့ လာလီဂါအမှတ်ပေးပွဲစဉ်ထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အယ်မာရီယာနဲ့ ဆိုစီဒက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အယ်မာရီယာအသင်းဟာ အမှတ်ပေးပွဲ ၁၂ ပွဲ ကစားအပြီးမှာ သုံးပွဲသရေ၊ ကိုးပွဲရှုံးနဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာ ရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီအစမှာနည်းပြမိုရီနိုနဲ့ လက်တွဲခဲ့ပေမဲ့ နိုင်ပွဲမရခဲ့တာကြောင့် ပြီးခဲ့တဲ့ အောက်တိုဘာလမှာ နည်းပြဂါရီတာနိုကို ပြောင်းလဲခန့်အပ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ နည်းပြဂါရီတာနိုဟာ ခံစစ်အားပြုပြီး ရမှတ်ရဖို့ကြိုးစားနေတာကို တွေ့ရပေမဲ့ ခံစစ်ကစားသမားတွေအနေနဲ့တစ်ယောက်ချင်း စွမ်းဆောင်ရည်ပိုင်းကျဆင်းနေသလို ပွဲချိန်ကြာလာတာနဲ့ အမှားများခဲ့တာကြောင့် ရလဒ်ကောင်းဖို့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ လက်ရှိမှာလဲအသင်းရဲ့ ဂိုးသွင်းအများဆုံးတိုက်စစ်မှူး ဆွာရက်ဇ်ဒဏ်ရာရနေတာကြောင့် အသင်းတိုက်စစ်ပိုင်းမှာ လိုအပ်ချက်ရှိနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာလဲ အဘက်ဘက်က ကျဆင်းနေတဲ့ သူတို့အသင်းအနေနဲ့ ဆိုစီဒက်တိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ဟန့်တားဖို့ ခက်ခဲအုံးမှာဖြစ်ပါတယ်။

ဆိုစီဒက်အသင်းဟာ ပြီးခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲမှာ လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းနဲ့ ပွဲကျပ်ကစားခဲ့ရတာကြောင့် တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ လာမဲ့ပွဲစဉ်မှာ အမှတ်ပေးဇယားအဆင့်(၆)က ဘက်တစ်ကဆီဗီလာ၊ အဆင့်(၅)က ဘီလ်ဘာအိုကဆဲလ်တာဗီဂိုတို့နဲ့ ပွဲကျပ်ကစားရမှာဖြစ်လို့ ဆိုစီဒက်အနေနဲ့ အခုပွဲစဉ်ကို နိုင်ပွဲရခဲ့ရင် အဆင့်(၅)တက်ရောက်နိုင်မဲ့ အခွင့်အရေးရှိနေတာဖြစ်ပါတယ်။ လက်ရှိ အသင်းတိုက်စစ်ကိုတော့ အိုရာဇာဘယ်၊ ကူဘိုတို့က ဦးဆောင်နေပြီး အိုရာဇာဘယ်က ခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိကစားပုံကောင်းတဲ့ အသင်းတစ်သင်းဖြစ်သလို တိုက်စစ်ကလဲ နောက်ဆုံးငါးပွဲမှာ ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာလဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာလဲ ဆိုစီဒက်က နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး အယ်မာရီယာအသင်းရဲ့ ခံစစ်အားနည်းပုံကြောင့် နိုင်ပွဲပြန်ရှာရမဲ့ဆိုစီဒက်အသင်းပဲ အနိုင်ရမှာပါ။

### အယ်မာရီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၃ | - | ၀ | အယ်မာရီယာ |
| ဂျီရိုနာ | ၅ | - | ၂ | အယ်မာရီယာ |
| အယ်မာရီယာ | ၁ | - | ၂ | လက်ပါးမက် |
| ဒီလာရီနာ | ၀ | - | ၂ | အယ်မာရီယာ |
| အလာဗက် | ၁ | - | ၀ | အယ်မာရီယာ |

### ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၁ | - | ၀ | မာယော့ကာ |
| ဘင်ဖီကာ | ၀ | - | ၁ | ဆိုစီဒက် |
| ဗယ်လ်ကာနို | ၂ | - | ၂ | ဆိုစီဒက် |
| ဘူနို | ၀ | - | ၁ | ဆိုစီဒက် |
| ဆိုစီဒက် | ၀ | - | ၁ | ဘာစီလိုနာ |




# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်၊





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၃၀၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀


## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၂ လမ်း၊၈၉ လမ်း နှင့် လမ်း ၉၀ ကြားရှိ အိမ်အမှတ် (၄၁)နေ ဦးစိန်ဝင်း အမည်ပေါက် တယ်လီဖုန်းအမှတ် ၀၂-၄၀၆၅၂၉၄ ၏စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် မြန်မာ့ဆက်သွယ်ရေးရုံးတွင် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးစိန်ဝင်း(၉/မရမ(နိုင်)၀၄၅၁၃၉**

**09-2001149**

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်၊ အကွက်(၄၂)နေ မနှင်းအိမ့်ချယ်(ဘ)ဦးသူရဝင်း(၉/အမဇ(နိုင်)၀၆၇၄၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-668582) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၇၄၃၄၃၉၂၈**

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်၊ အကွက်(၄၂)နေ မောင်ခန့်စစ်ရဲရင့် (ဘ)ဦးသူရဝင်း(၉/အမဇ(နိုင်)၀၅၈၂၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-201888) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၇၄၃၄၃၉၂၈**

## ဥတု ရာသီ တောက်ပမှု

## အမည်ပြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ELC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်မြတ်သိန်း (၉/မရမ(နိုင်)၀၀၃၇၉၆)၏သမီး မသုထက်စံ အား မသုတဟန်နီထက် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မသုတဟန်နီထက်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်(၉၁)နေ မမိုးမြင့်စံ (၉/အမဇ(နိုင်)၀၅၅၆၂၉)၏ (ဖခင်) ဦးခင်ရွှေ(၉/မနမ(နိုင်)၀၇၂၁၁၅)နှင့် ဦးကံမြင့်၊ (မိခင်) ဒေါ်သီတာ(၁၂/ကမတ(နိုင်)၀၀၃၂၉၁)နှင့် ဒေါ်သီတာစန်း သည် တစ်ဦးတည်းဖြစ်ကြပါကြောင်း။ **ဦးခင်ရွှေ(ခ)ဦးကံမြင့်(၉/မနမ(နိုင်)၀၇၂၁၁၅)**

**ဒေါ်သီတာ(ခ)ဒေါ်သီတာစန်း(၁၂/ကမတ(နိုင်)၀၀၃၂၉၁)**

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်၊ အကွက်(၄၂)နေ ဒေါ်သီတာဝင်း(ဘ)ဦးညို (၉/မနမ(နိုင်)၁၁၅၁၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-760727) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၇၄၃၄၃၉၂၈**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး

## ဦးမြသောင်း

### အသက် (၈၁) နှစ်

မန္တလေးမြို့၊ ပြည်လုံးချမ်းသာရပ်ကွက်၊ ၁၄ လမ်း၊ ၈၀×၈၁ လမ်းကြားနေ (ဦးပန်ဆင်)+(ဒေါ်အုံးကြည်)တို့၏သား၊ ကိုလှမျိုးအောင်+မဥမ္မာသောင်း၊ ကိုကျော်ဇေယျ+မခိုင်မျိုးဝင်း၊ ကိုကျော်ဆန်းဝင်း+မမိုးမိုးခိုင်၊ ကိုသိုက်ထွန်း၊ ကိုနေအောင်ကျော်+မအိသူဇာနိုင် တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေး (၉)ယောက်တို့၏ အဘိုး၊ ဒေါ်ဝင်းဝင်း ၏ ချစ်လှစွာသောခင်ပွန်း **ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး ဦးမြသောင်း အသက် (၈၁)နှစ်** သည် ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၀)ရက်၊ 8-11-2023 (ဗုဒ္ဓဟူးနေ့)၊ ည (၈း၂၀)နာရီအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၂)ရက်၊ 10-11-2023 (သောကြာနေ့)၊ နံနက် (၁၁)နာရီအချိန်တွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရန်သူမီးဘေး တားဆီးရေး မနေ့းဆောင်ရွက်ကြ

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ တပ်မတော်အနေနဲ့ မည်သည့်ခေတ်၊ မည်သည့် အစိုးရပင်ဖြစ်စေ "ပြည်သူသာအမိ၊ ပြည်သူသာ အဖ"လို့ ခံယူပြီး နိုင်ငံတော်ကို ပါတီစုံစနစ်ပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်နိုင်ဖို့အတွက် ထိန်းသိမ်းစောင့် ရှောက်ပေးသူနဲ့ ပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ(Guardian)အဖြစ် အစဉ်အမြဲ ဆက်လက်တည်ရှိနေမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင်ကျင်းပသော (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားၣ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များၣ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# မြန်မာရော်ဘာဖိုရမ်-၂၀၂၃ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် နိုဝင်ဘာ ၉**

မြန်မာရော်ဘာဖိုရမ်-၂၀၂၃ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC–II)ၣ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေးဦးစီးဌာန မြန်မာ့ရော်ဘာစိုက်ပျိုးမှုဆိုင်ရာ ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။